
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




www.burmeseclassic.com

www.burmeseclassic.com

စုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဦးအောင်မြင့်၊
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
အောင်မြင်ပုံနှိပ်တိုက်။
ဖြန့်ချိရေး
အောင်မြင်စာပေ၊ပထမအကြိမ် - ၂၀၁၃ ခုနှစ်၊ (ဩဂုတ်လ)၊ အုပ်ရေ(၅၀၀)။

၈၉၅.၈၃
ဝိဇ္ဇာ
မိုင်တိုင် 007/ဝိဇ္ဇာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃။
၁၆၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဝိဇ္ဇာ







# အခန်း(၁)

ဧဒွိဦးလေပြည်တို့သည် တောပန်းရနံ့တွေကို သယ်ဆောင်လာလျက် အပျိုဘော်ဝင်စ မိန်းကလေးတစ်ယောက် ညင်းသွဲ့သွဲ့ရယ်သလို ခပ်ဖြည်းဖြည်းလေး တိုက်ခတ်နေသည်။

လိမ္မော်ရင့်ရောင် ရှင်နေမင်းကတော့ ရှိုးပိုင်းမှာ စပိတ်တစ်ရထားသော လူတစ်ယောက်၏ ခပ်မိန့်မိန့် မျက်နှာလို ရုပ်တည်ကြီးနှင့် မညှာမတာ အပူဓါတ်တွေ လွှန်ကဲခိုင်းနေ၏။

ညနေခင်းသုံးနာရီခန့်အချိန်တွင် ကျောပိုးအိတ် ကိုယ်စီလွယ်ကာ ပင်ပန်းနွမ်းနွယ်စွာ လျှောက်လှမ်းနေသော သူငယ်ချင်းသုံးဦး



www.burmeseclassic.com

www.burmeseclassic.com



ကျနေ၏အပူရှိန်ကို အံတုရင်း တောလမ်းလေးအတိုင်း စမ်းတဝါးဝါး လျှောက်နေကြရသည်။

ရိုးတွေကို တစ်ခုပြီးတစ်ခု ကျော်ဖြတ်လာခဲ့သည့်တိုင် ဘောဂ ရွာလေးကို ခပ်ရေးရေးတောင် လှမ်းမမြင်ရသေး။

"မြတ်သော. . မင်းဘိုးအေရဲ့ရွာက ဒီနေ့ရော ရောက်ပါဦးမ လားကွာ၊ မင်းပြောတော့ ရွာဘက်ကိုသွားတဲ့လမ်းတွေကို ငါအကုန် မှတ်မိပါတယ်ဆို"

လင်းခိုင် သူ့ကျောပိုးအိတ်ကို ပခုံးမှ ဆွဲဖြုတ်ကာ အရိပ်ကောင်း သော အင်ကြင်းပင်ကြီး၏ မြေတလင်းလေးပေါ် ဖုတ်ကနဲ ပစ်ချပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ခြေသလုံး ကြွက်သားတွေ တောင့်တင်းကာ လူက လုံးဝမဟန် နိုင်တော့. . ခဏနားမှကို ဖြစ်မည်။

မြတ်သောနှင့်အောင်ကို ရှေ့မှဖွဲ့ကြီးကြီးလျှောက်နေရာမှ ဖွဲ့မ ရှိသော လင်းခိုင်ကို လှည့်ကြည့်ပြီး ပြုံးတူမဲ့လိုက်ကြသည်။

"လင်းခိုင်ရာ မင်းကလည်း ယောကျ်ားဖြစ်ပြီး အဲလောက်ပျော့ ရလား. . ဟိုဘက်တစ်ပြလောက် ဆက်လျှောက်ရင် ရွာတွေဘာတွေကို တွေ့မှာပါကွ"

"ဒီမှာ ဟေ့ကောင်၊ မင်းတို့ ခြေသလုံးကြီးတိုင်း ငါ့ကို အပြတ် စွတ်မောင်းမနေနဲ့၊ ယောကျ်ားလည်း ပျော့ချိန်တန်ရင် ပျော့မှာပဲကွ၊ အမြဲတမ်း ဘယ်သူမှ မမာဘူး. . သဘောပေါက်လား"

မိန်းကလေးတစ်ယောက်လို ရန်စွယ်ပြန်ငေါနေသော လင်းခိုင် ၏ စကားကြောင့် အောင်ကို ခွီးခနဲ ရယ်လိုက်သည်။

"ဟေ့ကောင် ဘာရယ်တာလဲ"

"ဩော်. . မရယ်ပါဘူး၊ မင်းပြောတာကို သဘောကျလို့ပါ၊ မင်း လို ရည်းစားတွေ ဂရင်းနစ်စံချိန်တင်လောက်အောင် ထားနေတဲ့ကောင်





က ပျော့ချိန်ရှိသေးတယ် ဆိုလို့ပါ. . . အဟီး"

"ဟေ့ကောင် ဘာမှမဆိုင်တာ လာမပြောနဲ့၊ မြတ်သော မင်းမှာ ရေကျန်သေးလား. . ပေးစမ်းပါကွာ"

"မရှိတော့ဘူးလေ၊ စောစောက မင်းတောင်းသောက်လို့ပဲ ငါ့ မှာရှိတဲ့ ရေလက်ကျန်လေး ပေးလိုက်တဲ့ဟာ"

"ကျွတ်. . . ခွီးတဲ့မှပဲ လူသားအားလုံး ငြိမ်းချမ်းနေတဲ့ အချိန် ကျမှ ငါတို့သုံးယောက်ထဲ ကွက်ပြီး အငတ်ဘေးဆိုက်နေရတယ်လို့. . အကုသိုလ်ကလည်း ကြီးလိုက်တာကွာ၊ ရေဆာလွန်းလို့ အာခေါင်တွေ တောင် ကွဲထွက်တော့မယ်"

"ကိုယ့်တံတွေးကိုယ် မျိုချပေါ့ကွာ"

"အမ်. . ဟေ့ကောင် မြတ်သော၊ မင်းမို့ ဒီအကြံ ပေးရက်တယ် ကွာ၊ ငါ့မှာ ရေငတ်လွန်းလို့ တံတွေးတောင် မျိုချစရာ မကျန်တော့ဘူး၊ ငါတို့ဘဝတော့ ကူကယ်ရာမဲ့ပါပြီကွာ၊ ရေလေးတစ်ပေါက်တောင် တိုက် မဲ့လူမရှိအောင် လမ်းပျောက်နေကြတဲ့ ဒီငမိုက်သားသုံးကောင်ကို ဘယ် သူမှ လာမကယ်ကြတော့ဘူးလား၊ အောင်မလေးဗျ. . . ရေဆာလို့ အသက်ထွက်ရတော့မယ်ထင်တယ်၊

ဘုရား. . ဘုရား. . အိုး. . တောစောင့်နတ် တောင်စောင့် နတ်အပေါင်းတို့ အကျွန်ုပ် မောင်လင်းခိုင်သည် ချစ်သူတွေ သက်စေ့မ ကထားပြီး. . . ထိုချစ်သူတိုင်းကိုလည်း တာဝန်ကျေအောင် ချစ်ခြင်း မေတ္တာတွေ မျှဝေပေးခဲ့ပါသည်ဟု သစ္စာပြုပါသည်၊ ထို့အပြင် ကျွန်ုပ်၏ ရည်းစား တစ်ရာနှစ်ဆယ့်ရှစ်ယောက်ထဲက နောက်ဆုံးတစ်ယောက်ကို ဆန်ကာတင်ရွေးချယ်ပြီး ဘဝတစ်သက်စာအတွက် သားမှတ်မှတ် မယားမှတ်မှတ်နှင့် တစ်သက်လုံး ရိုးမြေကျ ပေါင်းသင်းသွားပါမည်ဟု လည်း စိတ်မှာရည်မှန်းထားခဲ့ပါသည်၊ သစ္စာလည်း ပြုပါသည်၊ ထိုသစ္စာ စကား မှန်ကန်ပါက လောကကြီးထဲမှ မိန်းကလေးတွေကို အချစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာတွေ ဖြန့်ဝေပေးနေသောကျွန်ုပ်အား လမ်းပျောက်နေရာမှ လမ်းမှန်ပေါ်သို့ ခေါ်ဆောင်တော်မူပြီး ရေအဝတိုက်မယ့် အလှူရှင် အမြန်ဆုံး ပေါ်ပါစေသား”

လင်းခိုင် စိတ်ပေါက်ပေါက်နှင့် တောစောင့်နတ် တောင်စောင့်နတ်တွေကို သစ္စာဆိုကာ တိုင်တည်ဖမ်းချိတ်လိုက်သည်။







လူက ခြေကုန်လက်ပန်းကျကာ မောဟိုက်နေသည့်ကြားထဲမှ မြတ်သောနှင့်အောင်ကို ရယ်ဖြစ်ကြသေးသည်။

အထက်တန်းကျောင်းကတည်းက ရည်းစားတွေ မှိုလိုပေါက်အောင် ထားခဲ့သည့်ကောင်က ဒီလိုလူပြတ်သည့် တောလမ်းတစ်နေရာမှာ သူ့ဘဝအစိတ်အပိုင်းထဲက အမှန်တရားတစ်ခုကို မဏ္ဍပ်တိုင်တက် သစ္စာဆိုနိုင်သေး၏။

“အေးပါကွာ၊ မင်း ဆုတောင်းပြည့်တော့မှာပါကွ၊ ဟိုးမှာ . . စက်ရုံလား ဘာလား . . အဆောက်အအုံတစ်ခုကို မြင်နေရတယ် တွေ့လား၊ အဲဒီမှာ လူတော့ရှိလောက်မှာပါကွာ”

“လူမရှိတဲ့ စက်ရုံအဟောင်း ဂိုဒေါင်ပျက်ကြီးဆိုရင် ငါတို့သွားတာ သွားမောကြီး ဖြစ်နေပါဦးမယ်ကွာ၊ ကျိန်းသေတဲ့လမ်းကိုပဲ သွားစမ်းပါ”

အောင်ကိုနှင့် မြတ်သောက ထိုအဆောက်အအုံဆီသို့ သွားဖို့ စိတ်တက်ကြွနေသလောက် လင်းခိုင်က စစ်မရောက်ခင် မြားကုန်ကာ တခြားလမ်းကို ရွေးဖို့ပြော၏။

သုံးယောက်ထဲမှာ စိတ်က နှစ်ခွဖြစ်နေကြသဖြင့် မြတ်သော စက်ရုံဘက်ကို သွားမည့်ခြေလှမ်းတွေ တုံ့နှေးသွားသည်။

“နေဦးကွာ၊ ဒွေးလေးကို ဖုန်းဆက်ကြည့်လိုက်ဦးမယ်”

မြတ်သော ဘောင်းဘီအိတ်ထဲမှ ဖုန်းကို နှိုက်ယူလိုက်ပြီး ဒွေးလေး ဒေါ်ခင်ခင်ဦးဆီ ဖုန်းထပ်ခေါ်ကြည့်သည်။

ခေါ်သာခေါ်နေရသည် . . . ဖုန်းထဲမှာ လိုင်းက တစ်တိုင်မှကို မမိ။

“ဟာကွာ ခုချိန်ထိ လိုင်းက ပြန်တက်မလာသေးဘူး”

“အေးကွာ ငါတို့တော့ တိုင်ပတ်ပြီ၊ ဒီညတော့ ဒီတောစပ်မှာပဲ ဖြစ်သလို ကြုံသလို ဝင်ခွေနေရတော့မယ်ထင်တယ်ကွာ”



www.burmeseclassic.com

www.burmeseclassic.com



အောင်ကို ခပ်ညည်းညည်းဆိုကာ သက်ပြင်းကို ဟင်းခနဲ ချလိုက်သည်။

သူငယ်ချင်းတွေ စိတ်ပျက်အားလျော့နေကြတော့ မြတ်သော စိတ်မကောင်း ဖြစ်မိသည်။

ကိုယ့်အမှားကြောင့် သူငယ်ချင်းနှစ်ယောက် ခုလို ချွေးဒီးဒီးကျ ပင်ပန်းနေတာမြင်တော့ အားလည်းအားနာမိတာ အမှန်ပါ။ အဘိုး ရွာကို မြတ်သော ရောက်ဖူးသည့်အချိန်တုန်းက မြတ်သောအသက်က ဆယ့်တစ်နှစ်ပဲ ရှိသေးသည်။

စိတ်ထဲက ရွာကိုသွားသည့်လမ်းကို မှတ်မိနေသည်ကတစ်ကြောင်း၊ အဘိုးကို ဝမ်းသာစေချင်၍ ကြိုအကြောင်း မကြားထားသည် ကတစ်ကြောင်းမို့ ခုလိုလမ်းမှားပြီး ဝင်လာခြင်းဖြစ် သည်။

ဒွေးလေးကို ဖုန်းဆက်ပြောပြီး လူလွှတ်ခေါ်ခိုင်းဖို့ ကျပြန်တော့လည်း ဖုန်းလိုင်းတွေက လုံးဝကိုမမိ၊ ခုတော့ သူငယ်ချင်းသုံးယောက် ငုတ်တုတ်မေ့နေကြခြင်း ဖြစ်သည်။

"ဟာ. . ဟေ့ကောင်၊ ဟိုမှာ ရှဉ့်. . ရှဉ့်. ."

လင်းခိုင် ဖြတ်ပြေးသွားသော ရှဉ့်ကိုမြင်သည်နှင့် ရန်ကုန်သား ပီပီ အထူးအဆန်းဖြစ်ကာ ထအော်၏။ မြတ်သော လိုက်ကြည့်တော့ အပင်ကိုင်းဖျားတွေ ယိမ်းခါအောင် လှုပ်သွားသော မြို့တစ်ခုမှလွဲ၍ ဘာရှဉ့်မှကို မမြင်လိုက်ရ။

"ရှဉ့်မြင်တာပဲကွာ. . ရန်ကုန်က ကောင်မလေးလှလှတစ်ယောက် မြင်သလို ထခုန်ရသလားကွ ငတုံးရ"

အောင်ကို စိတ်ပျက်သော လေသံနှင့် ဝေဖန်လိုက်သည်။ လင်းခိုင်. . အောင်ကို့အား ဗဟုသုတနည်းရန်ကောဟူသော အကြည့်ဖြင့် ကြည့်ကာ. . .

"အဲဒါပဲ. . မင်းတို့ရန်ကုန်သားတွေဟာလေ၊ ရန်ကုန်က ကား





ရှုပ်ရှုပ် လူရှုပ်ရှုပ်လမ်းတွေကိုသာ အရိပ်အကဲ အခြေအနေကိုကြည့်ပြီး လမ်းဖြတ်ကူးရတဲ့ အလုပ်လေးပဲ တတ်ကြတာ၊ တောထဲရောက်ရင် တောရဲ့အခြေအနေကို အကဲခတ်၊ သဘာဝဘေးအန္တရာယ်ကို ကာကွယ်တွက်ချက်တတ်ပြီး၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်စောင့်ရှောက်တတ်ရမယ်ကွ၊ ဘယ်နေရာကိုသွားသွား စိတ်နဲ့သတိနဲ့ တစ်ထပ်တည်းကျအောင် လူက နိုးကြားနေရမယ်"

အောင်ကို မျက်နှာကို မသိမသာ မဲ့လိုက်ပြီး. . .

"ကဲ ပြောစမ်းပါဦး၊ ရှဉ့်မြင်တာနဲ့ မင်းက ဘယ်လိုအန္တရာယ်ကျရောက်တော့မယ်ဆိုတာ အကဲခတ်လိုက်သလဲ"

"ခုဟာက အန္တရာယ်လဲ ဖြစ်နိုင်တယ်၊ ငါတို့အတွက် အခွင့်အရေးတစ်ခုလည်း ဖြစ်နိုင်တယ်"

ဆားပုလင်းနှင်းမောင် စတိုင်လ်နှင့် အခြေအနေကို သုံးသပ်ရန် စကားနိဒါန်းပျိုးနေသော လင်းခိုင်ကို. . မြတ်သော စိတ်မရှည်စွာ ကြည့်လိုက်ပြီး. . .

"ကဲ. . . လင်းခိုင်၊ အချင်းချင်းတွေ လာပြီးဂိုက်ပေးကြမ်းမနေနဲ့၊ ပြောစရာရှိတာ မြန်မြန်ပြော"

"ရှဉ့်လေးရဲ့ကိုယ်မှာ ရေတွေစိုသွားတာ တွေ့လား၊ အဲဒါကို သုံးသပ်ခြင်းအားဖြင့် ဒီအနီးအနားမှာ ရေကန် ဒါမှမဟုတ် စမ်းချောင်းတစ်ခုခုတော့ ရှိရမယ်ကွာ၊ ဒီတော့. . သူလာတဲ့လမ်းဘက်ကို ငါတို့လျှောက်ကြည့်ကြပြီး ရေကန်တွေ့လိုတွေ့ငြား သွားရှာကြတာပေါ့၊ ဘာပဲဖြစ်ဖြစ် ရေလေးသောက်ခွင့်ရရင်တော့ ဒီတစ်ညအဖို့ မင်းအဘိုးနေတဲ့ရွာကို ရှာမတွေ့သေးလည်း ဒီအနီးအနားက လုံခြုံတဲ့နေရာ တစ်နေရာမှာ အားရှိရှိနဲ့ ဝင်ခွေလိုက်လို့ ရတယ်ကွ"

"အင်းလေ. . မင်းရဲ့ရေဆာနေတာ အမိကပြဿနာမို့ [illegible]တို့ မင်းပြောသလိုပဲ လိုက်ကြည့်တာပေါ့၊ ငါတို့ကို အခွင့်အရေး[illegible]စ်ခုက



www.burmeseclassic.com

www.burmeseclassic.com



ကြို့စောင့်နေမှာပါ"

သူငယ်ချင်းသုံးယောက် စိတ်သဘောချင်း စည်းဝါးကိုက်ကာ ရှဉ့်ကလေး ပြေးလာသော တောလမ်းအတိုင်း ခြုံတွေကို တိုးဝင်လာခဲ့ကြသည်။

"ဟော့. . ဟိုမှာ လူကြီးတစ်ယောက်၊ လူကြီးတစ်ယောက်"

"ဟာ. . အေး. . ဟုတ်တယ်ကွ၊ ခေါ်. . ခေါ်လိုက်. . ခေါ်လိုက်"

အောင်ကို ဝမ်းသာအားရဖြစ်ကာ လင်းခိုင်ပခုံးကို အလောတကြီး ပုတ်ကာ ခေါ်ခိုင်းလိုက်သည်။ မြတ်သော၏ လှုမ်းနေသော လေးတွဲ့တွဲ့ ခြေလှမ်းတွေလည်း သူ့အလိုလို ပြန်၍တက်ကြွလာ၏။

"ဦး. . ဦးလေး. . ဦးလေး. . ခဏနေပါဦး"

လင်းခိုင်၏ အလောတကြီး ခေါ်သံကြောင့် ထိုလူကြီးမှာ ထင်းစည်းကြီးတွေကို တစ်ဖက်တစ်ချက်ထမ်းပြီး လမ်းလျှောက်နေရာမှ လှည့်ကြည့်၏။

မြတ်သောတို့ သူငယ်ချင်းသုံးယောက်၏ ခပ်ဟော့ဟော့ ဝတ်စားထားသော ပုံပန်းသဏ္ဌာန်တွေကို မသိမသာအကဲခတ်ရင်း မြတ်သောတို့ဘက်ကို ထင်းစည်းသယ်ထားသော ထမ်းပိုးကြီးလွယ်ကာ အိပ့်အိပ့်နှင့် ပြန်လှည့်လိုက်ပြီး. . .

"ငါ့တူတို့က ခရီးသွားတွေလား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ လမ်းသွားရင်း. . လမ်းပျောက်သွားကြလို့ ဒီတောထဲမှာ လည်နေတာ၊ သုံးနာရီနီးနီးလောက်ရှိနေပါပြီ"

"သြော်. . ဒါကြောင့် ဒီနေရာမှာ တွေ့တာကိုး၊ ကဲ. . ဦးလေးဘာကူညီရမလဲ"

ဘာကူညီရမလဲဟူသော မေးခွန်းက မြတ်သောတို့ သူငယ်ချင်း





သုံးယောက်အတွက်တော့ အတော်လေးကိုအားတက်စရာ မင်္ဂလာစကားတစ်ခွန်းပင် ဖြစ်သည်။

"ကျွန်တော်တို့ ဘောဂရွာကို သွားချင်လို့ပါ"

ဘောဂရွာဆို၍ ထိုလူကြီး စဉ်းစားလိုက်ပုံဖြင့် မျက်ခုံးနှစ်ဖက်စုံကျုံ့မြင့်တက်သွားသည်။

"အင်း. . ဘောဂရွာကို ဒီကနေသွားရင် တော်တော်ဝေးဦးမှာ ဒီည မမှောင်ခင် စသွားမှ မနက်ခင်း နေရောင်တောက်ချိန်မှ ရောက်လိမ့်မယ်"

"ဗျာ. . ဒါ. . ဒါဆို ကျွန်တော်တို့ လမ်းမှားလာတာ၊ ဘောဂရွာနဲ့ ဆန့်ကျင်ဘက်လမ်းကို မှားလာတာပေါ့"

"ဟုတ်တယ် ငါ့တူ၊ ဘောဂရွာက ဟိုအရှေ့ဘက်က စူးစူးမှာ၊ ကြားထဲမှာ ရွာငယ်လေးသုံးခုနဲ့ တောင်တစ်တောင်ကို ဖြတ်ရဦးမှာ"

"ဗျာ. . ဒါဆို ငါတို့ကို ကားသမားက နေရာမှားပြီး ချပေးလိုက်တာ ထင်တယ်ကွ"

မြတ်သောကို အဖြေလှမ်းညှိလိုက်သော အောင်ကို၏ စိုးရိမ်ပူပန်သွားသောမျက်နှာကို ထိုလူကြီး ကောင်းကောင်းသတိထားမိသွားဟန်ဖြင့်. . .

"ဒါပေမယ့် ဘာမှမပူပါနဲ့၊ မင်းတို့ ဒီကနေ့ မြောက်ဘက်စူးစူးကို ဆက်လျှောက်သွားမယ်ဆိုရင် ခနောက်စိမ်းရွာကို မှောင်ရီပျိုးပျဆိုတာနဲ့ ရောက်လိမ့်မယ်"

ထိုလူကြီး မြောက်ဘက်စူးစူးကို မေးဆတ်ပြကာ အချိန်ကို တွက်ချက်ပြသည်။

"ဦးလေးက ဒီရွာကလား"

"ဦးလေးက အဲဒီရွာက မဟုတ်ဘူး၊ အဲ. . အရင်ကတော့ အဲဒီရွာသားပေါ့၊ ဒါပေမယ့် ခုတော့ မဟုတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲ. . အဲဒီရွာမှာ ဦးလေးအသိတွေ ရှိလား၊ ဟိုလေ. . ကိုယ်နဲ့ စိမ်းတဲ့ရွာကို ဒီအတိုင်း ဝင်တည်းမှာထက်စာရင် ဦးလေးရဲ့ နာမည်သုံးပြီး ဝင်တည်းတာက ပိုပြီးအဆင်ပြေမလားလို့"

မြတ်သောစကားကြောင့် ဦးလေးကြီး တွေသွားသည်။ အတန်ကြာကြာ စဉ်းစားပြီးမှ အဖြေပေါ်သွားဟန်ဖြင့်. . .

"အင်းလေ ကောင်းပြီ၊ အဲဒီရွာမှာ ဦးဘမောင်ဆိုတဲ့ ဆေးဆရာကြီး တစ်ယောက်ရှိတယ်၊ အဲဒီဆေးဆရာကြီးက ဦးလေးရဲ့ အစ်ကိုပဲ၊ သူ့အိမ်ကို အရင်ရှာပြီး ဦးတင်လှက လွှတ်လိုက်တာပါလို့ ပြောပြီး အကျိုးအကြောင်းရှင်းပြ. . အကူအညီတောင်းပြီး ဒီတစ်ည ဝင်ပြီးခိုလိုက်ပေါ့၊ မနက်ကျရင်တော့ အဲဒီရွာက လှည်းငှားပြီး ဘောဂရွာကို ခရီးဆက်ကြပေါ့ကွာ"

"ဟာ. . ကျေး. . ကျေးဇူးတင်လိုက်တာ ဦးလေးရာ၊ အဲဒီ ကျေးဇူးကို ကျွန်တော် တစ်သက်မမေ့ပါဘူးဗျာ၊ အဲ. . ဒါ. . ဒါနဲ့ ကူညီလက်စနဲ့ ကျွန်တော့်ကို တစ်ခုလောက် ထပ်ပြီးကူညီပါလား"

ထင်းခုတ်သမား လူကြီး လင်းခိုင်ကို ဘာလဲဟု မေးဆတ်ပြရင်း မေး၏။

"ဟို. . ဟိုလေ ကျွန်တော် ရေဆာလို့ပါဗျာ၊ ရေမှမသောက်ရရင်. . ဦးလေး ညွှန်ပေးလိုက်တဲ့ ခနောက်စိမ်းရွာကို ဖြောင့်အောင်တောင် သွားနိုင်ပါ့မလား မသိဘူး"

လင်းခိုင် သူ့လျှာဖြင့် ခြောက်နေသော နှုတ်ခမ်းတွေကို သိမ်းကာ အသနားခံသည့်မျက်နှာဖြင့် အကူအညီ တောင်းလိုက်သည်။

ထိုဦးလေးကြီး ရှေ့ဘက်ခပ်လှမ်းလှမ်းကို မျှော်ကြည့်လိုက်ပြီး

"မင်းတို့ အခုသွားမယ့်ဘက်မှာ စေတီပျက်ကြီးတစ်ဆူကို တွေ့လိမ့်မယ်၊ အဲဒီစေတီပျက်ကြီး တစ်ဆူဘေးမှာ သုံးရာသီပတ်လုံး ဘယ်တော့မှရေမခမ်းတဲ့ ကြာကန်တစ်ခု တွေ့လိမ့်မယ်၊ အဲဒီရေက မင်းတို့ကို





ရေငတ်ပြေစေမှာပါ"

"တော်တော်သွားရဦးမှာလားဟင်. . "

"သိပ်မသွားရတော့ပါဘူး၊ ဟောဟိုမှာ တိုင်တစ်တိုင် စိုက်ထားတာ တွေ့လား"

ဦးလေးကြီး လက်ညှိုးညွှတ်ရာသို့ လင်းခိုင်နှင့်အတူ မြတ်သောရော အောင်ကိုပါ လှည့်ကြည့်လိုက်သည်။

"အင်း. . တွေ့တယ်. . တွေ့တယ်"

"အေး. . အဲဒီတိုင်မှာ ဘာရေးထားလဲ"

"မိုင်တိုင်လေးလို့ ရေးထားတယ်လေ"

"အေး. . အခု မင်းတို့သွားတဲ့ဘုရားငုတ်တိုက မိုင်တိုင်ခြောက်ပဲ၊ အဲဒီမိုင်တိုင်ဘေးမှာရှိတဲ့ ရေကန်ကြီးက မင်းတို့ကို ရေတိုက်ချင်လို့ စောင့်နေကြပြီ၊ အဲဒီမိုင်တိုင်ကို ကျော်ပြီးမှ မိုင်တိုင်ခုနစ်မှာရှိတဲ့ မင်းတို့ တည်းမယ့်ရွာကို ရောက်လိမ့်မယ်၊ ကဲ. . ရှင်းပြီလား၊ ဘာထပ်ပြီး ကူညီရဦးမလဲ"

ထိုလူကြီး ကူညီဖို့ အသင့်အနေအထားနှင့် မျက်ခုံးတစ်ချက် ဟန်ပါပါ ပင့်ကာမေး၏။

"ဟာ. . ရပါပြီ၊ ရပါပြီ"

"အေး. . ဒါဆို ဦးလေး သွားတော့မယ်၊ အဲ့ဒီရွာကို ရောက်အောင်တော့ သွားလိုက်ပေါ့ကွာ၊ အဟဲ. . မင်းတို့ရောက်ရင် ပြန်ချင်မှာတောင် မဟုတ်တော့ဘူး"

"ဟာ. . . စိတ်ချပါဦးလေး၊ ကျေးဇူးအရမ်းတင်ပါတယ်"

"အေး. . အေး. . ဒါဆို ဦးလေးသွားပြီ"

"ဟုတ်ကဲ့. . ဟုတ်ကဲ့ပါဗျာ၊ အဲ. . ခ. . ခဏလောက်နေပါဦးဗျာ၊ ဟိုလေ. . . ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်ကို အမြဲတမ်း အမှတ်ရနေအောင် ဓါတ်. . ဓါတ်ပုံလေး တစ်ပုံလောက် အမှတ်တရ ရိုက်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



ပေးပါလား၊ ရွာရောက်တော့လည်း ဦးလေးရဲ့အစ်ကို ဆေးဆရာကြီးကို သက်သေအဖြစ်လည်း ပြလို့ရတာပေါ့"

မြတ်သောစကားကြောင့် ထိုဦးလေးကြီး ရှက်ကိုးရှက်ကန်းဖြင့် ပြုံး၏။

"အဟဲ. . မင်းတို့က ခုလိုခွင့်တောင်းတော့ ဓါတ်ပုံရိုက်တာ ဝါသနာပါတဲ့ ငါကလည်း ရှက်ရှက်နဲ့ ခွင့်ပြုရမှာပေါ့ကွာ ဟုတ်ဘူးလား၊ ကဲ. . ပြော ဘယ်လိုအိုက်တင် နေပေးရမလဲ၊ နိုင်ငံခြားမင်းသားတွေရဲ့ အက်ရှင်မျိုး နေပေးရမလား၊ အဲ. . မြန်မာမင်းသား အိုက်တင်လိုတော့ မနေခိုင်းနဲ့နော်၊ သူတို့ အိုက်တင်တွေက တမင်တကာ လုပ်ယူပြီး ရိုက်ထားတဲ့ အိုက်တင်မျိုးကွ၊ ငါ လုပ်ပြရမှာ ဖီလင်မလာဘူး. . ဟဲ. . ဟဲ"

ထိုလူကြီး စကားကြောင့် မြတ်သောတို့သူငယ်ချင်းသုံးယောက် ပြိုင်တူရယ်လိုက်ကြသည်။ မြတ်သော အကြံတစ်ခု လျှစ်ခနဲ ဝင်လာပြီး လွယ်ထားသော ကျောပိုးအိတ်ထဲမှ တစ်စုံတစ်ခုကို ထုတ်ယူလိုက်သည်။

"ရော့. . ဦးလေး. . ဒါ ကိုင်ထား"

မြတ်သော ကမ်းပေးသော လက်ထဲမှ ပစ္စတိုသေနတ်တစ်လက်ကြောင့် ထိုလူကြီး ဓါတ်ပုံအရိုက်ခံရန် ပခုံးပေါ်မှ အထမ်းကြီးကို အောက်ချရင်း နောက်သို့ အလန့်တကြား ခုန်ဆုတ်သွားကာ. . .

"ဟေ့. . ဟေ့. . ကလေးတွေ၊ မင်း. . မင်းတို့. . လူကောင်းတွေတော့ ဟုတ်ပါတယ်နော်၊ ဒီ. . ဒီ. . သေနတ်ကြီးက ဘာကြောင့် ထုတ်လိုက်တာတုံး"

သေနတ်ကိုကြည့်ကာ အထစ်ထစ် အငေါ့ငေါ့ ပြောနေသော ဦးလေးကြီး၏ ရိုးပုံကိုကြည့်ပြီး မြတ်သော ပြုံးလိုက်ကာ. . .

"ဒါက သေနတ်အစစ်မှ မဟုတ်တာ ဦးလေးရ၊ အရေးအကြောင်း လိုအပ်ရင် သုံးလို့ရအောင် ထည့်လာတဲ့ မီးခြစ်လေးတစ်ခုပါ"





"ဩော်. . ဒါ မီးခြစ်လား"

"ဟုတ်တယ် မယုံရင်ကြည့် ကျွန်တော် ခြစ်ပြမယ်"

မြတ်သော သေနတ်မောင်းလေးကို နှိပ်လိုက်သည်နှင့် မီးတောက်လေးတစ်ခုက သေနတ်ပြောင်းဝမှာ ဖျတ်ခနဲ လက်သွားသည်။

ဒီတော့မှ ဦးလေးကြီး စိတ်ချသွားဟန်ဖြင့် သက်ပြင်းကို ဟင်းခနဲ ချကာ. . .

"မင်းတို့ဟာက အဆန်းပဲကွ၊ အေးလေ. . ခေတ်ကြီးက မှော်ဆရာတွေများ ဖန်ဆင်းသလားလို့ ထင်ရအောင် အမြန်နှုန်းနဲ့ တိုးတက်နေပြီဆိုတော့ ဦးလေးတို့လို တောချုံအုံကြားက တောသားတွေအဖို့ ဘယ်လိုက်မှီတော့မလဲ"

"ကဲ ရော့. . ဒီသေနတ်ကလေးကိုင်ပြီး ဘယ်လိုအက်ရှင်မျိုး ရိုက်ချင်သလဲ"

မြတ်သော ဖုန်းမှ ကင်မရာဖြင့် ထိုလူကြီးကို ရိုက်ရန်ချိန်လိုက်ပြီး. . .

"ဟား. . ဟုတ်ပြီ၊ ဂျိမ်းစဘွန်းစတိုင်နဲ့ ရိုက်မယ်ကွာ၊ ငါ့ရုပ်ကလည်း ဂျိမ်းစဘွန်းမင်းသားနဲ့ ခပ်ဆင်ဆင် တူတယ်မဟုတ်လား"

"ဟုတ်တယ်. . ဟုတ်တယ်၊ ဦးလေးပုံစံက ခပ်ဖြောင့်ဖြောင့်နဲ့ သေနတ်အတုလေး ကိုင်လိုက်တော့ ဂျိမ်းစဘွန်းနဲ့ နင်လားငါလားပဲ"

"ဟုတ်ပြီ၊ ဦးလေးက ကျွန်တော်တို့ တည်းမယ့်ရွာမှာရှိတဲ့ မိုင်တိုင်ခုနစ်ကို ညွှန်ပြပေးတဲ့အတွက် ဦးလေးကို ဂျိမ်းစဘွန်း မင်းသားကြီးအဖြစ် မှတ်ယူလိုက်ပြီ၊ ဒါကြောင့် ဂျိမ်းစဘွန်း အိုက်တင်နဲ့ ရပ်နေပေတော့"

လင်းခိုင်နှင့် မြတ်သော နေခိုင်းသော ဂျိမ်းစဘွန်း အိုက်တင်အတိုင်း သေနတ်ကို ဟန်ပါပါနှင့် ချိန်လိုက်ပြီး ဂျိမ်းစဘွန်း မျက်နှာပေးမျိုးပြုံးကာ စတိုင်လ်ကျကျ ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





"ဟား . . ရေလည် မိုက်တယ်ကွာ၊ အဝတ်အစားလေးသာ အနောက်တိုင်းဆန်ဆန်ဝတ်လိုက်ရင် မြန်မာပြည်မှာ ဂျိမ်းစဘွန်းအစစ်ဆိုပြီး လုပ်စားလို့ရပြီ၊ ဟား . . ဟား . . ဟား . . အိုကေ . . အိုကေ ဦးလေးရေ . . ရိုက်မယ်"

မြတ်သော ဖုန်းဖြင့် အသေအချာချိန်ရင်း ထိုလူကြီးပုံကို zoom ဆွဲပြီး ရိုက်လိုက်သည်။

"ရော့ . . ဒီမှာလာကြည့် ဦးလေး၊ မိုက်တယ် မဟုတ်လား"





"အေးကွ မိုက်တယ်၊ ဒီနားမှာ ဓါတ်ပုံဆိုင်သာ ရှိလို့ကတော့ ငါ တစ်ခါတည်း ကူးယူလိုက်ပါတယ်ကွာ"

"စိတ်ချ ကျွန်တော်တို့ကူးပြီး ဦးလေးဆီကို လူကြုံနဲ့ဖြစ်ဖြစ် ပို့ခိုင်းပေးမယ်"

"အေး . . အေး . . ကောင်းတယ် ကောင်းတယ်၊ ငါ့တစ်သက် ဒီလို ခန့်ခန့်ထည်ထည်ပုံ ရိုက်ဖူးသွားတာပေါ့ကွာ . . ဟား . . ဟား . . ဟား . . ဟား . . ၊ ကဲ . . အချိန်တောင် အတော်လင့်ပြီ သွားကြတော့ အဟဲ . . အခု မင်းတို့သွားရမှာ မိုင်တိုင် 007 နော်"

ထိုဦးလေးကြီး ထင်းစည်းအထမ်းကို ပခုံးမှာ ကောတ်လွယ်ကာ ဂျိမ်းစဘွန်း၏နံပါတ်ကို ရယ်ကျဲကျဲဖြင့် ရွတ်ပြသွားသည်။

"အိုကေ မစ္စတာဘွန်း . . . သင့်ခယူပါ"





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

"ဝါး . . ရေကန်ကြီးထဲမှာ ပွင့်နေတဲ့ ကြာပွင့်ကြီးတွေက အကြီးကြီးတွေပါလား၊ ငါ့တစ်သက် ဒီလောက်ကြီးတဲ့ ကြာပွင့်ကြီးတွေ တစ်ခါမှ မတွေ့ဖူးဘူး"

ဆန်ကောတစ်ချပ်စာလောက်ထိကြီးသည့် ကြာဖူးကြာပွင့်တွေမှာ အရောင်အသွေးစုံစုံနှင့် ထူးခြားစွာ လှပဆန်းကြယ်နေတာ အံ့သြစရာပင်။

ကြာကန်ကြီး၏ နံဘေးတွင် ဌက်ပျောဖူးမှစ၍ ပြိုကျပျက်စီး





နေသည့် ရှေးဟောင်းစေတီတစ်ဆူကို တွေ့ရ၏။ စေတီ၏တစ်ဖက်ခြမ်းတွင် အုတ်များပြိုကျလျက်. . ဌာပနာတိုက်ဟု ယူဆရသောနေရာတွင် အုတ်ပုံကြီးပင် ဖြစ်၍နေသည်။

"ဒါ. . ရှေးဟောင်းစေတီကြီး ဖြစ်မယ်ကွ"

"အေး. . ဟုတ်တယ်၊ ပုံစံကြည့်ရတာ ဌာပနာတိုက် အဖောက်ခံထားရတဲ့ ပုံစံကွ"

အောင်ကို့စကားကို မြတ်သော ထပ်၍ အတည်ပြုထောက်ခံကာ စေတီကြီး၏ အတိတ်ရာဇဝင်ကိုပါ မှန်းဆလိုက်သည်။

အုတ်ချပ်များမှာ အလျားရှည်ပြီး ထုပါးသော ရှေးဟောင်းအုတ်ချပ်ကြီးများ ဖြစ်ကြသည်။ စေတီတော်ကြီး၏ လှိုဏ်ဂူသဖွယ်ရှိနေသည့် အတွင်းကျောက်သားနံရံနှင့် ကပ်လျက်တွင် မကိုင်မှုစလွယ်ဆင်ထားသည့် ရှေးဟောင်းရုပ်ပွားတော်တစ်ဆူကို တွေ့ရသဖြင့် မြတ်သောနှင့် အောင်ကို လက်အုပ်ကိုယ်စီချီကာ ရုပ်ပွားတော်ကို ဦးညွှတ်ကန်တော့လိုက်ကြသည်။

"ဒီနေရာလေးက အရင်တုန်းက တော်တော်လေး စည်ကားခဲ့တဲ့နေရာလေး ဖြစ်မယ်ကွ"

စည်ကားတယ် ဆိုတာထက် နည်းနည်း ဂမ္ဘီရဆန်နေမလားပဲ၊ ဘာကြောင့် ငါ ဒီလိုပြောရလဲဆိုတော့ ဒီကြာကန်ကြီးကိုပဲကြည့်၊ ငါ တွေ့ဖူးသမျှ ကြာကန်ထဲမှာ ဒီလောက်အပွင့်ကြီးတဲ့ကြာကန် တစ်ခါမှ မတွေ့ဖူးဘူး"

အောင်ကိုနှင့် မြတ်သော ဖုန်းကို ထုတ်လိုက်ပြီး စေတီပျက်ကြီးနှင့် နောက်ခံသဘာဝရှုခင်းတွေကို အမှတ်တရဓါတ်ပုံတွေ ရိုက်နေကြသည်။

လင်းခိုင်ကတော့ ကြာကန်ထဲမှ ကြည်လင်စိမ်းမြနေသော ရေတွေကို လက်ခုပ်ဖြင့် အားရပါးရ ခပ်သောက်ပြီး လူလန်းသွားစေရန်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနှင့် ဇက်ပိုးကို ရေဖြင့် တပြန်းပြန်းပုတ်ကာ အပန်းဖြေနေ၏။

"မြတ်သော မင်းတို့ ရေမသောက်ကြဘူးလား၊ လာသောက်ကြည့်၊ ငါတို့ ရန်ကုန်က ISO လက်မှတ်ရထားတဲ့ ရေသန့်တွေထက် တောင်ပိုပြီး အရသာရှိသေးတယ်၊ ငါ့တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားတာပဲ"

လင်းခိုင် လက်တွေကို ဝှေ့ယမ်းဆန့်တန်းပြီး သူ လန်းဆန်းသွားကြောင်း သက်သေပြကာ မြတ်သောနှင့် အောင်ကို့ကို ကြာကန်ထဲမှ ရေကြည်ကြည်တွေကို သောက်ရန် လှမ်းခေါ်လိုက်သည်။

မြတ်သော သောက်ချင်ပေမယ့် သိပ်မသောက်ရဲ၊ ရေမြေဒေသအစိမ်းက ရေတွေထဲတွင် ငှက်ဖျားပိုး ရှိနေတတ်သောကြောင့်ဖြစ်သည်။

"ငါ မသောက်ရဲဘူးကွ၊ ငါ့အစ်ကိုတစ်ယောက် တောထဲကရေကိုသောက်မိလို့ ငှက်ဖျားပိုးဝင်သွားတာ တော်တော်နဲ့ နလန်မထူနိုင်ဘူး"

"ဟာ . . မြတ်သောရာ၊ မင်းကလည်း ကြောက်စရာမရှိကြံဖန်ကြောက်နေပြန်ပြီ၊ ဒီရေကန်က သာမန်ရေကန်မဟုတ်ဘူး၊ ရှေးဟောင်းဘန်ဆိုးကြီးဘုရားအရိပ်အာဝါသအောက်မှာ ရှိနေတဲ့အတွက် ဘာဘေးဥပဒ်မှ မဖြစ်နိုင်ပါဘူးကွာ"

"လင်းခိုင်ပြောတာ ဟုတ်လောက်တယ်၊ မြတ်သော လာပါကွာ . . ငါတို့ ရှေ့ကို တစ်မိုင်လောက် လျှောက်ရဦးမှာမို့ ရေလေးတော့ သောက်ထားမှကွ"

အောင်ကို မြတ်သောကို အတင်းဆွဲခေါ်လာသဖြင့် မြတ်သောစိတ်ငြင်းမနေတော့ပဲ ရေသောက်ရန် ကြာကန်ကြီးနားသို့ လျှောက်လာလိုက်သည်။

လင်းခိုင်ပြောတာ မှန်ပါသည်။ ရေ၏ အရသာသည် သာမန်





ထက်ပို၍ အေးစိမ့်ကာ . . တစ်နေကုန် မောပန်းသမျှတွေ ထိုကန်ရေသောက်လိုက်တာနှင့် ယူပစ်သလိုပျောက်ကာ အင်အားတွေ အဆပေါင်းများစွာ ခန္ဓာကိုယ်ထဲသို့ တိုးဝင်လာသလို ခံစားလိုက်ရသည်။

"ဝါး . . လူကို ပေါ့သွားတာပဲကွာ"

အောင်ကို ကန်ထဲမှရေကို လက်ခုပ်ဖြင့်ခပ်ကာ အားရပါးရသောက်လိုက်ပြီး လင်းခိုင်လိုပင် စိတ်ဓါတ်တွေ ပို၍ တက်ကြွလာသလို ခံစားလိုက်ရ၏။

လင်းခိုင် ကြာခွက်တွေကို မီသလောက် လှမ်းချိုးနေ၏။

"အောင်ကို ဒီမှာကြည့်စမ်း ကြာခွက်ကြီးတွေ၊ အစိကို ပြုံးနေတာပဲ၊ ရှေ့ဆက်လျှောက်ရင်းနဲ့ ငါတို့ ဒါတွေကို အဆာပြေ စားသွားလို့ရတယ်"

"အေး . . မိုက်တယ်၊ ဘာပဲဖြစ်ဖြစ် ဗိုက်ပြည့်ရင် ပြီးတာပဲ"

လင်းခိုင် ကမ်းပေးသော ကြာခွက်သုံးလေးခုကို အောင်ကို လှမ်းယူလိုက်သည်။

ထို့နောက် သူငယ်ချင်းသုံးယောက် ထင်းခုတ်သမားကြီး ညွှန်လိုက်သော မိုင်တိုင်ခုနစ်ရှိရာ ခနောက်စိမ်းရွာသို့ ကြာခွက်ထဲမှ ကြာဆံလေးတွေစားရင်း စိတ်လက်ပေါ့ပါးစွာဖြင့် လျှောက်လာကြသည်။

ဆည်းဆာရောင်သည် တဖြည်းဖြည်း ဖျော့၍လာကာ အမှောင်ဘက်သို့ပင် သမ်းစပြု၍ နေပေသည်။ လူသွားလမ်းမဟုတ်သည့်အတွက် ခြုံနွယ်ပိတ်ပေါင်းတွေကို တိုးဝှေ့သွားနေရ၍ ခရီးက တော်တော်နှင့်မတွင်။

"ဟာ . . ငါ့ . . ငါ့အိတ်၊ ငါ့ကျောပိုးအိတ် ကျန်ခဲ့ပြီ"

ညနေစောင်း ခပ်ဖျော့ဖျော့ အလင်းရောင်မှာမို့ ခဲရာခဲဆစ်တောတိုးနေ၍ ခရီးမတွင်ရသည့်ကြားထဲ လင်းခိုင်က ပြဿနာတစ်မျိုးရှာပြန်သည်။ မြတ်သော သူ့ကျောပိုးအိတ်ကို လှည့်ကြည့်တော့ သူ



www.burmeseclassic.com

www.burmeseclassic.com



ပုခုံးမှာ လွယ်ထားတာ မတွေ့။

"မင်း လွယ်ထားတာပဲ မဟုတ်လား၊ စဉ်းစားပါဦး ဘယ်မှာများ ကျန်ခဲ့နိုင်မလဲလို့"

"ဟုတ်တယ် ငါ လွယ်ထားပေမယ့် စောစောက ကြာခွက်တွေ ခူးမှာမို့ ငါ့ကျောပိုးအိတ်ကို ကြာကန်ဘေးနားက အပင်ကြီးအောက်မှာ ချထားခဲ့တာ"

"ဟာ. . မင်းကတော့ မွှေဖမ်းပြန်ပြီကွာ. . ၊ ဒီညအဖို့ ငါတို့ ခနောက်စိမ်းရွာကို ရောက်ပါတော့မလား"

အောင်ကို ညည်းညည်းညူညူပြောတော့ လင်းခိုင် ကိုယ့်အပြစ်နှင့်ကိုယ် ငြိမ်နေရသည်။ မလွှဲမရှောင်သာ ဖြစ်သွားရသည့်ကိစ္စမို့ မြတ်သောပါ ထပ်ပြီးအပြစ်မတင်တော့၊ ကိုယ့်ရဲ့ နမော်နမဲ့နိုင်မှုကြောင့်သာ သူငယ်ချင်းတွေ ခုလိုဒုက္ခတွေ လိုက်ခံနေရတာမို့ အပြစ်ရှိသူချင်း အတူတူ မြတ်သောက ပိုပါသည်။

"ကဲ. . လာကွာ၊ ငါတို့ ပြန်လှည့်ကြရအောင်"

"အဲဒီကိုရောက်ရင် တအားမှောင်သွားပြီကွ၊ ထားလိုက်ပါတော့ကွာ၊ ပြန်ယူမနေပါနဲ့တော့၊ ငါတို့မှာပါတဲ့ အဝတ်အစားတွေ မျှဝတ်ကြတာပေါ့"

အောင်ကို နောက်ကြောင်းပြန်မလှည့်ချင်၍ လင်းခိုင် ကျောပိုးအိတ်ကို အဆုံးခံခိုင်းနေသဖြင့် လင်းခိုင် မျက်နှာကြီး ရှုံ့မဲ့သွားကာ. .

"အောင်ကို မင်း ကိုယ်ချင်းစာစမ်းပါကွာ၊ အဲ့ဒီကျောပိုးအိတ်ထဲမှာ ဖုန်းတွေ ပိုက်ဆံတွေလည်း ပါတယ်လေကွာ"

"ကဲပါ. . မင်းတို့ ပြန်မလှည့်ချင်ရင်နေ၊ ဒီကနေ အဲဒီရွာကို ဆက်သွားကြ၊ ငါ လင်းခိုင်ကျောပိုးအိတ် ပြန်လှည့်ယူပြီး နောက်က လိုက်ခဲ့မယ်"

မြတ်သော တစ်ယောက်ထဲ ပြန်လှည့်ယူမည်ဆိုတော့ အောင်





ကိုရော လင်းခိုင်ရော လက်မခံ။

"ဟာ. . . မင်းကလည်း အဓိပ္ပါယ်မရှိ သူငယ်ချင်းသုံးယောက် အတူတူလာပြီးမှ မင်းကို တစ်ယောက်ထဲ ပြန်မလွှတ်နိုင်ပါဘူး၊ နောက်ပြီး ကျန်ခဲ့တဲ့ ပစ္စည်းက ငါ့ကျောပိုးအိတ်၊ ပြန်ယူချင်းယူ ငါတစ်ယောက်ထဲ ပြန်ယူရမှာပေါ့"

"ကဲပါကွာ၊ ငါတို့အားလုံးပဲ နောက်ကြောင်းပြန်လှည့်ကြတာပေါ့ မြတ်သောရာ၊ မင်းမှာ ဓါတ်မီးပါတယ် မဟုတ်လား"

"အေး. . ပါတယ်၊ နေဦး. . ငါ ထုတ်လိုက်ဦးမယ်"

မြတ်သော လွယ်ထားသော ကျောပိုးအိတ်ထဲမှ ဓါတ်မီးကို ထုတ်ယူလိုက်သည်။

ဝန်းကျင်တစ်ခုလုံးသည် တစ်စတစ်စနှင့် အမှောင်ဖုံး၍လာကာ တိတ်ဆိတ်သထက် တိတ်ဆိတ်လာသည်။

မြတ်သောတို့ သူငယ်ချင်းသုံးယောက်၏ သစ်ရွက်ခြောက်တွေနင်းကာ လျှောက်နေသော တဂွျတ်ဂွျတ်ခြေသံသာလျှင် ခပ်ကျယ်ကျယ် ထွက်ပေါ်နေ၏။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

"မြတ်သော ငါတို့ဒီတစ်ညတော့ မိုင်တိုင်ခုနစ်ကို ရောက်ါတော့မလားကွာ၊ ခုချိန်ထိ ဘုရားပျက်ကြီးကို ရှာမတွေ့ပြန်ဘူး"

ခြေကုန်လက်ပန်းကျဟန်ဖြင့် ညည်းညူလိုက်သော အောင်ကိုတားကြောင့် မြတ်သော အောင်ကို့ကို ရပ်စောင့်နေကာ. . .

"မင်း ကျောပိုးအိတ်ပေးလေ၊ ငါ လွယ်လာခဲ့ပေးမယ်"

"ရပါတယ်ကွာ နေပါ၊ မင်းမှာလည်း မင်းအထုပ်နဲ့မင်း၊ ငါ့ဟာဝယ်လွယ်နိုင်မှာလဲ"





"ရပါတယ်၊ ငါက ခံနိုင်ရည် ရှိသေးတယ်"

သုံးယောက်သား မှောင်ကြီးမဲကြီးထဲ ဓါတ်မီးတဝင့်ဝင့်ထိုးကာ စေတီပျက်ကြီးရှိရာသို့ စမ်းတဝါးဝါးနှင့် ပြန်လျှောက်နေကြ၏။

"အင်း. . ဟင်း. . ဟင်း. . ဟင်း. . ဟင်း"

အမှောင်ထဲမှ ရုတ်တရက် ထွက်ပေါ်လာသော ညည်းသံကြီးကြောင့် လင်းခိုင် ဖြန်းခနဲ ကြက်သီးတွေထကာ မြတ်သောနားသို့ ပြေးကပ်လိုက်သည်။

"မြတ်. . မြတ်သော. . ငါ. . ငါကြောက်တယ်၊ ဘယ်. . ဘယ်က ညည်းသံကြီးလဲ မသိဘူး"

"ဒါ လူညည်းသံ မဟုတ်လောက်ပါဘူးကွာ၊ မင်းကလည်း"

"မဟုတ်ဘူး. . မဟုတ်ဘူး. . ဒါ လူညည်းသံကွ အောင်ကိုရဲ့ အဲ့ဒီလိုညည်းသံမျိုးတွေ ငါ သရဲကားတွေမှာ ညည်းတာကြားဖူးတယ်"

"ဟာ. . မင်းကလည်း မဖြစ်နိုင်တာ မတွေးစမ်းပါနဲ့ကွာ၊ ငါတို့ယောကျ်ားလေးတွေပဲဟာ"

ထိုညည်းသံကြီးကို မြတ်သောရော အောင်ကိုပါ အတူတူကြားနေရပေမယ့် လင်းခိုင်လိုတော့ ကြောက်စိတ်မဝင်ကြ။ စူးစမ်းလိုစိတ်ဖြင့်သာ ညည်းသံကြီး ဘယ်ကထွက်ပေါ်လာသလဲဆိုတာ အဖြေရှာသည့်အနေဖြင့် ဓါတ်မီးကို ဟိုဒီလျှောက်ထိုးကာ အဖြေရှာနေသည်။

"ရှပ်. . ရှပ်. . ရှပ်. . ရှပ်"

ခပ်လှမ်းလှမ်းမှ တောတိုးသံကို အားလုံး အတိုင်းသားကြားလိုက်ရသည်နှင့် တစ်ပြိုင်နက်တည်း လင်းခိုင်၏လက်အစုံက မြတ်သောလက်မောင်းကို ပို၍တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး. . .

"မြတ်. . မြတ်သော. . ကြား. . ကြားလား၊ အဲဒါ လူတိုးနေတဲ့ အသံကွ၊ ငါတို့တွေနဲ့ တဖြည်းဖြည်းနီးလာပြီ"

လင်းခိုင်အသံတွေ တဖြည်းဖြည်း တုန်အက်လာသည်။ ငယ်



www.burmeseclassic.com

www.burmeseclassic.com



စဉ်ကတည်းက သရဲဆို ဖင်တုန်အောင် ကြောက်တတ်သော လင်းခိုင် အဖို့ ခုလိုတောကြီးမျက်မည်းထဲမှာ သရဲကုပ်ချိုးသတ်လို့ လူမသိသူမသိ သေရမည့်အဖြစ်မျိုးတော့ အရောက်မခံနိုင်။

"ဒါ လူတစ်ယောက် တောတိုးနေတဲ့ အသံများလား အောင်ကို"

"အေးကွ အသံကတော့ ငါတို့ဘက်လျှောက်လာတဲ့ အသံကွ၊ အဲ. . . ရေ. . ရေမွှေးနံ့ မွှေးနေသလိုပဲကွ"

အောင်ကို နှာခေါင်းကို တရှုံ့ရှုံ့လုပ်ရင်း နှာခေါင်းထဲတိုးဝင်လာသော မွှေးရနံ့ကို ရေမွှေးနံ့ဟု ထင်မြင်ချက်ပေးလိုက်သည်။

လင်းခိုင်ပါ ကြောက်လန့်တကြား တုန်တုန်ယင်ယင် ဖြစ်နေရာမှ နှာခေါင်းကို ရှုံ့ပွရှုံ့ပွလုပ်ပြီး. . .

"အေး. . ဟုတ်တယ် ရေမွှေးနံ့၊ ငါ. . ငါသုံးနေတဲ့ ရေမွှေးနံ့မျိုးကွ"

ဒီတော့မှ မြတ်သောရော အောင်ကိုပါ သတိထားမိလိုက်သည်။ ထိုစဉ် မြတ်သော ထိုးလိုက်မိသော ဓါတ်မီးရောင်အောက်ထဲသို့ ရိုပ်ခနဲ ဖြတ်ပြေးသွားသော သဏ္ဍာန်တစ်ခု. . .

လင်းခိုင် ဆွေ့ခနဲ ထခုန်ကာ. . .

"ဟာ. . လူ. . လူ. . မည်းမည်းကြီး. . ငါ့. . ငါ့အကျီကြီး ဝတ်ထားတယ်၊ အီး. . ဟီး. . ဟီး. . သေချာပြီ. . သရဲ. . သရဲ"

သွေးရူးသွေးတန်းထအော်သော လင်းခိုင်၏ အသံနက်ကြီးကြောင့် မြတ်သော လင်းခိုင်ပါးစပ်ကို အတင်းလှမ်းပိတ်လိုက်သည်။ ထိုအချိန်တွင် ညည်းသံကြီးလည်း ထွက်မလာတော့. . လင်းခိုင်အသံကြောင့်လားမသိ တိခနဲ ရပ်သွား၏။

"တွေ့လား၊ ငါ့. . ငါ့အသံကြောင့် ညည်းသံကြီး တိတ်သွားပြီ"

"နေပါဦးကွာ၊ မင်းကလည်း ထင်ရာစွတ်မပြောနဲ့၊ စောစောက





ဖြတ်သွားတဲ့ဟာကြီးက မင်းအကျီဝတ်ထားတယ်ဆိုရင် သရဲဖြစ်မလားကွ လူပဲ ဖြစ်မှာပေါ့၊ မင်း ကြာကန်ဘေးမှာကျန်ခဲ့တဲ့ ကျောပိုးအိတ်ကို သူတွေ့သွားလို့ ယူပြီးဝတ်ထားတာ နေမှာပေါ့"

"ဟုတ်တယ် လင်းခိုင်၊ မြတ်သောပြောတာ ဖြစ်နိုင်တယ်၊ မင်း ဒီအပင်ကြီးအောက်မှာ ခဏနေခဲ့၊ ငါနဲ့ မြတ်သော အဲဒီလူနောက်ကို လိုက်မယ်"

"အမ်. . အဲ. . အဲလိုမလုပ်နဲ့၊ ငါ့ကို တစ်ယောက်ထဲမထားခဲ့နဲ့၊ ငါ ဒီလောက် မှောင်မဲနေတဲ့နေရာကြီးမှာ ဘယ်လိုနေခဲ့ရမှာလဲ၊ စဉ်းစဉ်းစားစားလဲ ပြောကြပါဦးကွာ"

လင်းခိုင် ငိုသံပါကြီးနှင့် ခြေတဆောင့်ဆောင့်ပြောတော့ မြတ်သောရော အောင်ကိုပါ အသည်းငယ်လွန်းသော လင်းခိုင်ကို အပြစ်မတင်ရက်တော့ပဲ သနားသွားကာ. . .

"ကဲ. . . ဒါဆိုလည်း လာ၊ မင်းပါလိုက်ခဲ့"

လိုက်ခဲ့ဖို့ခေါ်ပြီး ရှေ့မှ ဦးဆောင်ထွက်သွားသော မြတ်သောနှင့် အောင်ကိုနောက်သို့ လင်းခိုင် ခပ်သုတ်သုတ်လိုက်ခဲ့လိုက်သည်။

"ဟင်. . ဟိုမှာ သစ်ပင်ကြီးပေါ်ကို ခုန်တက်သွားပြီကွ"

အောင်ကို လက်ညှိုးထိုးပြရာသို့ မြတ်သောနှင့် လင်းခိုင် မော့ကြည့်လိုက်ကြသည်။ လရောင်ခပ်သဲ့သဲ့လင်းသော အပင်ကြီးပေါ်သို့ လွှားခနဲ ခုန်တက်သွားသော လူရိပ်ကြောင့် မြတ်သော ဓါတ်မီးဖြင့် လှမ်းထိုးလိုက်သည်။

ကညင်ပင်ကြီးက အုပ်ဆိုင်းနေရာ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရ။

"သေ. . သေချာပါပြီ၊ လူဆိုရင် ခုလို အပင်မြင့်ကြီးပေါ်ကို ဘယ်လိုခုန်တက်နိုင်မှာလဲ၊ ဒါ. . ဒါ. . နာနာဘာဝတွေ မို့လို့ကွ မြတ်သောရ"



www.burmeseclassic.com

www.burmeseclassic.com



"ရှူး. . တိုးတိုး. . နာမည်တွေခေါ်ပြီး စကားမပြောနဲ့၊ ဒီလို တောကြီးမျက်မည်းထဲမှာ မမြင်နိုင်တဲ့အန္တရာယ်တွေ အများကြီးကွ"

လေသံသဲ့သဲ့ဖြင့် ခပ်တိုးတိုး သတိပေးလာသော မြတ်သော၏ စကားကြောင့် လင်းခိုင် သူ့ပါးစပ်ကို အုခနဲနေအောင် လက်ဖြင့်ပိတ်လိုက်သည်။

လင်းခိုင်မျက်လုံးတွေသည် စိတ်ချောက်ချားခြင်းတွေ အတိဖြီးကာ အင်မတန် သွေးရူးသွေးတန်း နိုင်လွန်းနေသည်။

"အ. . . အရေးထဲ ဆီးက သွားချင်ပြန်ပြီ"

လင်းခိုင် ကြောက်သေးပါခြင်း ဖြစ်သည်။

"ဟိုချုံနားကိုသွားပြီး မင်းကိစ္စ အမြန်ရှင်းလိုက်၊ ငါတို့ ဒီနားက စောင့်နေမယ်"

လင်းခိုင် မြတ်သောကို ခေါင်းညိတ်ပြပြီး ဘောင်းဘီဇစ်ကို ဆွဲဖြုတ်ရင်း ချုံနားသို့ ခပ်သုတ်သုတ်ထွက်သွား၏။

"ဒီကောင် တော်တော်မွှေတဲ့ အမွှေစိန်ပဲကွာ"

အောင်ကို လင်းခိုင်၏ နောက်ကျောကိုကြည့်ကာ မကြားတကြား အပြစ်တင်လိုက်သည်။ လက်မှနာရီကို ဓါတ်မီးဖြင့် ထိုးကြည့်နေသော မြတ်သောမှာ သက်ပြင်းကို ဟင်းခနဲချကာ. . .

"ည ရှစ်နာရီတောင် ထိုးတော့မယ်ကွာ"

"ငါတို့ ဒီတစ်ညတော့ တစ်နေရာရာမှာ မီးခဏဖိုပြီး နေရမှာပဲ၊ မိုးတအားချုပ်နေတော့ မိုင်တိုင်ခုနစ်ကို ဆက်သွားဖို့ မလွယ်ဘူး၊ ကိုယ်မသိတဲ့လမ်းမို့ ဒီတစ်ခါထပ်မှားရင် ငါတို့ လုံးဝပြိုင်းသွားလိမ့်မယ်"

မြတ်သောနှင့် အောင်ကို စကားပြောနေခိုက်. . .

"အား. . သ. . သရဲ. . ငါ့ကို ဆွဲနေပြီ၊ မြတ်. . မြတ်သော ငါ့ကို ကယ်ပါဦး"

အသံနက်ကြီးဖြင့် သွေးရူးသွေးတန်း အော်ဟစ်အကူအညီ





တောင်းနေသော လင်းခိုင်၏အသံကြောင့် မြတ်သောလက်ထဲမှ ဓါတ်မီးဖြင့် လင်းခိုင်ရှိရာသို့ ထိုးကြည့်လိုက်သည်။

"ဟာ. . အောင်ကို လင်းခိုင် မရှိတော့ဘူး"

"ဟင်. . ဘယ်ရောက်သွားပြီလဲ"

နှစ်ယောက်သား အံ့ဩစိတ်ကြောင့် မျက်လုံးပြူးသွားကာ လင်းခိုင် အပေါ့သွားရန် ထွက်သွားသည့် ချုံဘက်သို့ တစ်ရှိန်ထိုး ပြေးလာခဲ့လိုက်ကြတော့သည်။

"လင်းခိုင်. . လင်းခိုင်၊ မင်း ဘယ်ရောက်သွားတာလဲ"

မြတ်သော နာမည်အော်ပြီး မခေါ်ချင်ပေမယ့် အခြေအနေက အော်မခေါ်၍ မရတော့၊ မှောင်ကြီးမည်းကြီးထဲမှာ လင်းခိုင် ဘယ်နေရာမှာ ရှိနေသလဲဆိုတာ ဘယ်လိုမှ မှန်း၍မရတော့၊ မြတ်သော ခေါင်းမွေးများ ထောင်ထလာသည်အထိ ရင်မှာ ဘလောင်ဆူ၍လာသည်။ အောင်ကိုလည်း သူငယ်ချင်းအတွက် ပူပန်စိတ်ဖြင့် မျက်စိမျက်နှာ ပျက်၍နေသည်။

"အ. . . အား. . အီး. . လွှတ်. . လွှတ်"

ခပ်လှမ်းလှမ်းမှ လင်းခိုင်၏ မချိမဆန့် အော်သံကို ခပ်သဲ့သဲ့ ကြားလိုက်ရ၍. . .

"အသံက ဟိုဘက်ကလာတာပဲ၊ လာ. . အောင်ကို ငါတို့ အဲဒီဘက်ကို လိုက်ကြရအောင်"

သူငယ်ချင်းနှစ်ယောက် အရာရာကို ရင်ဆိုင်မည့် ခြေလှမ်းတွေဖြင့် လင်းခိုင်အော်သံကြားရာသို့ တောတိုး၍ ဝင်လာခဲ့လိုက်ကြသည်။

တစီစီအော်နေသော ပုစဉ်းရင်ကွဲကောင် အသံတွေမှအပ ဝန်းကျင်တစ်ခွင်လုံး ပြန်၍တိတ်ဆိတ်သွားပြန်သည်။

"မြတ်သော အသံကပျောက်သွားပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အသံပျောက်ပေမယ့် ငါတို့ကြားလိုက်ရတဲ့ လင်းခိုင်အော်သံက ဒီဘက်ကလာတာ ကျိန်းသေတယ်၊ လာပါကွာ တွေ့လိုတွေ့ငြား ရှေ့ဆက်တိုးကြည့်ကြတာပေါ့"

"အသံမကြားရတော့ဘူးဆိုတော့. . သေ. . သေများသွားပြီလား"

အောင်ကို တော်တော်လေး စိတ်ပူနေသည်။

"မသေတော့ မသေပါဘူး၊ ဒီကောင်ဟာ ဟိုတုန်းကတည်းက အသည်းပန်းရောဂါပဲဟာ လန့်ပြီး သတိလစ်သွားတာ ဖြစ်မှာပါ"

သူငယ်ချင်းနှစ်ယောက် ခြေသံလုံအောင်လျှောက်ပြီး လင်းခိုင်အော်သံကြားသောနေရာသို့ သတိအနေအထားနှင့် ထွက်လာခဲ့ကြတော့သည်။

စိတ်လှုပ်ရှား၍ ခုန်နေသော ရင်သည် တဒိန်းဒိန်းဖြင့် နားထင်ကြောတွေကို ကျယ်လောင်စွာ လာရောက်ရိုက်ခတ်နေ၏။

ထင်မှတ်မထားသည့် စွန့်စားခန်းတွေကို သတ္တိရှိရှိ ရင်ဆိုင်နိုင်အောင် နှစ်ယောက်သား ရဲဆေးတင်လိုက်သည်။









# အခန်း(၄)

လရောင်သည် ပတ်ဝန်းကျင်တစ်ခွင်လုံးကို ခပ်ဖျော့ဖျော့ အလင်းရောင် ဖြန့်ကျက်ပေးနေသဖြင့် အရာအားလုံးကို ခပ်ရေးရေးတော့ မြင်နေရသေးသည်။

"ဟာ. . . မြတ်သော ဟို. . ဟိုမှာ လင်းခိုင်ကို တရွတ်တိုက်ဆွဲသွားပြီ ကြည့်စမ်း"

ခပ်အုတ်အုတ် လှမ်းပြောသော အောင်ကို လက်ညှိုးညွှန်ရာသို့ မြတ်သော လိုက်ကြည့်လိုက်သည်။ မည်းမည်းသဏ္ဌာန်ကြီးတစ်ခုက



www.burmeseclassic.com

www.burmeseclassic.com



မြက်ပင်ရိုင်းတွေကြား မြတ်သောကို အိပုံ့အိပုံ့နှင့် ဆွဲသွား၏။

သတိလစ်နေတာလား၊ သေသွားတာလား သေချာမသိနိုင်သော လင်းခိုင်၏ မလှုပ်မယှက်ခန္ဓာကိုယ်သည် ထိုအရိပ်မည်းကြီးခေါ်ဆောင်ရာသို့ ငြိမ်သက်စွာ ပါသွား၏။

မြတ်သော ဓါတ်မီးဖြင့်ထိုးဖို့ ချိန်ရွယ်လိုက်သဖြင့် အောင်ကိုဖျတ်ခနဲ လက်ဖြင့်လှမ်းပုတ်ကာ. . .

"ဓါတ်မီးမထိုးနဲ့ဦး မြတ်သော ငါတို့ အဲဒီနေရာကို တိတ်တိတ်လေးသွားပြီး လိုက်ကြည့်ရအောင်၊ ဟိုရောက်မှ လင်းခိုင်ကို ခေါ်ထုတ်ဖို့ မီးစင်ကြည့် ကရမှာပဲ"

"အေးပါ. . ငါ မေ့သွားလို့ပါ"

မြတ်သော ဓါတ်မီးကို ခါးကြားထိုးလိုက်ပြီး ရှေ့မှာပိတ်နေသော ဆူးချုံတွေကို လက်နှင့်ဖယ်ရှားပြီး လင်းခိုင်ရှိရာသို့ သတိကြီးကြီးဖြင့် တိုးကပ်လာလိုက်ကြသည်။

"ဟင်. . ရှေ့က ဂူကြီးလားမသိဘူးကွ၊ ဟာ. . ဟိုမှာလည်း ငါတို့ရှာနေတဲ့ စေတီပျက်ကြီးပဲ၊ ဩော်. . ငါ့နှယ် နီးလျက်နဲ့ ဝေးနေရတယ်လို့ကွာ"

မြတ်သောစကားကြောင့် အောင်ကိုပါ စေတီပျက်ကြီးကို လှမ်းတွေ့သွားသည်။ သို့သော် စေတီပျက်ကြီးရှိရာသို့ မသွားသေးပဲ လင်းခိုင်ကို တရွတ်ဆွဲခေါ်သွားသည့် ဂူနားသို့ ခြေသံလုံလုံ နင်းလာလိုက်ကြသည်။

"ဟာ. . ဘာမှ မမြင်ရတော့ဘူး"

ဂူထဲရောက်သွားပြီမို့ လရောင်သည် လင်းထင်းခြင်း မရှိတော့။

"ငါတို့ ဓါတ်မီးမသုံးရင် မဖြစ်တော့ဘူးကွ၊ ဘာမှကို မမြင်ရတော့ဘူး"

"အေး မသုံးလို့မှမဖြစ်တော့တာ သုံးရတော့မှာပေါ့"





ခါးကြားမှာ ထိုးထားသော ဓါတ်မီးကို ယူကာ ဂူအတွင်းပိုင်းကို ထွန်းထိုးလိုက်သည်။

"ဟာ. . . လင်း. . လင်းခိုင်"

"ဟင်. . ဗုဒ္ဓေါ၊ ကိုယ်ကျိုးတော့ နည်းကုန်တော့မှာပဲ"

ဂူထဲတွင်မြင်လိုက်ရသော အဖြစ်အပျက်တို့ကြောင့် မြတ်သောနှင့် အောင်ကိုတို့ ရင်ထဲမှ အကြောက်တရားတွေသည် ဝုန်းခနဲခန်ပြန်၍ ထွက်သွားကြသည်။

"မျောက်. . မျောက်ကြီးပဲ၊ ဟူး. . ငါ့နှယ်ကွာ၊ လင်းခိုင်ပြောသလို သရဲများ ဆွဲသွားတာလားလို့ ရင်ကိုထိတ်သွားတာပဲ"

"မြတ်. . မြတ်သော. . ကြည့်. . ကြည့်လုပ်ဦး၊ ဟို. . ဟိုမှာ မျောက်ကြီးက လင်းခိုင်ရဲ့အင်္ကျီကို ဆွဲချွတ်နေပြီ"

"အေးကွ. . ဘာလုပ်ဖို့လဲ မသိဘူး၊ သူ့ကိုယ်ပေါ်မှာလည်း လင်းခိုင်အင်္ကျီတစ်ထည် ဝတ်ထားတယ်"

"ဒီမျောက်ပုံစံ ကြည့်ရတာ၊ လူနဲ့ အတော်လေးနီးစပ်နေပုံပဲကွ"

သူငယ်ချင်းနှစ်ယောက် အခြေအနေကိုစောင့်ကြည့်ရန်. . ကျောက်နံရံဘေးအကွယ်တွင် ရပ်ကြည့်နေလိုက်၏။

မျောက်ကြီးမှာ မီးအလင်းရောင်ကြောင့် ဟိုဒီဝေ့ကြည့်ကာ ခန်ဆွဲခုန်ဆွဲဖြင့် သူ့ရှေ့တွင်ရှိနေသော လင်းခိုင်ကို အရုပ်လေး တစ်ခုပ်နှယ် ဟိုတို့ဒီတို့နှင့် ကလူကျီစယ်နေ၏။

နှစ်ယောက်သား မျောက်ကြီး ဘာဆက်လုပ်မလဲဟူသော သိချင်စိတ်ဖြင့် ငြိမ်သက်စွာ မှင်သက်ငေးမောနေမိကြ၏။

ရုတ်တရက် မျောက်ကြီး၏ အပြုအမူကြောင့်. . .

"ဟာ. . မြတ်. . မြတ်သော၊ မျောက်. . မျောက်က လင်းခိုင်ကို အမြှုပ်ကျင့်တော့မယ် ထင်တယ်ကွ၊ ဟို. . ဟိုမှာ. . ဘောင်းဘီဆွဲချွတ်နေပြီ၊ အဟီး. . ခွီး. . ခွီး. . ခွီး. . မျောက်အထီး မဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး”

အောင်ကို မအောင့်နိုင်သဖြင့် ခပ်ကျိတ်ကျိတ် ရယ်နေ၏။

“ငါတို့ ဆက်ပြီးကြည့်နေရင် ဒီကောင်တော့ လူညွှန့်တုံးတော့မယ် အောင်ကိုရေ၊ ငါတို့ ကယ်မှရတော့မယ်”




မြတ်သော ပြောပြောဆိုဆိုဖြင့် အနီးရှိ ကျောက်ခဲတုံးကို ကုန်းကောက်ကာ မျောက်မကြီးရှိရာသို့ လှမ်းပစ်လိုက်သည်။

“ဘုတ်. . .”

“အင့်. . အီး. . ကွီ. . ကွီ. . ကွီ. . ခွီး. . ခွီး”

မျောက်မကြီးမှာ လင်းခိုင်၏ ဘောင်းဘီကို ဆွဲချွတ်နေရာမှ သူ့ကျောကုန်းကို ကျောက်ခဲတုံး ထိမှန်သွားသဖြင့် ကြောက်လန့်တကြားဖြစ်ကာ ဂူအပြင်သို့ ပြေးထွက်သွား၏။ မြတ်သောရော အောင်ကိုရော ပြေးထွက်လာသောမျောက်ကြီး မြင်မည်စိုး၍ သူတို့ကိုယ်ကို





ကျောက်နံရံဘေးဝပ်ကာ ပုန်းနေကြ၏။

မျောက်ကြီး ဂူအပြင် ထွက်သွားသည်နှင့် မြတ်သောနှင့် အောင်ကို လင်းခိုင်နားသို့ ပြေးဝင်လာကြ၏။

“လင်းခိုင်. . လင်းခိုင်”

အောင်ကို လင်းခိုင်၏ လက်မောင်းကို အတင်းလှုပ်နှိုး၏။

“ကြည့်ပါဦး အသက်များ ထွက်သွားပြီလား၊ သူ့စိတ်ထဲ သရဲဆုပ်ချိုးခံရပြီး သေပြီဆိုပြီးတော့လေ”

လင်းခိုင် နှာခေါင်းဝတွင် လက်ညှိုးတစ်ချောင်းတေ့ပြီး အသက်ရှူမရှူ ကြည့်လိုက်သည်။ မြတ်သော စိုးရိမ်စိတ်တွေ ပျောက်သွားသည်။

“အသက်ရှိပါသေးတယ်ကွ၊ ဒီကောင် ကြောက်ချေးပါပြီး သတိလစ်နေတာ ဘာမှမဖြစ်ဘူး”

မြတ်သော စကားပင် မဆုံးချင်သေး၊ လင်းခိုင် တအင်းအင်း ညည်းတွားပြီး မျက်လုံးဖွင့်လာသည်။

“ဟင်. . . မြတ်. . မြတ်သော၊ ငါ. . ငါ. ဘာဖြစ်သွားပြီလဲ၊ သ. . သရဲရော”

ကြောက်လန့်တကြားဖြင့် ဝေါက်ခနဲထထိုင်ကာ မေးလိုက်သော လင်းခိုင်၏ပုံစံမှာ ကြောက်စိတ်မပြေသေး။

“သရဲက အမွေးတွေနဲ့ ငါ့ကိုအတင်းချုပ်ပြီး ဆွဲခေါ်လာတာ”

လက်တွေမှာ အနည်းငယ်ပွန်းရှသွားသော ဒဏ်ရာတွေကို ကြည့်ပြီး လင်းခိုင် ငိုသံပင် ပါလုနေပြီ။

“စိတ်ချပါကွာ၊ မင်းကို သရဲက ဘာမှမလုပ်နိုင်ပါဘူး၊ အင်းသာလောဆယ်တော့ မင်းက မျောက်မရဲ့လင် ဖြစ်သွားပြီ”

“ဘာ. . .”

လိုဏ်ဂူထဲမှာမို့ အထိတ်တလန့် ဘာလိုက်သော လင်းခိုင်၏



www.burmeseclassic.com

www.burmeseclassic.com



အသံမှာ ပွဲတင်ထပ် ကျယ်လောင်သွားရ၏။ မျက်လုံးအစုံမှာ အဆမတန် ပြူးထွက်လာကာ အသားတွေပင် တဆတ်ဆတ်တုန်လာ၏။

"မင်း. . မင်းတို့ ငါ့ကို ဘာပြောလိုက်တယ်"

"မင်း ဒီဂူထဲမှာနေတဲ့ မျောက်မနဲ့ Living together ဖြစ်သွားပြီ အဲ့ဒီအတွက် စိတ်မကောင်းပါဘူးကွာ၊ ငါတို့လည်း မင်းကို အချိန်မီရှာပြီး ကယ်တာပါပဲ"

မှင်သေသေနှင့် အတည်ပေါက်ပြောနေသော အောင်တို့စကားကို လင်းခိုင် သံသယ လုံးဝမရှိပေမယ့် သူ့မျက်နှာပေါ်မှ ရှုတ်စိတ်နှင့် ဒေါသတရားတွေက မျက်နှာပေါ်ရှိအကြောတွေကို တဆတ်ဆတ် တုန်ယင်နေစေသည်။

"ဒါ. . ဒါဆို ငါ့ကို ဆွဲခေါ်လာတာ သရဲမဟုတ်ဘူးလား"

"မဟုတ်ဘူး၊ မင်းအင်္ကျီကို ယူဝတ်ထားတဲ့ မျောက်မကြီး တစ်ကောင်ပဲ မင်းသတိလစ်နေတုန်း မင်းဘဝကို သူ အပိုင်သိမ်းလိုက်တာလေ"

အောင်ကို ဘာကြောင့်ခုလိုပြောနေသည်ဆိုတာကို မြတ်သော သဘောသိပ်မပေါက်ပေမယ့် ဖရိုဖရဲ ထိတ်လန့်ကြောက်ရွံ့နေသော လင်းခိုင်ကို နောက်ပြောင်ကျီစယ်ချင်သေးသည်။

"ကဲ. . . သူငယ်ချင်း မင်းခါးကဘောင်းဘီကို သေချာဝတ်လိုက်ပါဦး၊ တော်ကြာ မျောက်မကြီး နောက်တစ်ကြိမ်ထပ်ပြီး ပြန်ဝင်လာနေဦးမယ်"

မြတ်သော သတိပေးမှ လင်းခိုင် ပေါင်လည်လောက်ထိ ကျွတ်နေသော သူ့ခါးမှ ဂျင်းဘောင်းဘီကို ငုံ့ကြည့်ပြီး. . .

"ဟာ. . . အောင်မလေး၊ ကိုယ်ကျိုးတော့ နည်းပါပြီ၊ အီး. . ဟီး. . ဟီး. . ဒီမျောက်မ၊ နှာဘူးမ၊ ဗိုင်းနှာမမျောက်၊ မသာမမျောက်၊ လင်တရှူးမမျောက် တက်ညှောင့်ချင်ရင် သူနဲ့မျိုးတူတဲ့ မျောက်ထီးတွေနဲ့





နေ့ပါတော့လား၊ ငါ့လို မိန်းမတောင် အတည်မယူရသေးတဲ့သူကိုမှ ဖက်ပြီး စော်ကားမော်ကား လုပ်သွားရသလား"

ငိုကြီးချက်မ ဝမ်းနည်းပက်လက်ဖြင့် တရှုံ့ရှုံ့ငိုချင်နေသော လင်းခိုင်ကိုကြည့်ပြီး မြတ်သောနှင့် အောင်ကို ခွက်ထိုးခွက်လှန် ရယ်လိုက်ချင်ပေမယ့် ဒီကောင့်သောကတွေကို ကြိုးရှည်ရှည်နှင့် ဆွဲဆန့်ထားချင်သေး၍ မရယ်မိအောင် ဟန်ဆောင်ထိန်းပြီး စိတ်မကောင်းဖြစ်လွန်းသော မျက်နှာလေးတွေဖြင့် မျက်လုံးပေကလတ် ပေကလတ်ကလေးတွေနှင့် ဝမ်းနည်းပက်လက်ငိုယိုနေသော လင်းခိုင်ကို ကြည့်နေလိုက်ကြသည်။

မိန်းမမြင်လျှင် ဝါးလုံးကို လုံချည်ဝတ်ပြီး ပန်းပန်ပေးထားလျှင်တောင်မှ ခပ်ဖြောင့်ဖြောင့်လေးလဲ လှတာပဲဆိုပြီး အလွတ်မပေးချင်သော ကောင်စားမျိုးကို ပညာပေးဖို့ အချိန်သင့်လာပြီမို့ အောင်ကို အမင်တကာပင် နှိပ်ကွပ်လိုက်ခြင်း ဖြစ်သည်။

ဒါမှသာလျှင် မြတ်သောတို့ အဘိုးရွာရောက်လျှင် ရွာမှ မိန်းမချောလေးများ လင်းခိုင်၏တဏှာစက်ကွင်းမှ လွတ်မြောက်ဖွယ်ရာ ရှိတော့၏။

ထိုအတွေးကို ခဏသိမ်းပြီး သူငယ်ချင်းသုံးယောက် လင်းခိုင်၏ ကျောပိုးအိတ်ကို ရှာမနေတော့ဘူးဟု စိတ်ဆုံးဖြတ်ကာ ဂူထဲမှာ ခပ်သုတ်သုတ်ထွက်ဖို့ ပြင်လိုက်ကြသည်။

"ဟာ. . တွေ့ပြီ၊ ကျောပိုးအိတ် တွေ့ပြီ"

ဂူပေါက်ဝ မြေကြီးပေါ်မှာ အဝတ်တွေ ဖရိုဖရဲ ထွက်ကျနေသော လင်းခိုင်၏ ကျောပိုးအိတ်ကို မြတ်သော တက်နင်းမိ၍ ဓါတ်မီးနှင့် ထိုးကြည့်လိုက်သည်။ ကျောပိုးအိတ်ထဲမှ မျောက်မဝတ်ထားသော အင်္ကျီတစ်ထည်မှလွဲ၍ တခြားပစ္စည်းတွေ ဘာတစ်ခုမှမပျောက်။

"တောက်. . မျောက်ကန်းမ ငါ့ကိုလည်း ဆွဲစားသွားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့အကျီကိုလည်း ယူဝတ်သွားတယ်”

လင်းခိုင် မကျေမနပ်နှင့် တွတ်ပွတွတ်ပွပြောပြီး ကျောပိုးအိတ် ကောက်လွယ်လိုက်သည်။

“မင်းကလည်းကွာ ကိုယ့်အသွေးအသားတောင် ပေးဆပ်ပြီး သွားမှတော့ ပြောမနေပါနဲ့တော့၊ ဘာပဲဖြစ်ဖြစ် သူက မင်းမိန်းမ ဖြစ်သွားပြီပဲ. . ဟဲ. . ဟဲ”

“တော်တော် အောင်ကို မင်း ဆက်မပြောနဲ့၊ ငါ သေချင်စော် နံလွန်းလို့”

လင်းခိုင် ရှူးရှူးရှားရှားဖြင့် ဟန့်လိုက်၏။ ညသည် နက်သထက် ပို၍နက်လာလေပြီ။ ထိုနေရာမှာပဲ သူတို့ညအိပ်လိုက်ကြပြီး. . မိုးလင်းမှထပြီး ခရီးဆက်ခဲ့ကြသည်။









# အခန်း(၅)

**“ဟား**. . ဟိုမှာတွေ့ပြီ၊ မိုင်တိုင်ခုနစ်ကို တွေ့ပြီ”

မြတ်သော လက်ညှိုးထိုးရာကြည့်လိုက်တော့ ကျောက်တိုင်ပု လေးတွင်ရေးထားသော မိုင်တိုင်နံပါတ်(7)ကို တွေ့ရ၏။

အောင်ကိုနှင့် လင်းခိုင် မျက်လုံးပြူးသွားကြသည်။ မိုင်တိုင်စိုက် ထားသည့် ရွာအဝင်လမ်းသည် ကိုယ်တွေးထင်ထားသလို ဖုန်တွေ တထောင်းထောင်းထနေသော လမ်းမဟုတ်၊ လှိုက်လှဲစွာ ကြိုဆိုပါ၏ ဟူသော စာတန်းနှင့်အတူ ထည်ဝါစွာရှိနေပြီး ကွန်ကရစ်ခင်းထားသော



www.burmeseclassic.com

www.burmeseclassic.com



လမ်းမကျယ်ကြီး ဖြစ်သည်။ ထိုလမ်းကြီး၏ဘေးတွင် ခနောက်စိမ်းရွာဟု ရေးထားသော ပုရပိုက်ပုံစံ ဆိုင်းဘုတ်ကြီးကို ခန့်ထည်စွာ စိုက်ထူထား၏။

"ရွာသာဆိုတာယ်၊ ငါတို့ ရန်ကုန်က ရပ်ကွက်တွေထက်တောင် သားနားနေပါလားကွာ"

အောင်ကို တအံ့တသြဖြင့် ဆိုလိုက်၏။

"အေးလေ အိမ်ကြီးအိမ်ကောင်းတွေနဲ့ ရွာတည်ထားတာပဲ၊ ဟိုမှာ ကြည့်ပါဦး တိုက်ကြီးတွေ အကြီးကြီးတွေ"

သူငယ်ချင်း သုံးယောက်စလုံး ရွာလမ်းမကြီးအတိုင်း ဟိုငေးဒီငေးဖြင့် ဝင်လာခဲ့ကြသည်။ ရွာကလေးဟု မဆိုသာလောက်အောင် ခေတ်မီသော တိုက်တာအဆောက်အအုံကြီးတွေနှင့် သာသာယာယာရှိနေသော ထိုရွာလေးသည် ရန်ကုန်မှ ချမ်းသာသောလူတွေနေသည့် ရွှေတောင်ကြားတို့ ပါရမီရိပ်သာတို့လို ဆိတ်ငြိမ်ရပ်ကွက်လေးလို ဖြစ်နေသည်။

"ငါတို့ ဆေးဆရာကြီး ဦးဘမောင်ကို ဘယ်လိုမေးရမှန်းတောင် မသိဘူး၊ လူရောရှိရဲ့လားကွာ"

လင်းခိုင် ငြိမ်သက်တိတ်ဆိတ်နေသော တိုက်ကလေးတွေကို ဟိုဘက်ဒီဘက် ဝေ့ဝဲငေးကြည့်ပြီး ခပ်တိုးတိုး ညည်းလိုက်သည်။

"ဟဲလို ဘယ်သူ့ကို ရှာနေတာပါလဲ၊ ဘာအကူအညီ ပေးရမလဲ"

ရုတ်တရက် ခြံတစ်ခြံ၏ တံခါးဝမှာ ခေါင်းပြူပြီး မေးလိုက်သော အသံသာသာလေးကြောင့် သုံးယောက်သား ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

ခြံတံခါးဝမှာ ပေါ်လာသော မျက်နှာလှလှလေးကြောင့် လင်းခိုင်၏မျက်နှာမှာ ပင်ပန်းနွမ်းနယ်နေသမျှ အကုန်ပျောက်ကာ ဖြီးခနဲ





ဖြစ်သွားသည်။

"လှ. . လှလိုက်တာကွာ"

"ဟေ့ကောင်၊ မင်း တဏှာပိုးတွေ ခဏသိမ်းထားဦး၊ ခုချိန်မှာ အိမ်လိပ်စာမေးဖို့က အဓိက"

မြတ်သော ခပ်ကျိတ်ကျိတ်ပြောကာ သတိပေးလိုက်သဖြင့် လင်းခိုင် မျက်နှာပိုးသတ်ကာ ကုတ်သွားသည်။

"ဒီကညီမ တစ်ခုလောက်ကူညီပါလား"

"တစ်ခုမကဘူး၊ အခုတစ်ရာလောက် ကူညီလို့ရတယ်"

ကောင်မလေး ပြုံးရွှင်ရယ်မောကာ ခပ်နောက်နောက် ပြန်ပြောသဖြင့် မြတ်သောပါ လိုက်ရယ်လိုက်သည်။

"ဒီရွာမှာ ဆေးဆရာကြီး ဦးဘမောင် ရှိတယ်မဟုတ်လား"

"ရက်စ်"

ကလေးဆန်သော အမူအရာနှင့် ပြောလိုက်သော ကောင်မလေးကြောင့် သုံးယောက်စလုံး စိတ်အေးသလို ရှိသွားကာ. . .

"ဒါ. . ဒါဆို ဘယ်နားလောက်မှာ ရှိလဲဟင်၊ ကိုယ်တို့ကို ညွှန်ပြပေးပါလား"

"အစ်ကိုတို့က အဲဒီကို ဘာလို့သွားမှာလဲ၊ ဆေးသွားကုမလို့လား"

"အင်း. . ဟုတ်တယ်၊ ဟာ. . အဲ. . မ. . မဟုတ်ပါဘူး. . တည်း. . တည်းမလို့ပါ"

"သြော်. . ဆေးလာကုတာလားလို့"

"သမီး ယဉ်နန်းရေ ထမင်းစားကြရအောင်ကွယ်"

အိမ်ထဲမှ လှမ်းအော်ခေါ်သော မိန်းမကြီးတစ်ယောက်၏ အသံကြောင့် ကောင်မလေး သူ့အိမ်ထဲကို လှည့်ကြည့်ပြီး. .

"ဟုတ်. . မေမေလာမယ်၊ ဒီမှာ ဧည့်သည်နဲ့ စကားပြောနေ



www.burmeseclassic.com

www.burmeseclassic.com



လို့"

"ဧည့်သည်ဟုတ်လား၊ ဒါဆိုရင်လည်း ထမင်းတစ်ခါတည်း စားရအောင် ခေါ်လိုက်ပါကွယ်"

"ဟုတ်ကဲ့ . . မေမေ"

အိမ်ထဲမှ မိန်းမကြီး ထမင်းစား ခေါ်ခိုင်းမှပင် သုံးယောက်စလုံး၏ ဗိုက်ထဲမှ တဂွီဂွီအသံတွေက သံပြိုင်ညီညီ ထွက်လာကြ၏။

ထိုအသံကို ကောင်မလေးကြားပြီး ခိခနဲရယ်လိုက်ပြီး ကော့ရှန်းသော မျက်ဝန်းကြည်ကြည် ဝိုင်းဝိုင်းလေးကိုပင့်ကာ . . .

"ကဲ . . . အစ်ကိုတို့ ဗိုက်ဆာနေကြပြီ မဟုတ်လား၊ လာပါ အိမ်ထဲဝင်ပြီး ထမင်းသုံးဆောင်ကြပါဦး"

ပျူပျူငှာငှာ ခေါ်နေသော ကောင်မလေး၏ ထမင်းစားအတင်းဖိတ်နေသော စေတနာကြောင့် မြတ်သော ငြင်းရခက်သော မျက်နှာဖြင့် ခေါင်းကို ခပ်ဖြည်းဖြည်းခါကာ . . .

"ဟို . . နေ . . နေပါစေ ညီမလေးရယ် ကျေးဇူးတင်ပါတယ်၊ ဟိုလေ အစ်ကိုတို့ တခြားရွာကို ခရီးထပ်ဆက်ရဦးမှာမို့လို့ပါ"

ကောင်မလေး၏ မျက်လုံးလက်လက်ကလေးမှ အလိုမကျဟန် အထင်းသား ပေါ်လွင်သွားပြီး နှုတ်ခမ်းစူသွားကာ . . .

"ကြည့် ယဉ်နန်းတို့ရဲ့ စေတနာကို ခုလိုမျိုး ငြင်းရက်တယ်ပေါ့၊ အစ်ကိုကသာ ပဲများပြီးငြင်းနေတာ . . အစ်ကို့နောက်က အစ်ကိုနှစ်ယောက်က တော်တော်လေး ဗိုက်ဆာနေကြပုံပဲ၊ လာပါ အားမနာပါနဲ့၊ တစ်ခါတည်း ဝင်စားလိုက်ကြပါ"

"ဟုတ် . . ဟုတ်သားပဲကွာ၊ ငါတို့ ဘာမှမစားရတာ မနေ့နေ့လယ်လောက်ကတည်းက မဟုတ်လား၊ အိမ်ရှင်က ဒီလောက်ခေါ်နေမှတော့ ဝင်စားလိုက်ပါ"

လင်းခိုင်မှာ တဂွီဂွီအော်နေသော သူ့ဗိုက်ကို ပွတ်လိုက်ပြီး





မြတ်သောကို ဆက်မငြင်းအောင် တိုက်တွန်းလိုက်သည်။ အောင်ကိုကတော့ မှင်သေသေနှင့် ဘာမှကိုမပြောဘဲ ငြိမ်ပြီးရပ်နေသည်။

"ဟဲ့ . . သမီး ဧည့်သည်တွေကိုပါ ပါအောင်ခေါ်လေ၊ ဒီမှာ ထမင်းပွဲ ပြင်ပြီးနေပြီ"

အထဲမှ အသံလှမ်းပြုနေပြန်သဖြင့် မြတ်သော ပို၍ ငြင်းရခက်သွား၏။

"အင်းလေ ဒီလောက်ဖိတ်နေမှတော့ အားနာပါးနာနဲ့ ဝင်ပြီး စားရတော့မှာပေါ့"

မြတ်သော ထမင်းဝင်စားဖို့ သဘောတူလိုက်သည်နှင့် ခြံတံခါးကြီး ကျွီခနဲ ပွင့်လာသည်။

"ဝင်ပါ အစ်ကိုတို့"

ယဉ်နန်း ဖွင့်ပေးသော ခြံတံခါးမှ အိမ်ထဲကို လှမ်းဝင်လိုက်ကြသည်။ ခြံကလေးသည် သစ်ပင်ပန်းပင် အစုံဖြင့် ဥယျာဉ်လေးတစ်ခုလို ကြည့်၍ ကောင်းလွန်းနေ၏။ ခေတ်မီလှပသော တစ်ထပ်တိုက် ပုပုလေးထဲ ဝင်လိုက်သည်နှင့် စိမ့်ခနဲအေးသွားသောခံစားမှုကို သုံးယောက်သား ပြိုင်တူခံစားလိုက်ကြသည်။

"လာကြ သားတို့၊ ကြုံကြိုက်တုန်း မြိန်မြိန်ရှက်ရှက်လေး စားသွားကြပါကွယ်"

ထမင်းစားခန်းဆီမှ ထွက်ပေါ်လာသော အဒေါ်ကြီး၏ ဖော်ရွေသော အသံနှင့်အတူ ဟင်းမျိုးစုံ အနံ့က နှာခေါင်းထဲသို့ စုပြုံတိုးသိပ်စွာ တိုးဝင်လာကြသဖြင့် ဗိုက်က ပိုလို့တောင် ဆာ၍လာကြသည်။

"လာကြပါအစ်ကို ထမင်းစားခန်းက ဒီဘက်မှာပါ"

အသံသာပြီး ရုပ်ကလေး လှသလို ဝတ်ထားပြင်ဆင်ပုံကလည်း ရန်ကုန်သူနှင့်မခြား ခေတ်မီလှပလွန်းနေသည်။ လင်းခိုင်၏ခြေလှမ်းတွေက ယဉ်နန်းညွှန်ပြနေသော ထမင်းစားခန်းကို အလိုက်သင့် လှမ်း



www.burmeseclassic.com

www.burmeseclassic.com



နေပေမယ့် အကြည့်တွေက မီနီစကတ်တိုတိုဝတ်ထားသော ယဉ်နန်း၏ ပေါင်တံသွယ်သွယ်လျလျလေးဆီသို့ အဆီးအတားမဲ့စွာ ရောက်နေ၏။

"နတ်သမီးလေးများလားလို့ ထင်ရလောက်အောင် ရှယ်ကို လှတယ်ကွာ"

အောင်ကို့ကို မကြားတကြား ကပ်ပြောနေသော လင်းခိုင်၏ ခပ်တိုးတိုးအသံကို ယဉ်နန်း ကြားသွားပုံရသည်ထင်၏။ ခစ်ခနဲ ရယ်သံ ခပ်တိုးတိုး ထွက်လာသည်။

"ဝင်ထိုင်ကြ သားတို့၊ ဟင်းတွေကတော့ မြင်တဲ့အတိုင်းပဲ၊ အစုံကို ချက်ထားတာ၊ အဝစားသွားကြနော်၊ အန်တီတို့ရွာကိုလာတဲ့ လူစိမ်းဧည့်သည်မှန်သမျှ ခုလိုပဲ ထမင်းဖိတ်ကျွေးလိုက်ရမှ ကျေနပ်တာ၊ ကိုယ့်အိမ်လို သဘောထားပြီး စားကြနော်၊ သမီးရေ ညည်းအစ်ကိုတွေ ထမင်းစားပြီးရင် အချိုတည်းဖို့ သစ်သီးလေးဘာလေး ကြိုပြီး ပြင်ဆင်ပေးထားလိုက်ပါကွယ်"

"ဟုတ်ကဲ့ မေမေ၊ ခရီးသွားဧည့်သည်တွေ များသောအားဖြင့် လမ်းမှားပြီး ယဉ်နန်းတို့ မိုင်တိုင်ခုနစ်ကို မကြာမကြာ ရောက်တတ်ကြတယ်လေ အစ်ကိုရဲ့၊ အဟင်း. . ဟင်း. . ပြီးရင် ဒီရွာကနေ မခွာနိုင် ဖြစ်သွားကြရော"

ယဉ်နန်း၏ စကားကြောင့် ထမင်းစားပွဲထိုင်ခုံမှာ ဝင်ထိုင်လု ဆဲဆဲဖြစ်သော မြတ်သောမှာ ထိုင်ရမလို ထရမလို ဖြစ်သွားကာ. .

"ဘာ. . ဘာဖြစ်လို့ မခွာနိုင် ဖြစ်သွားရတာလဲဟင်"

"အဟင်း. . ဟင်း မစိုးရိမ်ပါနဲ့ အစ်ကိုရဲ့၊ ယဉ်နန်းတို့ ရွာသူလေးတွေက အရမ်းလှအရမ်းချောတဲ့အပြင် အရမ်းလည်းခေတ်မီနေကြပြီလေ၊ အိမ်တိုင်းအိမ်တိုင်းက သူ့စီးပွားရေးနဲ့သူ အောင်မြင်နေကြတော့ ခနောက်ရွာမှာ လိုချင်တာမှန်သမျှ မရဘူးဆိုတာ မရှိကြဘူး၊ အစ်ကိုတို့ မာဆတ်သွားမလား၊ ကာရာအိုကေ သွားမလား၊ ချက်တင်





ထိုင်မလား၊ ရေကူးမလား၊ ဂေါက်ရိုက်မလား. . လိုအပ်ရင် ဆောင်ကြာ မြိုင်တွေကိုတောင် သွားလို့ရတယ်၊ ဒါကြောင့် ဒီရွာမှာ ပျော်စရာတွေ များလို့. . ဧည့်သည်တွေက ရောက်လာရင် တော်တော်နဲ့မပြန်ဖြစ်ကြ တော့ဘူးလေ"

"ဩော် ဒီလိုလား၊ ရွာလေးက ရွာလို့တောင် အမည်တပ်လို့မရ အောင် မြို့နေလူထုပုံစံနဲ့ အားလုံးအဆင့်အတန်း မီကြတယ်နော်"

"ဟုတ်တယ် အစ်ကိုရဲ့၊ အဓိကကတော့ ငွေပေါ့အစ်ကိုရယ်၊ ဒီရွာက တခြားရွာတွေထက် စီးပွားရေးပိုပြီး တောင့်တင်းခိုင်မာတယ် လေ"

"ကဲပါ သမီးရယ်၊ ဧည့်သည်တွေ ထမင်းစားဖို့ကို ငါ့သမီး ကိုယ့် ရွာအကြောင်း ကြွားလုံးထုတ်နေတာနဲ့ စားတဲ့စခန်းကို ရောက်မှာမ ဟုတ်တော့ပါဘူး"

"အင်း ဟုတ်သားပဲ၊ ယဉ်နန်းတို့က ဧည့်သည်ငတ်နေကြတဲ့ သူတွေဆိုတော့ စကားတွေ အများကြီး ပြောချင်နေကြတာလေ၊ စားကြ ပါ အစ်ကိုတို့"

ယဉ်နန်း သူတို့သုံးယောက်စလုံး၏ ထမင်းပန်းကန်ထဲသို့ ဟင်း တွေ အလျှိုအပယ် ခပ်ထည့်ပေး၏။ ဟင်းတွေကလည်း အသား၊ ငါး ပုစွန်၊ အစုံအလင် ချက်ပြုတ်ပြင်ဆင်ထားပုံများ ဘုန်းကြီးဗိုင်းလားဟု ပင် ထင်မှားရလောက်၏။

သုံးယောက်သား ဗိုက်ဆာဆာနှင့် ခေါင်းမဖော်တမ်းကို စား ပစ်လိုက်ကြသည်။ မည်မျှ စားမိကြသလဲဆိုလျှင် မြတ်သောမှာ လေး ပန်းကန်သာသာ အောင်ကိုနှင့် လင်းခိုင်မှာ ငါးပန်းကန် ခပ်မောက် မောက်လောက်ကို ဆာဆာနှင့် တီးပစ်လိုက်ကြ၏။

စားပြီးမှ ယဉ်နန်းဆိုသော ကောင်မလေးနှင့် သူမ၏ အမေကို အားနာသောဟန်ဖြင့် အရှက်ပြေရယ်ပြကြရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟို ကျွန်တော်တို့စားတာ တော်တော်လေးများသွားတဲ့အတွက် အိမ်ရှင်တွေအတွက်တောင် မကျန်တော့ဘူးထင်တယ်၊ အားနာလိုက်တာဗျာ"

မြတ်သော၏ အားနာလွန်းသော ရယ်ကျဲကျဲအပြောကြောင့် ယဉ်နန်း သဒ္ဒါမပျက်သော အပြုံးနုနုလေးပြုံးကာ. . .

"အားနာစရာ မလိုပါဘူး အစ်ကိုတို့ရယ်၊ အစ်ကိုတို့ နောက်ထပ်တစ်တင်းချက်လောက် ထပ်စားကြလည်း ယဉ်နန်းတို့အိမ်မှာရှိတဲ့ ထမင်းတွေ ဟင်းတွေက စေတနာတွေ ဝေဖြိုးနေတဲ့အတွက် မကုန်သေးပါဘူး၊ နောက်ထပ် ဧည့်သည်အယောက်တစ်ရာလာလည်း စားလို့ရသေးတယ်"

"ဟုတ်ပါတယ် တူတော်မောင်တို့ရယ်၊ ဘာမှ အားမနာပါနဲ့"

သစ်သီးပန်းကန်တွေကို စားပွဲပေါ် တင်ပေးရင်း စေတနာတွေ ဗရပွနှင့် ဖော်ရွေစွာပြော၏။

"ကဲ ရော့. . ဒီမှာ သစ်သီးတွေနဲ့ အချိုတည်းပါဦး"

အန်တီကြီး ချပေးသော သစ်သီးပန်းကန်ထဲမှ လင်းခိုင် စပျစ်သီး ခပ်ကြီးကြီးတစ်လုံးကို ဖြုတ်စားလိုက်၏။ အောင်ကိုက ပန်းသီးနီနီတစ်လုံးကို ယူကာ ဂွပ်ခနဲ ကိုက်လိုက်သည်။

မြတ်သောမှာသာ ဗိုက်တအားတင်းနေ၍ ဆက်မစားနိုင်. . ၊ ဆေးဆရာကြီး ဦးဘမောင်အိမ်သို့သွားရန် စိတ်လောနေသည်။

"အစ်ကို ခရီးဆက်ချင်နေပြီလား၊ ရောက်တုန်းရောက်ခိုက် ခဏတဖြုတ်တော့ အနားယူပါဦး၊ ဒီအိမ်ကြီးထဲမှာ အစ်ကိုတို့အတွက် အပန်းဖြေစရာတွေ အများကြီးရှိတယ်"

"ဟင်. . ဟုတ်လား၊ ဒါဆို မောင်း. . ဇယားရှိလား"

လင်းခိုင်စကားကြောင့် ယဉ်နန်း မျက်လုံးဝိုင်းဝိုင်းလေး ပိုဝိုင်းသွားကာ. . .

☺ အောင်မြင်ပါစေ ☺



"အဟင်း. . ခစ်. . ခစ်. . ခစ်၊ အစ်ကိုကလည်း အစ်ကိုတို့မြို့ကုန်မှာတင် ဇယားရှိတယ် မဟုတ်ပါဘူး၊ ယဉ်နန်းတို့ရွာမှာလည်း ဇယားရှိတယ်၊ အစ်ကိုတီးချင်ရင် လိုက်ပို့မှာပေါ့"

"ဟော့ကောင် မင်းကတော့ ရောက်တဲ့နေရာတိုင်း အကျင့်ဆိုးတွေကို ထုတ်သုံးတော့တာပဲ၊ ဒီလောက် အပေါက်ကျဉ်းနဲ့ မိထားလဲ အမှတ်မရှိဘူး"

ခပ်ကျိတ်ကျိတ် သတိလှမ်းပေးသော အောင်ကို့စကားကို လင်းခိုင် တမင်ပင် မကြားဟန်ပြုကာ. . .

"ဒါ. . ဒါဆို လိုက်ပို့ပါလား"

"လာလေ ညီမ လိုက်ပို့ပါ့မယ်၊ ဩော်. . ဒီအစ်ကိုတို့လည်း ဝါသနာပါရင် တစ်လက်စတည်း လိုက်တီးလို့ရတယ်နော်"

မျက်တောင်ကော့ကြီးများဝင့်ကာ လှမ်းခေါ်နေသော ယဉ်နန်းကို မြတ်သော ခေါင်းခါပြရင်း. . .

"နေပါစေညီမ အစ်ကိုတို့က ဝါသနာမပါဘူး၊ ဒီကောင်သာ ရောက်တဲ့နေရာတိုင်း ရိုးကိစ္စကို ဆော့နေတာ"

"ဒီလိုပေါ့၊ ယောက်ျားလေးဆိုတာ ဘယ်ကင်းပါ့မလဲ အစ်ကိုရယ်"

ယဉ်နန်း ပြုံးစစလေးနှင့် ခပ်ချွဲချွဲပြော၏။ ထို့နောက် လင်းခိုင်မှာ ယဉ်နန်းဆိုသော ကောင်မလေးနောက်မှ ခပ်ငေါ့ငေါ့ လိုက်သွားလေ၏။

မြတ်သောနှင့် အောင်ကိုပါ ထမင်းစားခန်းထဲမှ ထွက်ကာ အိမ်ရှေ့ဧည့်ခန်းထဲတွင် ထမင်းလုံးစီပြီး ကျန်ခဲ့ကြသည်။



☺ အောင်မြင်ပါစေ ☺

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

ရောင်စုံပန်းပင်တွေနှင့် ဥယျာဉ်တစ်ခုသဖွယ် လှနေသော ပန်းခြံကြီးကို ကျော်လွန်ပြီး တစ်ထပ်တိုက်ပုလေးဆီသို့ လင်းခိုင်ကို ခေါ်လာသည်။ ရှာဟု မဆိုဝံ့လောင်အောင် ခေတ်မီလှပသော အဆောက်အအုံပုံစံတွေက ကမ္ဘာသစ်တစ်ခုထဲသို့ ရောက်သွားသလို အရာရာဟာ ကြည်မွေ့လန်းဆန်းနေ၏။

"ကဲ. . အစ်ကို အဲဒီအထဲမှာ ဒွေးမယ်နော်တို့ အဖွဲ့ရှိတယ်၊ အစ်ကိုကြိုက်တဲ့သူကိုခေါ်ပြီး ဇယားခင်းလို့ရတယ်၊ သူတို့လေးတွေ





အစ်ကို့ကို စောင့်နေကြတယ်"

"ဗျာ. . ."

မျက်လုံးပြူးကြီးဖြင့် ဗျာလိုက်သော လင်းခိုင်စကားကြောင့် ယဉ်နန်း ခစ်ခနဲ ရယ်လိုက်ကာ. . .

"ရှက်နေတာလားအစ်ကို၊ အဟင်း. . ယဉ်နန်းတို့အဖို့တော့ ဒါကို ရှက်စရာလို့ မထင်တော့ပါဘူး အစ်ကိုရယ်၊ အစ်ကိုတို့လို ဧည့်သည်တွေ များများလာမှ ယဉ်နန်းတို့အတွက် အဆင်ပြေတာလေ၊ ကဲ သာပါ. . အစ်ကို မဝင်ရဲရင် ယဉ်နန်း လိုက်ပို့ပေးမယ်"

မှန်တံခါးကြီး တွန်းဖွင့်ကာ တိုက်ထဲကို ဦးဆောင်ဝင်သွားသော ယဉ်နန်းနောက်မှ ခပ်ကုပ်ကုပ် လိုက်လာသည့် အချိန်အထိ ယဉ်နန်း ပြောတာတွေနားမလည် ဇဝေဇဝါ. . .

ကိုယ်က မောင်းလောင်းချင်လို့ မောင်းပွဲစဉ်ဇယားကို မေးတာ ဘယ့်နှယ်ကြောင့် ဒွေးမယ်နော်ဆိုတဲ့ ကိန္နရီမတွေရဲ့နာမည်က ပါလာရ သာလဲ၊ ဒီနေရာမှာ တစ်ခုခုတော့ လွဲနေပြီဟု စိတ်ကအလိုလို သိနေ၏။

"ဟင်. . ဒါ. . ဒါ. . နတ်ပြည်ရောက်နေတာတော့ မဟုတ်ပါ ဘူးနော်"

မြင်ရသော မြင်ကွင်းကြောင့် လင်းခိုင် မျက်လုံးများ အဆမ တန် ပြူးကျယ်ဝိုင်းစက်သွား၏။

"လင်းခိုင်တို့အရွယ် ယောကျ်ားတစ်ဦးအား ဘေးမှ နတ်သမီး ဒတ်စုံလို ပြောင်ပြောင်လက်လက်တွေ ဆင်မြန်းထားသော မိန်းကလေး တစ်သိုက် အလုအယက် အကြွင်နာပေးကာ ဝိုင်းအုံပြုစုနေကြ၏။

လင်းခိုင် ရင်တွေ တဒိန်းဒိန်း ခုန်လာ၏။ အခြေအနေကိုလည်း သဘောပေါက်သွား၏။ သူပြောတာကို ယဉ်နန်း သဘောပေါက်လွဲသွားပြီး ဒီလိုနေရာမျိုးကို ခေါ်လာခြင်း ဖြစ်သည်။

ငါ့နှယ် တောထဲမှာတုန်းကလည်း မျောက်မရဲ့ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရပြီးပြီ၊ ခုတစ်ခါလည်း ဒီလိုမိန်းကလေးတွေနဲ့ ဇယားခင်းရဦးမယ်ဆိုလျှင် ကိုယ့်ခေါင်းကိုခွဲပြီး သေဖို့သာကောင်းတော့၏ဟု စိတ်ထဲကပင် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လိုက်၏။

"ကဲ. . အစ်ကို ဝင်လေ၊ သူတို့ကို အစ်ကို စိတ်တိုင်းကျမှာပါ"

"ဟို. . ဟိုလေ ကျွန်တော်ပြောတာ အဲ. . အဲဒီ ဇယားမဟုတ်ဘူး"

လင်းခိုင် စကားပင် မဆုံးလိုက်သေး၊ ဒွေးမယ်နော်တို့တစ်သိုက် လင်းခိုင်ကိုမြင်တော့ ချိုပြုံးသောအပြုံးတွေဖြင့် ပြုံးပြီးထွက်လာကြသည်။

"အစ်ကိုကြီး ကြိုဆိုပါတယ်၊ ဘယ်လိုပုံစံနဲ့ အနားယူချင်ပါသလဲ၊ ဒွေးမယ်နော်တို့က စိတ်တိုင်းကျ ဝန်ဆောင်မှုပေးပါတယ်၊ မာဆတ်ဝင်ချင်သလား၊ ဘီယာသောက်ချင်သလား၊ ကာရာအိုကေ ဆိုချင်သလား၊ အဲ. . ဒါမှမဟုတ် ဒွေးမယ်နော်အဖွဲ့ထဲက အချောဆုံး တစ်ယောက်နဲ့ အတူရင်ခုန်ချင်သလား"

လင်းခိုင် စိတ်အိုက်စွာဖြင့် ခေါင်းမှဆံပင်တွေထဲ လက်ငါးချောင်း ထိုးဖွရင်း. . .

"အဲ. . ဟို. . ကာ. . ကာရာအိုကေဆိုရင် ကောင်းမလားလို့ အိုကေ ဟုတ်. . ဟုတ်ပြီ. . ကိုယ် သီချင်းဆိုမယ်၊ ပြီးမှ ဒီကညီမတွေနဲ့ အတူတူ ပျော်ကြတာပေ့ါ၊ ဒါပေမယ့် ကိုယ်တစ်ယောက်ထဲတော့ မဟုတ်ဘူး၊ ကိုယ့်သူငယ်ချင်းတွေကို ပြန်ခေါ်လိုက်ဦးမယ်"

လင်းခိုင် စကားရောဖောရောဖြင့် နောက်ပြန်လှည့်ရန် အကြောင်းရှာလိုက်ခြင်း ဖြစ်သည်။

ကိုယ်နှင့်စိမ်းသည့် နေရာသစ်မှာ စိတ်ထင်တိုင်းကြဲလိုက်လျှင် နောက်ဆက်တွဲ ပြဿနာတွေက မမြင်နိုင်တဲ့နေရာကနေ ချုံခို၍ တိုက်ခိုက်နိုင်သည်။

မြတ်သောနှင့် အောင်ကိုလည်း ခွင့်ပြုမည် မဟုတ်. . .





"ဩော် အစ်ကိုကလည်း အစ်ကို့သူငယ်ချင်းတွေကို သွားခေါ်နေရာများ ယဉ်နန်း သွားခေါ်လည်း ရတာပဲလေ"

ယဉ်နန်းမှာ လင်းခိုင်ကို နောက်ကြောင်းပြန်မလှည့်စေလိုသည့် ပုံစံမျိုးဖြင့် တားသည်။

"အာ. . ယဉ်နန်းသွားခေါ်လို့ ဒီကောင်တွေ လိုက်မှာမဟုတ်ဘူး၊ သူတို့က ရှက်တတ်တယ်"

"ဩော်. . ဟုတ်လား၊ အဟင်း. . ခစ်. . ခစ်. . ခစ်၊ ဒါဆိုရင်လည်း အစ်ကိုပဲ သွားခေါ်လိုက်တော့၊ အစ်ကို့ထက် ဟိုအစ်ကို နှစ်ယောက်က ပိုချောတော့ ဒွေးမယ်နော်တို့က လိုတာထက်ပိုပြီးကို ပြုစုကြမှာ"

ကိုယ့်ကို သိပ်မချောဘူးဟု သွယ်ဝိုက်ပြောလိုက်သော စကားကြောင့် ဖီးငုပ်သွားသဖြင့် မချိသွားဖြဲ ရယ်ပြရင်း. . .

"အင်း. . အဟဲ. . ဟုတ်တယ်၊ သူငယ်ချင်းသုံးယောက်ထဲမှာ ကိုယ်က အရုပ်ဆိုးဆုံးပဲ. . သွား. . သွားခေါ်လိုက်ဦးမယ်နော်"

ယဉ်နန်းနှင့် ဒွေးမယ်နော်တို့အရှေ့မှ သုတ်ခနဲ လစ်ထွက်လာခဲ့လိုက်သည်။

ဘာတွေလည်း ခရီးစဉ်တစ်လျှောက် ဘယ်လိုအဖြစ်မျိုးတွေနဲ့ လာကြုံနေရတာပါလိမ့်၊ ဘယ်လိုမှကို မယုံနိုင်ဘူး၊ အိပ်မက်တွေ မက်နေတာများလားဟု သံသယဖြစ်ရအောင်လဲ ဒါဟာ အိမ်မက်မဟုတ်တာ သေချာတယ်။

ကောင်မလေးတွေ ရက်ရက်စက်စက် ပိုးစိုးပက်စက် ချောကြတာလဲ သေချာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်သော ငါတို့တော့ အပွေးခံရတော့မယ်ကွ"

ရေးကြီးသုတ်ပျာဖြင့် ဝင်လာကာ ဟိုကြည့်ဒီကြည့်ဖြင့် မြတ်သောနားကို တိုးတိုးလေးကပ်ပြောလိုက်သော လင်းခိုင်၏ အမူအယာမှာ ဂနာမငြိမ်. . . မဟုတ်တာတစ်ခုခု လုပ်ခဲ့သည့်ပုံမျိုး။

"ဘာ အပွေးခံရမှာလဲ လင်းခိုင်"

"ဒီနေရာက ဆောင်ကြာမြိုင်ကြီး ငါတို့ လွတ်အောင် မရှောင်နိုင်ရင် ပါသမျှ လောက်မှာတောင်မဟုတ်ဘူး"

"ဟင်. . ဟုတ်လား၊ ဒါဆို. . ငါတို့ ဒီအိမ်က အမြန်ထွက်မှ ဖြစ်မယ်"

မြတ်သောရော အောင်ကိုပါ ထိုင်ရာမှ ဆတ်ခနဲထကာ ကျောပိုးအိတ်ကိုယ်စီ ကောက်လွယ်လိုက်ကြသည်။

"လာကွာ ငါတို့ အချိန်ဆွဲမနေနဲ့တော့၊ ဘယ်သူမှ မသိခင် ဒီက အမြန်ထွက်နိုင်မှ ဖြစ်မယ်"

"အေး. . ဟုတ်တယ်"





"ဒါဆို မြန်မြန်လာကြ"

သုံးယောက်သား ခြံဝသို့ အပြေးတစ်ပိုင်းဖြင့် ခပ်သုတ်သုတ်ထွက်လာခဲ့ကြ၏။

"အစ်ကိုတို့ ပြန်ကြတော့မလို့လား"

ခြံဝတွင်ပိတ်ရပ်ပြီး မေးလိုက်သော ယဉ်နန်း၏ အမေးကြောင့် သုံးယောက်သား တုန့်ခနဲ ရပ်လိုက်ကြသည်။

ညှိုးမှိန်သောမျက်နှာဖြင့် မေးလာသော ယဉ်နန်းကို မြတ်သော အားနာစွာဖြင့် ကြည့်လိုက်သည်။

မျက်လုံးလေးတွေက တွေ့စကလို တောက်ပခြင်း မရှိတော့ပဲ တစ်စုံတစ်ခုကို စိုးရိမ်နေဟန်ဖြင့် မျက်လုံးတွေက ဂနာမငြိမ်၊ လက်ချောင်းများကို အမိပွါယ်မဲ့စွာဖြင့် တဖြောက်ဖြောက် ချိုးနေတော့၏။

"ယဉ်နန်းတို့ဆီကို လာတဲ့ဧည့်သည်မှန်သမျှ အစ်ကိုတို့လို ခုလေးနဲ့ မပြန်ကြဘူး၊ ဒီက ဒွေးမယ်နော်တို့ကို သဘောကျပြီး အကြာကြီး နေသွားကြတယ်"

ငယ်ငယ်ရွယ်ရွယ်နှင့် မတင့်တယ်၊ မသင့်တော်သော အရှက်အရာတွေကို ရောင်းစားနေသော ယဉ်နန်းကို မြတ်သော ဘာကြောင့်နှယ်မသိ နှမြောမိတာတော့ အမှန်ပါ။ တံတွေးတစ်ချက်ကို ဂလုခနဲမျိုချရင်း ငယ္ဘားခါးနာကာ ဝင်ပြီး ဆရာလုပ်မိပြန်၏။

"ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလိုအလုပ်မျိုးတွေ ဘာလို့လုပ်ရတာလဲ ညီမရယ်၊ အစ်ကိုတို့ ငြင်းရတာ အားနာပါတယ်၊ အစ်ကိုတို့ ဒီရွာကို ရောက်လာတာ လမ်းမှားရုံသက်သက်ပါ၊ တခြား ဘာရည်ရွယ်ချက်မှ မပါပါဘူး"

"ဒါပေမယ့် အစ်ကိုတို့ ပြန်သွားရင် ညီမ အရိုက်ခံရတော့မှာ"

"ဟင်. . . ဘယ်သူက ရိုက်မှာလဲ"

"မေမေလေ"



www.burmeseclassic.com

www.burmeseclassic.com



“ဩော်. . ယဉ်နန်းအမေက ဒီအလုပ်ကို ခိုင်းတာပေါ့”

“သူက ယဉ်နန်း အမေအရင်းမှ မဟုတ်တာ၊ ယဉ်နန်းတို့တွေကို အုပ်ချုပ်နေတဲ့ ဆောင်ကြာမြိုင် ပိုင်ရှင်ပေါ့၊ ဒီမှာ ယဉ်နန်းကလွဲပြီး ယောကျ်ားတွေကို ဖြူဆွယ်ရတယ်၊ ယဉ်နန်းတောင်ငယ်သေးလို့ ဖြူဆွယ်တဲ့အလုပ် မခိုင်းသေးတာတဲ့”

“ယဉ်နန်းမိဘတွေ မသိဘူးလား”

“ယဉ်နန်း ဒီရွာရောက်နေတာ သူတို့ မသိကြဘူး၊ ပြောဖို့လည်း အခွင့်အရေး မရခဲ့ဘူး၊ ဒီရွာက ကြောက်စရာ အရမ်းကောင်းတယ်”

“ဒါဆို ယဉ်နန်း ဒီကို ဘယ်လိုရောက်လာတာလဲ”

“မြွေကိုက်ခံရပြီး အပျင်းဖျားတယ်၊ သတိရတော့ ဒီဆောင်ကြာမြိုင်ကို ရောက်နေတယ်၊ ဒါနဲ့ အစ်ကိုတို့ရော ဘာဖြစ်လို့ ဒီရောက်လာကြတာလဲ”

“လမ်းမှားလာတာ”

“ဒါဆို. . စေတီပျက်ကြီးနားမှာရှိတဲ့ ကြာကန်ထဲကရေတွေ သောက်ခဲ့ကြတာပေါ့”

“ဟုတ်တယ်. . ”

“အင်းလေ အဲဒီရေကို သောက်တဲ့လူတိုင်း ဒီရွာကို ရောက်လာကြတာပဲ၊ အဲ့ဒီမှာ ဦးတင်လှကြီးက ဧည့်ကြိုပေါ့၊ လာသမျှ လူစိမ်း ဒီရွာကို အရောက်ပို့ဖို့က သူ့တာဝန်”

ယဉ်နန်း စကားတွေက ထူးဆန်းနေသည်ဟု မြတ်သော တွေးမိသည်။

“အစ်ကိုတို့ကို ယဉ်နန်း အကူအညီတောင်းချင်တယ်၊ ယဉ်နန်း အစ်မကို ပြောပေးပါ။ ယဉ်နန်း မိုင်တိုင်ခုနစ်က ခနောက်စိမ်းရွာကို ရောက်နေတယ်လို့ ယဉ်နန်းအစ်မက ယဉ်နန်းနဲ့ ရုပ်အရမ်းဆင်တယ်၊ ဘောဂရွာမှာနေတယ်”





“ဟုတ်လား အစ်ကိုတို့လည်း ဘောဂရွာကိုသွားမှာ စိတ်ချပါ ပြောပေးပါ့မယ်”

မြတ်သော ယဉ်နန်း၏ ခေါင်းကို ညင်သာစွာပုတ်ပြီး ကတိပေးလိုက်သည်။ ယဉ်နန်း ကျေနပ်သွားဟန်ဖြင့် နှုတ်ခမ်းလေးတွေ သွယ်ကာ ပြုံးယောင်သမ်းလာသည်။

အစ်ကိုတို့က လူကောင်းတွေပဲ၊ လောကမှာ ဥပုသ်စောင့်တဲ့ ကျား မရှိဘူးလို့ ပြောကြတယ်၊ ဒါပေမယ့် အခုရှိသွားပြီ သိလား. . ၊ အစ်ကိုတို့လိုမျိုး တည်ကြည်တဲ့ ယောကျ်ားတွေက ဂုဏ်သိက္ခာကို တန်ဖိုးထားတဲ့အတွက် ဥပုသ်စောင့်တဲ့ကျားတွေပေါ့”

ယဉ်နန်း၏ မျက်နှာလေးမှာ နေဆိပန်းလေးလို ညှိုးရော်နေသလို အသံတို့သည်လည်း တိုးဖျော့ညင်သာနေသည်။

“ကဲ. . အစ်ကိုတို့ ဒီကနေ အမြန်ဆုံး ထွက်သွားပါတော့၊ ဖြစ်နိုင်ရင် ဆေးဆရာကြီး ဦးဘမောင်အိမ်ကို မသွားတော့ပဲ ဒီကနေပဲ လှည့်ပြန်ပါတော့”

“ကိုယ်တို့ လမ်းပျောက်နေတာပါ။ ဦးဘမောင်က ဘောဂရွာကို ညွှန်ပေးပြီး လှည်းစီစဉ်ပေးမှာမို့ မသွားလို့မဖြစ်ဘူး”

“ဒီရွာကမိန်းမတွေ အရမ်းကိုထူးဆန်းတယ်၊ ဖြစ်နိုင်ရင် ရွာထဲကို မသွားပါနဲ့လို့ပဲ ယဉ်နန်းပြောချင်တယ်၊ ဒီကနေ မြောက်ဘက်ဒူးစူးကို ငါးမိုင်လောက်ဆက်သွားရင် သစ်တောရုံးတစ်ရုံးနဲ့ ရေလွှဲဆည်တစ်ခုကို တွေ့လိမ့်မယ်”

“အဲဒီနားမှာ ရွာတွေရှိသေးလို့လား၊ ကိုယ်တို့သွားမှာက ဘောဂရွာကိုလေ”

“ဒီရိုးမတစ်ဝိုက်နားမှာတော့ ရွာများများစားစားမရှိဘူး အစ်ကို ရွာကြီးဆိုလို့ ယဉ်နန်းတို့ ခနောက်စိမ်းရွာပဲရှိတယ်၊ အဲ. . သစ်တောရုံးလေးရောက်ရင်တော့ အဲဒီမှာ လူတစ်ယောက်ယောက်တော့



www.burmeseclassic.com

www.burmeseclassic.com



တွေ့မှာပဲ၊ အဲဒီကို သစ်လုံးတားတွေ အဝင်အထွက်ရှိတော့ အစ်ကိုတို့ သွားချင်တဲ့ရွာကို လမ်းကြုံလိုက်လို့ ရတာပေါ့လို့ ဟုတ်ဘူးလား"

"ဒီကြားထဲမှာ လမ်းလွှဲတွေ ရှိသေးလား၊ မတော် လမ်းမှားနေမှ ဖြင့်"

အောင်ကို့ အမေးကြောင့် ယဉ်နန်း မျက်လုံးလေး ထောင့်ကပ်ပြီး တွေတွေလေး စဉ်းစား၏။

"အင်း. . ရှိတယ်၊ ရှိနိုင်တယ်. . အစ်ကို၊ ယဉ်နန်းတို့ရွာက မိုင်တိုင်ခုနစ်မှာ ရှိတာဆိုတော့. . အဲ. . မိုင်တိုင်ရှစ်နားမရောက်ခင်မှာ ရေတံခွန်တစ်ခုကိုသွားတဲ့ လမ်းလွှဲတစ်ခုရှိတယ်၊ အဲဒီနေရာကို မှားပြီး ဝင်သွားမိရင် အစ်ကိုတို့ ပိုပြီးရွာလည်သွားကြလိမ့်မယ်၊ တောအရမ်းနက်တော့ အခန့်မသင့်ရင် တောကောင်တွေနဲ့ တွေ့ရလိမ့်မယ်"

ယဉ်နန်း ပြောပြနေရင်းမှ နောက်ကို မလုံမလဲ လှည့်ကြည့်ရင်း

"ကဲ. . . အစ်ကိုတို့ အမြန်သွားကြတော့၊ အမေထွက်လာရင် အစ်ကိုတို့ ဒီကထွက်မသွားဖြစ်အောင် နည်းမျိုးစုံသုံးပြီး တားနေဦးမယ်"

ခြံအပြင်ကို အတင်းတွန်းလွှတ်နေသော ယဉ်နန်း၏ စိုးရိမ်တကြီး ဟန်ကြောင့် မြတ်သောတို့ အချိန်ဆွဲမနေတော့ပဲ ယဉ်နန်းတို့ ခြံထဲမှ ခပ်သုတ်သုတ် ထွက်ခဲ့ကြသည်။

တော်တော် ခပ်လှမ်းလှမ်းရောက်မှ. . .

"မြတ်သော မင်း ဘယ်လိုလုပ်မှာလဲ၊ ယဉ်နန်း ပြောသလို ဦးဘမောင်အိမ် မသွားပဲနဲ့ သူညွှန်တဲ့လမ်းကနေ သစ်တောရုံးဘက်ကို သွားမလား"

လင်းခိုင်အမေးကြောင့် လက်မှနာရီကို ငုံ့ကြည့်လိုက်သည်။

"ဟာ. . . အချိန်က လေးနာရီတောင် ခွဲပြီးနေပါလား၊ ငါတို့ ယဉ်နန်းတို့အိမ်မှာ အဲဒီလောက် ကြာသွားရလား၊ အောင်ကို မင်းနာရီ ကြည့်ပါဦး၊ ငါ့နာရီကပဲ ချို့ယွင်းပြီး အချိန်မြန်နေတာလားလို့ ငါ့စိတ်ထင်





နေတာကိုးနာရီလောက်ပဲ ရှိဦးမယ် ထင်နေတာ"

မြတ်သောစကားကြောင့် အောင်ကိုရော လင်းခိုင်ရော သူတို့ လက်မှ နာရီတွေကို ကိုယ်စီငုံ့ကြည့်လိုက်ကြသည်။

"ဟာ. . အေး. . ဟုတ်တယ်ကွ၊ လေးနာရီခွဲပြီးလို့ ငါးနာရီတောင် ထိုးတော့မယ်"

"ဟုတ်တယ် အချိန်က အဲလောက် ဘာဖြစ်လို့ ကုန်မှန်းမသိ ကုန်သွားရတာလဲကွာ"

"အဲဒါ မင်းကြောင့်ပေါ့ကွ၊ မင်း ယဉ်နန်းနောက် လိုက်သွားပြီး ယားခင်းနေတာကိုး. . ခုတော့ အချိန်တွေ နှောင့်နှေးကုန်ပြီ"

"ငါ ဘာဇယားမှ မခင်းခဲ့ပါဘူး အောင်ကိုရာ၊ ဘုရားပေးပေး ကျမ်းပေးပေးပါ၊ ငါ မျှောက်မ အတ္တပြုတာ ခံလိုက်ရပြီးကတည်းက မိန်းမတွေနဲ့ ပတ်သက်ပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိတော့ဘူး၊ ငါ ရန်ကုန်ပြန်ရောက်ရင် ငါ့မှာရှိတဲ့ လက်ကျန်ရည်းစား ရှစ်ဆယ့်ခုနစ်ယောက်ကို အကုန်ဖြတ်ပြီး သာသနာ့ဘောင်ထဲကို ဝင်ဖို့တောင် စိတ်ကူးပြီးသွားပြီ"

"ဩော် မင်းကို မျောက်မက ကိုလေသာတွေ ကုန်ခမ်းအောင် အစ်ဘဝစာ ပညာပေးလိုက်ပြီပေါ့၊ ကောင်းပါတယ်. . မင်း သာသနာ့ဘောင်ထဲ ဝင်တော့မှ ငါ့အိမ်က ငါ့ညီမတွေ ငါ့အစ်မတွေလည်း အိမ်အပြင်ကို ရဲရဲတင်းတင်း ထွက်ရဲတော့မယ်"

"ဟာ. . သောက်ခွေးကောင် ခွီးလား၊ ငါ့ကို တဏှာရူးကောင်များ မှတ်နေလား"

အောင်ကို ဟက်ဟက်ပက်ပက်ရယ်၏။

"အချိန်က ငါးနာရီတောင် ထိုးတော့မယ်ဆိုတော့ ယဉ်နန်း ပြောတဲ့အတိုင်း ငါးမိုင်လောက်မှာရှိတဲ့ သစ်တောရုံးလေးကို သွားဖို့ မဖြစ်နိုင်လောက်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ငါတို့ ဘယ်လိုလုပ်ကြမလဲ မြတ်သော"

မြတ်သော ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ချလိုက်ပြီး. . အောင်ကိုနှင့် လင်းခိုင်ကို ဝေ့ကြည့်လိုက်သည်။

"ငါတို့ ဦးဘမောင်အိမ်မှာပဲ တည်းမှုရတော့မှာပေ့ါ၊ ယဉ်နန်း ပြောတဲ့အတိုင်း ဆက်သွားရင် ငါတို့ ထပ်ပြီး လမ်းမှားသွားနိုင်တယ်၊ ပထမတစ်ခါတုန်းက လင်းခိုင်တစ်ယောက်တည်း မျောက်မနဲ့ နှစ်ပါး သွားခဲ့ရတာ၊ နောက်တစ်ခါဆိုရင် ငါတို့ သုံးယောက်စလုံး တောကောင် တွေရဲ့ရိက္ခာ ဖြစ်သွားလိမ့်မယ်"

"မင်းတို့ ငါ့ကိုပဲ နှိပ်ကွပ်နေကြတော့တာပဲ၊ ဖြစ်နိုင်ရင် အဲဒီ အတိတ်ကို ဖြုမပြကြပါနဲ့၊ ငါ တောင်းပန်ပါတယ် ရင်နာလွန်းလို့ပါ"

"ဘာပဲဖြစ်ဖြစ် ငါတော့ နောက်တစ်ခေါက် အဲဒီနေရာကို ပြန် ရောက်အောင် လာဦးမှာ"

"ဟမ်. . မင်းက ဒီကို ဘာကိစ္စ နောက်တစ်ခေါက် ထပ်လာရ ဦးမှာလဲ၊ မင်းလည်း ငါ့လို မျောက်မလင် လုပ်ချင်လို့လား၊ ငါတောင် ဘာမှန်းမသိဘဲ သတိလစ်နေတုန်း ခံလိုက်ရတာနော်"

လင်းခိုင်စကားကြောင့် မြတ်သော ပုခုံးကို ဆတ်ခနဲ တွန့်လိုက် ပြီး. . .

"ထပ်သရီး၊ ငါက မင်းလို မျောက်မနဲ့ မျိုးစပ်မယ့်ကောင် မဟုတ်ဘူး"

"ဒါဆို ဘာလို့ နောက်တစ်ခေါက် ထပ်လာမယ် ပြောလဲ"

"အကြောင်းရှိလို့ပေ့ါကွ၊ မျောက်မမွေးတဲ့ ကလေးတွေက မင်း ရဲ့ သားသမီးတွေဆိုရင် မျောက်တစ်ပိုင်း လူတစ်ပိုင်း ထွက်လာရင် ရန်ကုန်ခေါ်လာပြီး ရုံသွင်းပြမလို့"

"ဟာ. . အယုတ်တမာကောင်၊ သူများအားနည်းချက်ကို ဖော် ထုတ်ဖို့ဆိုရင် မင်း ရှေ့ဆုံးကပဲ ကဲကွာ"





"ဘုန်း. . "

လင်းခိုင် မကျေမနပ်ဖြင့် မြတ်သောကျောကို သူ့လက်ထဲမှ ကျောပိုးအိတ်နှင့် ဘုန်းခနဲ ရိုက်လိုက်၏။

ထိုအချိန်ထိ ပတ်ဝန်းကျင်တွင် ရွာခံလူအချို့ တစ်ယောက်စ၊ နှစ်ယောက်စ သူတို့နား ရောက်လာကြတာကို သတိမထားမိကြသေး။

ရွာသားတွေ၏ အကြည့်တွေက သူတို့သူငယ်ချင်းသုံးယောက် ၏ ထူးခြားသောပုံစံတွေကို အကဲခတ်နေကြသည်။

သူတို့အကြည့်တွေက အေးစက်နေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

ရွာလမ်းလေးသည် တစ်စတစ်စနှင့် စည်ကားလာ၏. .။ တလေးအချို့ အရိပ်ကောင်းသော သစ်ပင်ကြီးအောက်တွင် ဂိမ်းစက်တစ်ယောက်တစ်လုံးစီဖြင့် စိတ်ဝင်တစား ဆော့နေကြသည်။

ရွာသားအချို့ထဲမှ တစ်ယောက်စ နှစ်ယောက်စ လမ်းသွားရင်းဖုန်းပြောနေကြ၏။ ရွာသူ ကောင်မလေးအချို့ မြတ်သောတို့နောက်မှ လျှောက်လာရင်း တခစ်ခစ်နှင့် တီးတိုးစကားတွေ ပြောနေကြသည်။

"ဒီရွာက ဘောစိတွေ ထင်တယ်နော်၊ ကြည့်ပါဦး ကလေးတွေ





ဂိမ်းဆော့နေတာတောင် ipad တွေနဲ့ ငါတို့တောင် iphone မသုံးနိုင်သေးဘူး"

"အိုပါ. . ဂန်းနန်းစတိုင်. . ဝေးဟေး. . အချစ်လေးရေ. . ဝို့. . ဝို့. . ဝို့. . နာနာစားထားဟဲ့"

PSY ၏ဂန်းနန်းစတိုင်လ် မြင်းစီးအက ကရင်းဆိုရင်း လမ်းလျှောက်လာသော လူကြီးတစ်ယောက်. . ဝတ်ထားသည့်စတိုင်လ်အပ်ထားသည့် မျက်မှန်နှင့် ဆံပင်ပုံစံကအစ PSY ကို ကွက်တိအတုခိုးထား၏။

"ဒီရွာမှာလည်း ဒီသီချင်းက ခေတ်စားတာပဲလား၊ အပီ လန်းထားတယ်ကွ၊ ဖိနပ်နဲ့ မျက်မှန်ကအစ PSY သုံးတဲ့ Brand နဲ့ တစ်ထေရာတည်းပဲ"

"ခေတ်ကြီးရဲ့ တိုးတက်ပြောင်းလဲမှုနဲ့ မြင့်မားကျယ်ပြန့်လာတဲ့ ဗဟုသုတတွေက မြို့ကြီးပြကြီးတွေတင်မဟုတ်ပဲ ခုလို တောတောင်တွေဝိုင်းရံနေတဲ့ ရွာဇနပုဒ်လေးတွေအထိပါ ဗဟုသုတ ပေါက်ကွဲလွင့်စင်မှုတွေ ဖြစ်နေပြီဆိုတော့ အားရကျေနပ်စရာတော့ ကောင်းပါတယ်"

"ဟုတ်တယ် မြတ်သောရ၊ ငါက တောတောင်ရေမြေသဘာဝရှုခင်းနဲ့ ရွာဓလေ့ကို ခံစားချင်လို့လိုက်လာခဲ့တာ၊ အဟတ်. . ငါ့အတွေးနဲ့ ငါအခု မြင်တွေ့နေရတာနဲ့ တခြားစီပဲ၊ အမှန်ဆိုကွာ. . . ရွာထဲမှာဆော့နေကြတဲ့ ကလေးတွေဆိုရင် နှပ်ချေးတွဲလောင်း တစ်ကိုယ်လုံးဖုန်တလူးလူးနဲ့ ဖိနပ်မပါ ဘာမပါနဲ့ ညစ်တီးညစ်စုတ်ကလေးတွေနဲ့ဆော့ကစားနေရမှာ၊ ခုတော့ ipad ကိုယ်စီနဲ့ ဂိမ်းဆော့နေကြတဲ့မြင်ကွင်း၊ တခြားစီပဲ၊ ကောင်မလေးတွေကို ကြည့်ဦးမလား၊ ကိုရီးယားမင်းသမီး ကင်ဟိုင်ဆွန်းတို့ မွန်ချော၀မ်းတို့တောင် သူတို့ လူဖြစ်ရှုံးပါပြီဆိုပြီး ထိုင်ငိုရလောက်အောင်ကို လှချက်တွေက ကမ်းကုန်"

"ကမ်းက နောက်မှကုန်ဟေ့၊ ခုလောဘောဆယ် ဈေးဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဦးဘမောင်အိမ်ကို အရင်ရှာရမှာလေ"

ဒီတစ်ခါတော့ လင်းခိုင် အလိုက်တသိနှင့် သတိပေးသည်။

"အေး. . ဟုတ်တယ်၊ ဒါ အရေးကြီးတယ်"

မြတ်သော တကယ်တမ်း ဘယ်သူ့ကို မေးရမှန်းမသိ။

အနားတွင် PSY ကြီးကလည်း မြင်းစီးအကနှင့် ကကောင်းနေ တုန်း အနောက်မှပါလာသည့် ကောင်မလေးတွေကိုလည်း မမေးရဲ။

မြတ်သော ဟိုငေးဒီကြည့်နှင့် မေးဖို့လူရွေးတုန်း ရှိသေးသည်။

"ဦးလေး. . ဦးလေး"

လင်းခိုင် PSY ကြီးကို လှမ်းပြီး လက်တို့လိုက်သည်။ PSY ကြီးမှာ မြင်းစီးအကကို ခုန်ဆွခုန်ဆွ ကနေရင်းမှ လင်းခိုင်တို့ကို လှည့် ကြည့်ပြီး အနောက်တိုင်းဆန်ဆန် နှုတ်ဆက်၏။

"ဟိုင်း. ."

"ဟိုင်း. . ဦးလေး"

PSY ကြီးလိုပဲ မြတ်သောတို့သုံးယောက် လက်ဝါးလေးတွေ ကိုယ်စီထောင်ပြရင်း ဟိုင်းဟု နှုတ်ပြန်ဆက်လိုက်ကြသည်။

"ပြောပါ. . can i help you"

"အမ်. . အင်း. . အဲ. . ဟိုလေ၊ ဆေးဆရာကြီး ဦးဘမောင် အိမ်ကို သွားချင်လို့ပါ"

"သွားချင်တာများ သွားလေ၊ ခွင့်တောင်းစရာ မလိုပါဘူး. . သွား. . သွား"

မြတ်သော ခေါင်းကုတ်လိုက်သည်။ ဒီအရူးကပဲ နားမလည် တာလား၊ ကိုယ်ကပဲ အမေးမတတ်တာလား မသိ။

"မဟုတ်ဘူး ဦးလေးရ၊ ကျွန်တော်တို့က ဦးဘမောင်အိမ် မသိဘူး၊ အဲဒါ ဦးလေး လမ်းညွှန်ပေးလို့ရမလား"

"အိုး. . ရက်စ်. . ရက်စ်. . i see, i see"





PSY ကြီး၏ ပါးစပ်ထဲမှ တံတွေးစက်တွေ အောင်ကို့မျက်နှာ ပေါ်သို့ သကြၤန်ရေဖျန်းသလို ခုန်ပေါက်လာသည်။ အောင်ကို ရှောင် ချိန်တောင် မရလိုက်။

"ဒါ. . ဒါဆို ဘယ်လမ်းက သွားရမလဲခင်ဗျ"

PSY ကြီး ချက်ချင်းမဖြေ။ ပါးစပ်မှ ဒူတပ်တပ် ဒူတပ်တပ်ဖြင့် သံချက်လိုက်နေရင်း အိမ်လိပ်စာ ပြောဖို့အတွက် အင်ထရိုဝင်နေပုံ ရသည်။ လက်နှစ်ဖက်ကလည်း ဂန်နန့်စတိုင်လ်အကဖြင့် လှုပ်ရှား ဟန်ချက်ညီညီ ကနေဆဲ။

"ဆေးဆရာကြီး ဦးဘမောင်၊ ဆေးကုရာတွင် အလွန်ရှော် သမီးတွေ လှနေတော့ သူ့အပေါက်က ဆိုးပြန်ပေါ့"

သူငယ်တန်း စာအံသလို အံပြနေသော PSY ကြီးကို ကြည့်ရ သည်မှာ ပုံမှန်မဟုတ်။

"ဒီရှေ့တည့်တည့်သွားရင်ကွယ်၊ ပိတောက်ပင်ကြီး တွေ့မယ် ကွယ်၊ ပိတောက်ပင် ကျော်ပြန်တော့ ဘယ်ခြေညာလှမ်း ကွေ့ပေတော့၊ တွေ့နေရင်းနဲ့ ဘယ်ညာမှန် ဦးဘမောင် အိမ်ရှာလေကွယ်၊ ရေချမ်း စင်တွေ့ရင်တော့ ဦးဘမောင်အိမ် တွေ့မပေါ့"

မြတ်သော ရယ်သောသောဖြင့် သဘောကျစွာရယ်ရင်း လက် ကာပြလိုက်ပြီး. . .

"အိုကေ ရပြီ ဦးလေး၊ ကျွန်တော်တို့ကို လမ်းညွှန်ပေးတဲ့အ တွက် ဦးလေးကို ကျေးဇူးတင်တယ်"

"မေကွမ်းရှီး. . မေကွမ်းရှီး ဝါ့. . ဝါ့က ကိစ္စမရှိပါဘူး၊ နီတို့ ဟိုရောခရီးကို ဆက်ကြလော့၊ အညာစီရော၊ မကွေးပဲဆီ မသန့်၊ စားအုန်း ဆီရော. . ဖရော. . ဖရော ဖရောအိုး၊ လေဒီလေးရေ့ ဝို့. . ဝို့. . ဝို့"

အင်္ဂလိပ်လိုရော တရုတ်လိုရော ကိုရီးယားလိုရော စုံအောင် ပြောကာ သူ့သီချင်း သူဆက်ဆိုပြီး မြင်းစီးအကနှင့် ခုန်ဆွခုန်ဆွလုပ်



www.burmeseclassic.com

www.burmeseclassic.com



ကာ မြတ်သော်တို့ရှေ့မှ ထွက်သွား၏။

သုံးယောက်သား အူကြောင်ကြောင်ဖြင့် ကျန်ခဲ့ရင်း. . .

"ရူးနေတာ ထင်တယ်ကွ"

PSY ကြီး၏ နောက်ကျောကို လှမ်းကြည့်ကျန်ခဲ့ရင်း အောင်ကို ခပ်တိုးတိုး ဝေဖန်လိုက်သည်။

"ဒီရွာက တကယ့်ကို up to date ပဲ ခေတ်နဲ့ လုံးဝကို မျက်ခြည်မပြတ်ဘူးကွ၊ ငါတို့ ဝါးတီးဆွဲခဲ့တဲ့ ယဉ်နန်းတို့ အိမ်ကလည်း တကယ့်ကို ရွာမဆန်ပဲနဲ့ စင်ကာပူ ဆိတ်ငြိမ်ရပ်ကွက်က အပန်းဖြေအိမ်ကျနေတာပဲ၊ ဒွေးမယ်နော်တို့ အဖွဲ့ကလည်း တတကယ့်ကို နတ်သမီးလေးတွေ အတိုင်းပဲကွာ"

"ဟေ့. . ဝေး. . တွေ့ပြီလား၊ မစ္စတာ ဘမောင်အိမ်ကို. ."

ခပ်လှမ်းလှမ်းရောက်မှ နောက်ပြန်လှည့်မေးသော PSY ကြီး၏အမေးကြောင့် လင်းခိုင် စကားစပြတ်ကာ အိုကေကြောင်း လက်မထောင်ပြရင်း. . .

"အိုကေ. . တွေ့မှာပါ၊ သင့်ခယူး. . သင့်ခယူး"

"အိုကေ စီးယူး. . ဒါဆို သွားလိုက်ဦးမယ်၊ တောင်ကိုရီးယားသမ္မတ ပတ်ဂွမ်ဟေးရဲ့ ကျမ်းသစ္စာကျိန်ဆိုပွဲမှာ သွားပြီးဖျော်ဖြေရဦးမှာမို့ လစ်ပြီ. . ဂိုးပြီ. . ရွှေ့ပြီ"

လက်ပြနှုတ်ဆက်ပြီး ခုန်ဆွခုန်ဆွဖြင့် ထွက်သွားပြန်၏။

"ဟ. . ရေလည်လန်းတယ်ဟေ့၊ ပတ်ဂွမ်ဟေး အဆင့်ထိပါ ပြောသွားတာနော်၊ နယ်နယ်ရရတော့ မဟုတ်ဘူး. . ဟား. . ဟား. . ဟား. ."

အောင်ကို ပြောရင်းနှင့် သဘောကျစွာ ရယ်လိုက်သည်။

"ဒီရွာက မိုက်တော့မိုက်တယ်ကွ၊ ငါတို့ကို အမြင်တွေ ဖောက်ထိုးမိုးမျှော်ဖြစ်အောင် လုပ်နိုင်တဲ့ ပါရမီရှင်တွေရှိတယ်၊ ငါတော့ သဘော





ကျတယ်"

"ဒါဆိုရင် ပိျူးတို့ရွာမှာပဲ နေလိုက်ပါတော့လား ရှင်"

"အမ်. . ဘယ်. . ဘယ်ကအသံလေးလည်း ကြိုးကြာသံလေးလိုပဲ"

သုံးယောက်သား အသံရှင်ကို လှည့်ပတ်ရှာကြ၏။ စောစောကနောက်မှ ကပ်ပါလာသော ကောင်မလေးသုံးယောက်၏ အသံတွေ မဟုတ်သလို. . ရှိလည်း မရှိကြတော့။

"ပိျူးက ဒီမှာပါ အစ်ကိုတို့ရဲ့၊ လာပါ ရောက်တုန်းရောက်ခိုက် အနမ်းမီးဝိုင်လေးဘာလေး ဝင်သောက်ပြီး အပန်းဖြေသွားပါဦး၊ ပိျူးတို့အိမ်မှာ ပြင်သစ်၊ ဂျာမနီ၊ ဖင်လန်၊ ဘူဂေးရီးယား၊ အို နိုင်ငံအစုံက ထွက်တဲ့. . ဝိုင်တွေ အကုန်ရတယ်၊ လာကြပါ အစ်ကိုတို့ရဲ့"

လင်းခိုင်ထံမှ ဂလုခနဲမြည်သော တံတွေးမျိုချသံကို ပီပီသသ ကြားလိုက်ရ၍ မြတ်သော လင်းခိုင်၏ခါးကို မသိမသာတို့ကာ. .

"လင်းခိုင် ဝင်လို့ မဖြစ်သေးဘူးနော်၊ မစ္စတာ ဘမောင်အိမ် အဲ. . ဦးဘမောင်အိမ်ကို ရှာရဦးမှာကွ"

လှမ်းနေသော လင်းခိုင်၏ ခြေလှမ်းတွေ အင်အားမဲ့သွားကာ နွမ်းနေသော မျက်နှာကြီးဖြင့် မြတ်သောကို ကြည့်ကာ. . .

"မင်းကလည်းကွာ၊ ဒီလောက် ဖိတ်နေတဲ့ဟာ ငြင်းရင် ရိုင်းရာကျမှာပေါ့ကွ"

"အင်းလေ ဟုတ်သားပဲ အစ်ကိုရဲ့"

ပိျူးဆိုသော ကောင်မလေး သူမခြံထဲမှထွက်လာပြီး မြတ်သောတို့နားကို သွက်လက်ပြီး မြူးကြွတဲ့ခြေလှမ်းတွေဖြင့် ခပ်ရွရွလေး လှမ်းလာ၏။

"ဝါး. . လှ. . လှလိုက်တာ"

ဣန္ဒြေမဆည်နိုင်အောင် ဖြစ်နေသည်။ လင်းခိုင်၏ အပြုအမူ



www.burmeseclassic.com

www.burmeseclassic.com



တွေက ဖွေးဖွေးနုနုလေး လှနေသော ပျိုးဆိုသော ကောင်မလေး၏ အလှထဲမှာ နစ်မျောလျက် အပများမှီနေပြီလားဟုပင် ထင်ရအောင် လင်းခိုင် အိုဗာတွေဖြစ်နေသည်။

"ဒီက ပျိုးဆိုတဲ့ ညီမကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ ဦးဘမောင်အိမ်ကို သွားစရာလေး ရှိနေလို့ပါ၊ နောက်များကျရင်တော့ စင်လည်ပါ့မယ်"

အယဉ်ကျေးဆုံး ပြင်းလိုက်သူက မြတ်သော

"အစ်ကိုတို့ တကယ်လာလည်မှာနော် ပရောမစ်"

"အင်း. . ပရောမစ်. . ပရောမစ်"

မြတ်သော ပြီးပြီးရော ကတိပေးလိုက်သည်။ ပြီးနောက် ဦးဘမောင် အိမ်ရှိရာ လမ်းမကြီးဘက်သို့ ခပ်သုတ်သုတ် လျှောက်လာခဲ့ကြ၏။ ပျိုးကတော့ လက်ကလေး တပြပြနှင့် သူ့ခြံဝမှာရပ်ပြီး ကျန်ခဲ့၏။ လင်းခိုင် အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးလိုက်ရသော အမူအရာနှင့် မဲ့ရှုံ့ကာ ပျိုးကို လှည့်တပြပြနှင့် ပေစောင်းပေစောင်း လျှောက်လာလိုက်ရသည်။ စိတ်တွေကတော့ ပျိုးပြောပြသော အနမ်းမီးဝိုင်ဆီမှာ. .

ယဉ်နန်းတို့ အိမ်တုန်းက ထမင်း ဝင်စားလိုက်ရသည်။ ယခု ပျိုးအိမ်ထဲကိုဝင်ပြီး အနမ်းမီးဝိုင်လေးနဲ့သာ မြိမ့်လိုက်ရရင် ဒီသောင်ယံက မောင်မခွာနိုင် ဖြစ်သွားပေလိမ့်မည်။









# အခန်း(၈)

"Psy ကြီးပြောသလို ပိတောက်ပင်ကြီးတော့ တွေ့ပြီ"

ပိတောက်ပင်အောက်တွင် ရပ်လျက် မြတ်သော ဘယ်ကိုဦးတည်ရမှန်း ဇဝေဇဝါ ဖြစ်နေသည်။

"ဒါဆို ညာဘက်ကွေ့ကွာ"

အောင်ကိုစိတ်မှန်းအတိုင်း သုံးယောက်သား ညာဘက်ကိုကွေ့ကာ လျှောက်လာကြ၏။

"ဟောဟိုမှာ ရေချမ်းစင် တွေ့ပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားသော ရေချမ်းစင်ကြီးနှင့်အတူ တွဲတွေ့လိုက်ရသော ထည်ဝါလွန်းသည့် အိမ်ကြီးကြောင့် သုံးယောက်သား မှင်တက်အံ့ဩ သွားကြသည်။

“ဝါး. . . အိမ်ကြီးက ခမ်းနားလှချည်လား”

“ဟော့. . ဒါ အိမ်ရောဟုတ်ရဲ့လား၊ ရှေးဟောင်းယဉ်ကျေးမှု ပြတိုက်ကြီးများလား၊ မန္တလေး နန်းတွင်းအဆောက်အအုံတွေတောင် ဒီလောက် မခမ်းနားဘူးနော်”

အောင်ကို မျက်လုံးအပြူးသားနှင့် ရင်သပ်ရှုမော၍မဆုံး. .။

“ဒီလောက် ရှေးဆန်ပြီး နန်းဆန်လွန်းသော အိမ်မျိုး ဒီဘက် ခေတ်မှာ ရှိတော့တာမှ မဟုတ်တာ”

မှန်ရောင် ရွှေရောင်တွေ တဖျတ်ဖျတ်လက်နေသော. . ထိုသို့ တော်ဝင်နန်းဆန်သော ဒီအိမ်ကြီးမျိုးထဲတွင် မည်သို့သောလူတွေ နေနေသနည်း။ အိမ်ကြီးနှင့်မှ လိုက်ဖက်မှု ရှိကြပါ့မလား။

ဒါမှမဟုတ် ဦးဘမောင်ဆိုသည့် လူကြီးဟာ တော်ဝင်မျိုး တော်ဝင်သွေးပါလို့ ခုလို နန်းတော်တမျှခမ်းနားသည့် အိမ်ကြီးနှင့် တစ်ထီး တစ်နန်းနေတာလား။

သူငယ်ချင်းသုံးယောက် တိတ်ဆိတ်စွာ မော့ငေးနေကြစဉ်. .

“လာကြကွယ် မောင်ရင်တို့ မင်းတို့လာမယ်ဆိုလို့ မျှော်နေတာ”

ဩဇာသံပါသော အသံပါဝါအားကောင်းသည့် လူကြီးတစ်ယောက်၏အသံမှာ မြတ်သောတို့ မှင်တက်ငေးမောနေသော အဆောက်အအုံကြီးထဲမှ ထွက်ပေါ်လာ၏။

မြတ်သော မော့ကြည့်လိုက်တော့ မှန်နန်းဆောင်က လေသာ ပြတင်းပေါက်ဝတွင် နှုတ်ခမ်းမွေးကားကား ငွေမှင်ရောင် ကျက်သရေ ခေါင်းပေါင်းကြီးနှင့် ပိုးတိုက်ပုံ ကြီးကြီးချိတ်နှင့် ဆေးတံကြီးကို ခန့်ခန့်





ကြီးခဲကာ ရပ်ကြည့်နေသော လူကြီးတစ်ယောက်. . .

မျက်နှာပေါ်မှာ မာကျောခက်ထန်ခြင်း မရှိ၊ ပကတိ သိမ်မွေ့စွာ နွေးထွေးခြင်းတွေနှင့် ကျက်သရေ ပြီးပြည့်စုံစွာ ပြုံးနေသော ထို လူကြီးသည် ရှေးရာဇဝင်ထဲက အလောင်းမင်းတရားကြီးနှင့် နှိုင်းရမည်လား၊ ဆင်ဖြူရှင် မင်းတရားကြီးနှင့် နှိုင်းရမည်လားပင် မသိတော့လောက်အောင် ကြည်ညိုစရာ ကောင်းလွန်းနေ၏။

မြတ်သော စိတ်ထဲမှာ အဘဟု နာမ်စားသုံး ခေါ်တာထက် ဦးရှိတော်ဟူသော အမည်နာမနှင့်သာ လိုက်ဖက်တင့်တယ်သော ထို လူကြီးကို ကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် ရှေးဟောင်းရာဇဝင်ထဲ ပြန်ရောက်သွားသလိုလို ခံစားမိလာသည်။

တစ်အိမ်နှင့်တစ်အိမ် လူတွေ တစ်ဦးနှင့်တစ်ဦး နေထိုင်မှုစရိုက်တွေ လိုက်လျောညီထွေမှုမရှိသော ထိုရွာသည် တော်တော်လေးကို ဒွိတီးဂွကျ နိုင်လွန်းနေတာတော့ အမှန်ပင်။ ထို့ကြောင့်လည်း မြတ်သောစိတ်ထဲမှာ ထိုရွာလေးကို တဖြည်းဖြည်း စိတ်ဝင်စား၍ လာလေသည်။

“ကဲ. . တူတော်မောင်တို့ ဝင်ကြလေကွယ်၊ ဘာကြောင့်ကြည့်နေကြတာတုန်း. . လာ. . လာ ဝင်ကြ”

“ဟုတ်. . ဟုတ်ကဲ့ပါ ဦးရှိတော်၊ ကျွန်တော်မျိုးတို့ ဝင်လာပါပြီ”

လက်အုပ်ချီကာ အရိုအသေပြုနေသော လင်းခိုင်သည်ပင် လျှင် မြတ်သောလိုပင် စိတ်ထဲမှာ ထိုလူကြီးကို တော်တော်လေး ကြည်ညိုလေးစား သွားပုံရသည်။

အိမ်ကြီးထဲ ဝင်လိုက်သည်နှင့် ပြင်ပမှ လေပူနွေးနွေးတို့သည် တစ်မုဟုတ်ချင်း အငွေ့ပျံကာ အေးစိမ့်သော အအေးဓါတ်တို့က လူ တစ်ကိုယ်လုံးကို ခြုံငုံသိမ်းပိုက်လိုက်ကြသလို စိတ်အစဉ်သည်လည်း



www.burmeseclassic.com

www.burmeseclassic.com



အေးမြကြည်လင်၍ သွားကြသည်။

ကျွန်း၊ ကနုတ်၊ ဒီဇိုင်းဖော်ထားသော ဆက်တီခုံကြီးတွေမှာ ထိုင်ရက်စရာမရှိအောင် တောက်ပပြောင်လက်၍ နေသည်။

“ထိုင်ကြ. . ထိုင်ကြ၊ အဝေးက လာကြတာဆိုတော့ ပင်ပန်းနေကြရောပေါ့. . အေးအေးသက်သာ အနားယူကြ”

ဦးဘမောင် ဆေးတံကြီးခဲကာ ခရီးဦးကြိုပြုသော စကားလုံးတို့ဖြင့် ကျွန်းရောင်ဖိတ်ဖိတ်တောက်နေသော လှေကားမှဆင်းလာ၏။

သုံးယောက်စလုံး ကမ္ဘာသစ်တစ်ခုထဲ ရောက်နေသလို ပြိုင်တူ ခံစားမိကြ၏။ စိတ်အစဉ်တို့သည် ရှိသေကျိုးဝပ်နေကြ၏။

လင်းခိုင် မျက်လုံးကလယ်ကလယ်နှင့် ခမ်းနားထယ်ဝါသော အဆောင်အယောင်တွေကို လိုက်ကြည့်နေ၏။ အောင်ကိုက လှေကားထစ်မှ ဆင်းလာသော ဦးဘမောင်၏ တည်ကြည်ခန့်ညားသော ရုပ်သွင်ကို တအံ့တသြငေးမော၍ ကောင်းနေဆဲ၊ မြတ်သော၏ အာရုံခံစားမှုတွေက တစ်ခန်းလုံး မွှေးပျံ့နေသော စိတ်ဖလူးပန်း ရနံ့တွေဆီသို့ စိတ်ရောက်နေ၏။

“မောင်ရင်တို့ မျက်စိလည်လမ်းမှားပြီး တောထဲမှာ ယောင်ချာချာ ဖြစ်ခဲ့ကြပုံပဲ”

ဦးဘမောင်သည် နဂါးရုပ်နှစ်ကောင် ယှက်သိုင်းရစ်ခွေနေသည့် သဏ္ဌာန်မျိုး ရုပ်လုံးဖော် ထုဆစ်ထားသည့် ကျွန်းကုလားထိုင်ကြီးပေါ် ခန့်ခန့်ကြီး ခြေချိတ်ဝင်ထိုင်လိုက်သည်။

မြတ်သော ဦးရိုးတော်၏အမေးကို တရိုတသေနှင့် ခေါင်းညိတ်လိုက်ပြီး. . .

“ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့က ရန်ကုန်ကပါ၊ ဘူမိဗေဒကျောင်းသားတွေပါ၊ ကျောင်းပိတ်တုန်း ဘိုးဘိုးရှိတဲ့ရွာကို ခဏအလည်ပြန်လာရင်း လမ်းမှားပြီး တောထဲ ရောက်လာကြတာပါ၊ လမ်းမှာ ဦးရိုးတော်ရဲ့ညီ ဦးတင်လှုနဲ့တွေ့ပြီး ခနောက်စိမ်းရွာကို ညွှန်လိုက်လို့ပါ”

“အိမ်း. . ဦးလေး သိပြီးပါပြီ”

“ဗျာ. . ဦး. . ဦးရိုးတော် ဘယ်လိုလုပ်သိတုန်း ဘုရား. . အဲခင်ဗျာ၊ ဦးတင်လှုနဲ့ တွေ့ပြီးလို့လား”

လင်းခိုင်အမေးကြောင့် ဦးရိုးတော် ပြုံးသည်။

“သြော်. . မောင်ရင်ရယ်၊ ရန်ကုန်သားဖြစ်ပြီး တယ်ရိုးသကိုးကွ၊ ဟား. . ဟား. . ဟား. . ဒီခေတ်လို ဆက်သွယ်ရေး ကွန်ရက်နေ့စ်တွေ ပလူပျံအောင် များပြားနေတဲ့ ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်ကြီးထဲမှာ ဘယ်သူက တယ်လီပသီနည်းကိုသုံးပြီး စိတ်စွမ်းအားတွေကို အသုံးချတော့မှာလဲ၊ ဟောဒီ မိုဘိုင်းဖုန်းတွေကို ခါးမှာအဆင်သင့် ချိတ်ထားပြီး လိုရင်လိုသလို ကိုယ်ပြောလိုရာကို လှမ်းပြောလို့ရပြီ မဟုတ်လား”

“ဗျာ. . သြော်. . အင်း. . ဟုတ်. . ဟုတ်ပါတယ် ဦးရိုးတော်”

ဦးဘမောင်မှာ ပိုးတိုက်ပုံကြီးအောက်ရှိ ခါးမှာချိတ်ထားသော ဖုန်းသုံးလုံးကို မြတ်သောတို့ သုံးယောက်စလုံး မြင်သာအောင် အသာလှပ်ပြ၏။

“မင်းတို့က တို့ရွာကို ခေတ်မမီတဲ့ရွာလို့ ထင်နေရင်တော့ မှားသေတော့မပေါ့၊ အမှန်တော့ ဒီရွာက ခေတ်ဟောင်း ခေတ်လယ် ခေတ်သစ် ကာလသုံးဖြာစလုံးရဲ့ နေထိုင်ပုံ စရိုက်ကိုယ်စီနဲ့ ကိုယ်သင့်တော်ရာ နေနေကြရပေမယ့်. . ခေတ်နဲ့တော့ ဘယ်သူမှ မျက်ခြည်မပြတ်ကြသေးပါဘူး၊ တူတော်မောင်တွေ ဒီရွာမှာ ရက်တော်တော်ကြာကြာ နေဖြစ်ရင် သိလာပါလိမ့်မယ်”

“စိတ်မရှိပါနဲ့ ဦးရိုးတော်၊ ကျွန်. . ကျွန်တော့်စိတ်ထဲမှာ ပေါ့ဒီလို နန်းတော်တမျှခမ်းနားတဲ့ အိမ်ကြီးထဲ ဝင်လိုက်မိတာနဲ့ ရုတ်ဘယ်







www.burmeseclassic.com

www.burmeseclassic.com



လိုက်ဇေရှင်းခေတ်လို့ မမြင်တော့ဘဲ အလောင်းမင်းတရားကြီးရဲ့ သက်ဦးဆံပိုင်ခေတ်ကို ပြန်ရောက်သွားသလို ခံစားမိလိုက်ရတဲ့အတွက် မိုဘိုင်းဖုန်းတွေ ပေါ်လအောတိုက်နေတာကို မေ့သွားတာပါ ဦးရီးတော်"

လင်းခိုင် အလျှောက်ကောင်း၍လားမသိ။ ဦးရီးတော် တဟားဟားဖြင့် ရယ်သည်။

"အိမ်း. . အိမ်း. . ရှိစေတော့ ရှိစေတော့၊ အချိန်လည်း လင့်တော့မယ်ဆိုတော့ မောင်ရင်တို့လည်း နားချင်ကြရောပေ့၊ ဒီတစ်ညတော့ ဒီမှာပဲ ကောင်းကောင်းအိပ်စက် အနားယူကြတော့၊ မနက်ဖြန်နေခြည်ဖျိုးဖျရောက်မှပဲ ရွာလှည်းတစ်စီးစီး စီစဉ်ပြီး မောင်ရင်တို့ သွားလိုရာကို ခရီးဆက်ကြပေ့၊ အကယ်၍ ဒီရွာမှာရောက်တုန်းရောက်ခိုက် နေချင်ကြသေးတယ်ဆိုရင်လည်း စိတ်ကြိုက်သာနေကြ၊ လွတ်လွတ်လပ်လပ်သာနေကြ၊ ပြန်ချင်တဲ့အချိန်ကျရင်ပြော ပြန်ပို့ပေးမယ်. . . ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ၊ ဦးရီးတော် ကျေးဇူးတင်ပါတယ်"

စေတနာတွေနှင့် ပွင့်လင်းသော ဦးဘမောင်၏ သဘောကောင်းပုံကြောင့် မြတ်သောစိတ်ထဲမှာ အနှောင့်အယှက် တစ်စုံတရာ မရှိပဲ ကျေးဇူးတင်စကားဆိုလိုက်သည်။

"အဖေ ဧည့်သည်တွေအတွက် ညစာ ပြင်ဆင်ပြီးပါပြီ၊ စားရန်အသင့်ပါပဲ"

ဧည့်ခန်းထဲ ဖျတ်ခနဲဝင်လာသော မြန်မာဆန်ဆန် မိန်းကလေးတစ်ယောက်၏ အသံကြောင့် မြတ်သော ဘာရယ်မဟုတ် လှည့်ကြည့်မိသွား၏။

"ဟင်. . ဖြူ. . ဖြူ"

နှုတ်မှ ခပ်တိုးတိုး ရွတ်လိုက်သောနာမည်ကြောင့် အောင်ကိုနှင့်လင်းခိုင်ပါ ကောင်မလေးကို လှည့်ကြည့်လိုက်ကြသည်။ နှစ်ယောက်





လုံး၏မျက်လုံးတွေ အံ့သြစိတ်ကြောင့် ပြူးကျယ်ဝိုင်းစက်သွား၏။

"မြတ်သော ဇလပ်ဖြူပါလား၊ သူက ဒီကိုဘယ်လို ရောက်နေရတာလဲ"

လေသံသဲ့သဲ့မေးလာသော အောင်ကိုအမေးကြောင့် ပခုံးကိုဆတ်ခနဲတွန့်ပြီး ခေါင်းခါပြလိုက်သည်။ အခြေအနေတွေသည် မထင်မှတ်ထားတာတွေနှင့် တစ်ခုပြီးတစ်ခု ဖျတ်ခနဲ တိုးဝင်လာပြီး မြတ်သော၏အာရုံတွေကို ရှုပ်ထွေးစေသည်။

"ကဲ. . . မောင်ရင်တို့ ထကြ၊ ထမင်းစားသောက်ပြီးတော့မှ အေးအေးဆေးဆေး အနားယူကြပေ့"

မြတ်သောတို့သူငယ်ချင်းသုံးယောက် အံ့သြစိတ်တွေကို ခဏချိုးနှိမ်ပြီး ထိုင်ရာမှထလိုက်ကြသည်။

မြတ်သောအကြည့်တွေသည် ဖြူ့ဆီသို့ မသိမသာ ဝေ့သွား၏။ အကြည့်ချင်း ဆုံမိကြသည့်တခဏ ဖြူ့ထံမှ အပြုံးတစ်ခု လှစ်ခနဲ ခုန်ထွက်လာသည်။

ထိုအပြုံးသည် အမြဲတမ်းရင်းနှီးနေကျ အပြုံးဖြစ်ပေမယ့်. . အနည်းငယ် စိမ်းသက်သလို ခံစားမိကာ. . မြတ်သောကလည်း အူကြောင်ကြောင်ဖြင့် ပြန်ပြုံးပြလိုက်သည်။

သူက ဒီကို ဘာကြောင့် ကြိုရောက်နှင့်နေတာလဲ၊ တစ်နေ့ကမှ သူကိုယ်တိုင် အဝေးပြေးဂိတ်ကို လိုက်ပို့လို့ လူမသိအောင် တိတ်တိတ်လေး အာဘွားပေးခဲ့သေးတာ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင့်ပွဲတော်အုပ်လို တည်ခင်းထားသော ထမင်းဝိုင်းမှာ အငွေ့တထောင်းထောင်း ဟင်းရနံ့ တကြိုင်ကြိုင် တလှိုင်လှိုင်နှင့် သုံးယောက်စလုံး၏ ဝမ်းမီးတွေ တစ်ဖန်ပြန်၍ တောက်လာပြန်သည်။

"ဟား . . ဟင်းတွေကလည်း ရှယ်ပဲကွာ၊ ဟိုတယ်မှာ သွားစားမယ်ဆိုရင် ဒီလိုထမင်းဝိုင်းမျိုး သိန်းချီပြီးတန်မှာ သေချာတယ်"

လင်းခိုင် မကြားတကြား ခပ်တိုးတိုးဆိုရင်း စားပွဲခုံလွတ် တစ်ခုမှာ အရင်ဆုံး ဝင်ထိုင်လိုက်သည်။

"အားရပါးရ သုံးဆောင်ကြပါ"

"ဖြူ . . ."

မြတ်သောထံမှ ဖြူဟူသော အသုံးအနှုန်းကြောင့် မျက်ဝန်းပြာပြာလေး လက်လာသည်။

"မင်း . . ဒီကို ဘယ်လိုရောက်လာတာလဲ"

ဖြူ ချက်ချင်းမဖြေ၊ နားမလည်သော အကြည့်ဝိုင်းဝိုင်းဖြင့် ပေကလတ် ပေကလတ် အရင်ကြည့်၏။





ပြီးမှ နှုတ်ခမ်းလေးလှုပ်ရုံလောက်သော မပွင့်တပွင့် အပြုံးမှိုန်မှိုန်ပြီး . . .

"ဒါ ဖြူရဲ့အိမ်လေ၊ ဟောဒီက အစ်ကိုက ဖြူ့ကို သိနေတယ်၊ ဟုတ်လား၊ ဖြူကတော့ အစ်ကို့ကို မသိဘူး၊ ဖြူသိတာ ဒီသုံးယောက်ထဲမှာ အစ်ကိုချောတယ်"

အောင်ကိုရော လင်းခိုင်ရော ပေါ်တင်ကြီး အဖွဲ့ခံလိုက်ရသဖြင့် ထမင်းဝိုင်းမှာ ဂိန်ရမလို ဖြစ်သွားသည်။

"ဖြူကလည်းကွာ၊ ကိုယ့်ချစ်သူကို အတည်ပေါက် မနောက်ပါနဲ့"

"မနောက်ပါဘူး၊ ဖြူအတည်ပြောတာ"

ဖြူ့စကားကြောင့် မြတ်သော နင်သွားသည်။ ကိုယ့်ချစ်သူကိုတောင် မသိဘူးဆိုသော ဖြူ့စကားတွေက လုံးဝအဓိပ္ပါယ်မရှိ။

"ဖြူ . . နေတော့ကောင်းပါတယ်နော်"

"ရှင် . . ."

ထမင်းဝိုင်းဘေးတွင် ရပ်နေသော ဖြူမှာ မြတ်သောစကားကြောင့် သူ့ပါးသူ လက်နှင့်စမ်း၊ သူ့လက်မောင်းသားတွေကို ဟိုစမ်းဒီစမ်းနှင့် လုပ်ပြီး . . .

"ဖြူ နေကောင်းပါတယ်၊ ကိုယ်လည်း မပူဘူး၊ သွေးလည်း မတိုးဘူး"

"ဒါဆို စိတ်တော့ကောင်းပါတယ်နော်"

"ဟော့တော် . . ဖြူ့ရုပ်က စိတ်မနှံ့တဲ့သူ ရုပ်ပေါက်နေလို့လား"

"အဲ . . မ . . မပေါက်ပါဘူး၊ ကိုယ့်ချစ်သူ တစ်ယောက်လုံးကိုတောင် မသိဘူးလို့ ပြောနေတာကိုး"

"အို . . ခက်ရချေရဲ့၊ ဖြူ ရှင့်ကို တကယ်မသိတာပါ၊ ဖြူက ရှင့်ချစ်သူလို့ပြောလည်း ရှင့်ကို စိတ်မဆိုးပါဘူး၊ ဖြူကလည်း ရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူအဖြစ် လက်ခံနိုင်ပါတယ်”

မြတ်သော ကျေနပ်စွာ ပြုံးလိုက်သည်။ ဒါဟာ သိပ်ကို သေချာသွားပြီ၊ ဖြူ တမင်နောက်နေခြင်း ဖြစ်သည်ဆိုတာ။

“ကဲ. . စားလိုက်ကြပါဦး ဟင်းတွေ အေးကုန်ပါ့မယ်”

ပန်းကန်ထဲသို့ ဟင်းတွေတစ်ပုံတစ်ပင်ကြီး ခပ်ထည့်ပေးနေသောဖြူ့ကို မြတ်သော ပြုံးပြီးမော့ကြည့်လိုက်သည်။ တစ်ခါတစ်ရံ ဖြူသည် သိပ်ကိုလျှို့ဝှက်သော မိန်းကလေးဖြစ်သလို သူ့စိတ်နေသဘောထားနှင့် သူ့လုပ်ရပ်တွေကို မြတ်သောပင် လိုက်ပြီးမတွေးနိုင်လောက်အောင် သိုသိပ်လွန်းအားကြီးသည်။

ထူးဆန်းတာက ဒီလို ဝေးလံသီခေါင်တဲ့ရွာကို မြတ်သောတို့အရင် ဇလပ်ဖြူ ဘယ်လိုရောက်နေတာလဲဆိုတာ စဉ်းစား၍ မရတာပဲဖြစ်သည်။

ထမင်းကို တို့ကနန်းဆိတ်ကနန်းစားပြီး အတွေးတွေ ရှုပ်ယှက်ခတ်နေသလောက် အောင်ကိုနှင့် လင်းခိုင်မှာ ထမင်းငတ်လာသည့် ဒုက္ခသည်တွေလို ခေါင်းပင်မဖော်။







# အခန်း(၉)

လေပြည်နွေးနွေးတို့ မျက်နှာကို လာရောက်တိုးဝှေ့လိုက်သဖြင့် မြတ်သော ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်လိုက်ပြီး အိပ်နေရာမှ ဆတ်ခနဲ ထထိုင်လိုက်သည်။

“ဟင်. . နေ. . နေတောင် အတော်မြင့်နေပြီပဲ”

အခန်းတွင်းသို့ လိုက်ကာကြားမှ တိုးဝင်ဖြာကျနေသော နေရောင်တောက်တောက်တွေကြောင့် မြတ်သော မနက်မိုးလင်းပြီဆိုသော အတွေးအာရုံက ဖျတ်ခနဲ တိုးဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မနေ့ညက ထမင်းစားပြီးကြသည်နှင့် ဘယ်အချိန်မှာ အိပ်ပျော်သွားပြီး ဘယ်အချိန်မှာ မိုးလင်းသွားသည်ဆိုတာ မသိလိုက်ရအောင် တော်တော်လေး အိပ်မောကျခဲ့ကြတာပဲ။

အံ့သြစိတ်ဖြင့် ဘေးကိုငဲ့ကြည့်လိုက်သည်။ အောင်ကို တရှူးရှူးနှင့် ခြေပစ်လက်ပစ် အိပ်ပျော်နေဆဲ အအိပ်ကြမ်းသော လင်းခိုင်၏ ခန္ဓာကိုယ်မှာ ခုတင်ပေါ်တွင် တစ်ဝက်၊ ခုတင်အောက်တွင် တစ်ဝက်။

မြတ်သော လက်မှနာရီကို ငုံ့ကြည့်လိုက်သည်။

"ဟာ. . ဆယ်နာရီတောင် ထိုးပြီကွ၊ ထကြတော့"

"ဘုန်း. . ဘုန်း. . ဘုန်း. ."

တရှူးရှူးနှင့် အိပ်ပျော်နေသော အောင်ကို့တင်ပါးကို တဘုန်းဘုန်း ပုတ်နှိုးလိုက်သည်။ သူများအိမ်လာပြီး ခုလို အိပ်ရာက နေမြင့်မွန်းလွဲမှ ထတာကတော့ တော်တော်လေးလွန်လှပြီ။

"ဟေ့ကောင်တွေ ထကြတော့"

မြတ်သော ခပ်ကျိတ်ကျိတ် နှိုးလိုက်သည်။

"ကျွိ. . ."

"နိုးကြပြီလား"

ကျွန်းတံခါးကြီးဖွင့်ကာ ဝင်လာသော ဇလပ်ဖြူကို မြင်တော့ ဖရိုဖရဲ အိပ်ရာထစပုံကြောင့် မလုံမလဲ ဖြစ်သွားသည်။

"နိုးပြီဖြူ ဒီကောင်တွေ အိပ်ပုတ်ကြီးနေလို့ နှိုးနေတာ"

"ခရီးပန်းထားကြလို့ အိပ်ပျော်နေတာပဲ အိပ်ကြပါစေ"

ဇလပ်ဖြူ အလိုက်တသိဆိုတော့ မြတ်သော အနည်းငယ် စိတ်သက်သာရာ ရသွားပြီး ချစ်သူကို မြတ်နိုးစွာ စိုက်ကြည့်လိုက်သည်။

ယဉ်စစလေး လှသွေးကြွယ်နေသော ချစ်သူ၏ အလှတရားတွေသည် မြတ်သော၏ ရင်ထဲကို ကလူ၏သို့ မြူ၏သို့ လုပ်နေ၏။

တကယ့်ကို ဖက်နမ်းချင်စရာလေး. . .





ဖြူအသံကြား၍ ထင်သည်။ အောင်ကို အိပ်မှုန်စုံမွှားဖြင့် မျက်လုံးဖွင့်ကြည့်ပြီး သူခိုးလူမိဆိုသလို ဝုန်းခနဲ ထထိုင်၏။

"အဟဲ. . အိပ်. . အိပ်လို့ကောင်း၊ စားလို့ကောင်းနဲ့ မိုးလင်းလို့ လင်းမှန်းတောင် မသိလိုက်ဘူး"

ဖြူထံမှ ရယ်သံခပ်တိုးတိုး ထွက်လာသည်။ ရယ်သံနှောသော အသံဖြင့်ပင်. . .

"ရန်ကုန်သားတွေက ဒီလိုပဲ အိပ်ပုတ်ကြီးတတ်ကြတာ ဘာဆန်းလို့လဲ၊ အဟင်း. . . အပျင်းလည်း ကြီးတတ်ကြသေးတယ်လေ"

နာနကို ရိုက်ချိုးခံလိုက်ရသလို မြတ်သောရော အောင်ကိုရော ငိုင်သွားသည်။

"အဟဲ. . ရန်ကုန်သားတွေက အအိပ်ကြီးသလို အချစ်လည်း ကြီးတတ်ကြပါတယ်ဗျာ"

အောင်ကို ရယ်ကျဲကျဲဖြင့် ရှက်ကိုးရှက်ကန်းဆို၏။

"ကဲ. . . နှိုးလိုက်ပါဦး၊ အဟင်း. . ဟိုတစ်ယောက် အိပ်ပုံက ထူးဆန်းတယ်နော်၊ တရိစ္ဆာန်ရုံက မျောက်လွဲကျော်အိပ်သလို ပုံစံမျိုးနဲ့ နေရတယ်"

"ဟုတ်တယ် သူတို့က အမျိုးတွေလေ. . သူက မျောက်မနဲ့ အတ္တာပြုပြီးပြီ"

"တော်. . တော်. . ဆက်မပြောနဲ့"

အောင်ကို့စကား မဆုံးလိုက်ခင်လေးမှာ လင်းခိုင် ဝုန်းခနဲ ခုန်ထလိုက်ပြီး အော်ကြီးဟစ်ကျယ် အလျှင်အမြန်တားသည်။

"ဟေ့တော် ဒါက ဘယ်လိုဖြစ်တာလဲ၊ ထချင်တော့လည်း ချက်ချင်းကို ငေါက်ခနဲ ထတော့တာပဲ၊ အဟင်း. . ခစ်. . ခစ်. . ခစ်"

လင်းခိုင်၏ အူတိအူကြောင် ပုံစံကိုကြည့်ပြီး ဇလပ်ဖြူ ရယ်မှင်သက် လက်တို့ဖြင့် တခစ်ခစ်ရယ်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ၊ အားလုံး နိုးကြပြီဆိုရင်တော့ ရှင်တို့အတွက် မနက်ခင်းစာ ပြင်ထားတယ်၊ လာထွက်စားလိုက်ကြပါဦး၊ သိပ်မကြာခင် လှည်းသမားလည်း ရောက်တော့မယ်"

"ကိုယ် မပြန်ချင်သေးဘူးဖြူ"

"ဟင်. . တကယ်လား"

"တကယ်ပါ ဒီမှာ ကိုယ့်ချစ်သူ ရှိနေမှတော့ ကိုယ်ပြန်ရင် အင်မတန် မိုက်မဲရာကျမှာပေါ့"

"အို သဘောပဲလေ၊ ဒါပေမယ့် အဖေက လှည်းခေါ်ပြီးပြီ"

ဇလပ်ဖြူ ကြည်နူးရိပ်တွေ ယှက်ဖြာကာ မြတ်သောတို့ သူငယ်ချင်း သုံးယောက်ရှေ့မှ လှစ်ခနဲ ပြေးထွက်ခဲ့၏။

မြတ်သော ငေါင်စင်းစင်း ကျန်ခဲ့၍ အောင်ကို သတိလှမ်းပေး၏။

"မြတ်သော လိုက်သွားလေကွာ၊ ဒီအချိန်တွေကို မင်း အသုံးချတတ်ရတယ်ကွ"

"ဟင်. . အေး. . ဟုတ်တယ်၊ ငါ သူ့ကို အာဘွားမပေးရသေးဘူး"

မြတ်သော အခန်းအပြင်သို့ ချစ်သူကို အာဘွားပေးရန် လျှင်မြန်သော ခြေလှမ်းကျဲကြီးတွေဖြင့် အမီလိုက်ခဲ့၏။

"ဖြူ. . နေပါဦး"

ခေါ်သံကြောင့် ဖြူလှည့်ကြည့်သည်။

"ဘာလိုအပ်လို့လဲ"

မြတ်သော ဖြူရှေ့မှာ ပိတ်ရပ်လိုက်သည်။

"ဖြူကလည်း စိမ်းလိုက်တာကွာ၊ ကိုယ့်ချစ်သူကိုတွေ့တော့ နွေးထွေးမှု မရှိလိုက်တာ"

လွမ်းနေတာ ကြာပြီဖြစ်သော ချစ်သူ၏လက်ကို လှမ်း၍ဆုပ်





ကိုင်လိုက်သည်။ ဖြူကလည်း ဟန်ဆောင်ခြင်းမရှိပဲ ပြန်၍ ဆုပ်ကိုင်သည်။ ဖြူ့ပုံစံသည် ရှက်ရွံ့ခြင်း သိပ်မရှိတော့။ ရဲတင်းပွင့်လင်းလာသည်။

"ဖြူက တကယ်ပဲ အစ်ကို ချစ်သူလားဟင်"

"ဟော့ဗျာ. . ဖြူ ဘာဖြစ်နေတာလဲ၊ ကိုယ့်ချစ်သူမို့ ဖြူကို ခုလိုမျိုး ဆက်ဆံတာပေါ့"

သူမလေး ခပ်ယဲ့ယဲ့ ပြုံးသည်။ မျက်ဝန်းလေးတွေသည် တဖျတ်ဖျတ် လက်တောက်လာသည်။ နီထွေးသော နှုတ်ခမ်းတို့ ပန်းနုရောင်တွေ ယှက်ဖြာသွားသည်။

ထိုအခြေအနေလေးကို အလွတ်မပေးချင်သော မြတ်သောမှာ ကိုယ်လုံးအိအိထွေးထွေးလေးကို ရင်ခွင်ထဲ ဆွဲနှစ်လိုက်သည်။ သူမ အလိုက်သင့်လေး ခို့ဝင်ကာ. . .

"ဖြူ့ကို တကယ်ချစ်တာလား"

ဟတ်ခနဲ ရယ်လိုက်ပြီး. . .

"ဖြူ မယုံဘူးလား"

"အင်း. . ."

"ဒါဆိုရင် သက်သေပြမယ်"

အနမ်းတို့ကို မျက်နှာပြင်အနှံ့ လည်တိုင်အနှံ့ တရစပ် ခြွေချလိုက်သည်။

"အို. . ရင်ခုန်စရာ ကောင်းလိုက်တာ"

ညက်ညောသော ပါးပြင်လေးပေါ်မှာ အနမ်းတို့ အပ်ချစရာနေရာမရှိလောက်အောင် ပြည့်နှက်သွားသည်။ ဖြူကလည်း ပြန်၍ အနမ်းတွေချ၏။

"ဝုန်း. ."

"အောင်မလေးဗျ၊ ကွဲပါပြီ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဝုန်းခနဲ အသံနှင့်အတူ လင်းခိုင်၏ ငယ်သံငယ်ရင်းပါအောင် အော်လိုက်သော အသံကြောင့် ဖျူရော မြတ်သောပါ အသံလာရာသို့ အလန့်တကြား လှည့်ကြည့်လိုက်ကြသည်။

နန်းတွင်းဆီဆေးပန်းချီကားချပ်ကြီး ခေါင်းပေါ်ပြုတ်ကျ၍ ကြယ်တွေနက္ခတ်တွေ မြင်သွားသော လင်းခိုင်မှာ ကြမ်းပြင်တွင် မှောက်လျက်သား။

ချစ်သူနှစ်ဦး ကြည်နူးခန်းကို ချောင်းကြည့်ချင်သောဇောနှင့် ပန်းချီကားကိုမှီပြီး အမှုမဲ့အမှတ်မဲ့ နေလိုက်သဖြင့် ပန်းချီကား သိုင်းကြိုးကို ဖြုတ်လိုက်သလိုဖြစ်ကာ လင်းခိုင်၏ခေါင်းပေါ် ပြုတ်ကျခြင်း ဖြစ်သည်။ အထိနာသူမှာ လင်းခိုင်တစ်ယောက်တည်း မဟုတ်။

"အား. . အီး. . ဖရုး. . ဖရုး၊ အောင်မလေး ခြေမကျိုးပါပြီ"

ခြေမကိုကိုင်ကာ နာကျင်လွန်း၍ ခုန်ဆွခုန်ဆွ ဖြစ်နေသော အောင်ကိုမှာလည်း လင်းခိုင်နှင့် ကြံရာပါ။

အခြေအနေကို သဘောပေါက်လိုက်သော မြတ်သောမှာ မသနားသည့်အပြင် ပို၍ပင် မေတ္တာပို့လိုက်သေးသည်။

"ကောင်းတယ် ငါတို့ကို ချောင်းကြည့်ချင်တဲ့ကောင်တွေ တစ်ခါတည်း ခြေထောက်လည်းပြတ်၊ ခေါင်းလည်း ထက်ခြမ်းကွဲရမှာ"

"အောင်မလေး အဲလောက် မေတ္တာထားရလားကွာ၊ မင်းကခုတော့ ပြောပြီပေါ့၊ မျှော်စင်ကျွန်းမှာတုန်းက အပြီကဲနေတဲ့ စုံတွဲကို ငါတို့လိုက်ချောင်းတုန်းက မင်းက ထိပ်ဆုံးကလေ၊ အဲ့ဒီတုန်းက မင်းမျက်နှာရော ငါတို့မျက်နှာတွေရော ပျားတုပ်ခံရလို့ မင်းရဲ့ဖျူကို တစ်ပတ်လောက် သွားမတွေ့ရဘူးလေ"

လင်းခိုင် နာကျင်နေသည့် ကြားထဲမှ ရှုံ့မဲ့နေသော မျက်နှာကြီးဖြင့် ငယ်ကျိုးငယ်နာ ဖော်တော့သည်။

ကိုယ့်အကျင့်ဆိုးတွေ ချစ်သူရှေ့မှာ ဘူးပေါ်သလို ပေါ်ပြီးရင်





ပေါ်တော့မှာမို့

"ဟော့ကောင်တွေ မင်းတို့ မညစ်ပတ်နဲ့နော်၊ လင်းခိုင် မင်းတာရော မျောက်မနဲ့တောင် ကင်းလို့လား၊ ခုလောက်ဆို မင်းမိန်းမ မျောက်အိုမကြီးခင်ဗျာ မင်းကလေးတွေတောင် လွယ်ထားနေလောက်ပြီ"

လင်းခိုင် မျက်နှာကြီးမှာ အက်ဆစ်နှင့် အပက်ခံလိုက်ရသလို မဲညိုပုတ်သွားပြီး

"တော်. . . တော်တော့ကွာ၊ အီး. . ငါ့မှာ နာရတဲ့ကြားထဲ မိအေးနှစ်ခါနာ အဖြစ်မခံနိုင်ဘူး၊ တော်ပြီ မင်းရဲ့ ပုပ်ပွနေတဲ့ အတိတ်တွေကို ငါလည်း အစမဖော်ဘူး၊ ငါ့ကိုလည်း အချွန်နဲ့ လာမမနဲ့"

မိန်းမဆန်သော ထိုးနှက်ပွဲလေးကြောင့်လားမသိ၊ ဖျူ့ထံမှ ရယ်သံ ခပ်တိုးတိုး ပေါ်ထွက်လာသည်။ ချစ်သူရှေ့မှာ မိန်းမဆန်ဆန် ငယ်ကျိုးငယ်နာ ဖော်မိသည့်အတွက် ရှက်မိပေမယ့် ခုလို ပြန်မတွယ်ပြန်လျှင်လည်း မြတ်သော ဖျူနှင့် ချစ်သူမဖြစ်ခင်က ရည်းစားဆယ့်ခုနစ်ယောက် ထားသည့်အဖြစ်က ဖျူ့ရှေ့မှာ ပေါ်သွားနိုင်သည်။ ထို့ကြောင့် မျောက်မကိစ္စကို အစဖော်ပေးလိုက်ခြင်း ဖြစ်သည်။

"ကဲ. . ရှင်တို့ မနက်ခင်းစာ စားရအောင် အမြန်လာကြပါတော့"

ရှက်ရိပ်သန်းသော လေသံခပ်တိုးတိုးပြောပြီး အနားမှ လှည့်ထွက်သွားသည့် ဖျူ့နောက်ကျောကို ငေးကြည့်ပြီး လင်းခိုင်ကို မကျေမနပ်ဖြင့် ခပ်ကျိတ်ကျိတ် ဆဲလိုက်သည်။

လင်းခိုင်ကလည်း ခပ်ကျိတ်ကျိတ် ပြန်ဆဲလိုက်သည်။




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

"ဝါး. . ရေလည်လန်းတယ်ကွာ"

ပြတင်းပေါက်တွင်ရပ်လျက် အပြင်ဖက်ကို အငမ်းမရ ကြည့်နေသော လင်းခိုင်ကြည့်ရာဘက်သို့ မြတ်သောပါ လိုက်ကြည့်လိုက်သည်။

တစ်ဖက်ခြံက ပန်းခင်းကြီးအလယ်တွင် ရှိနေသော သစ်ပင်ကြီးအောက်တွင် ပန်းပုခက်စီးနေသည့် မိန်းကလေးတစ်ဦး၊ ခေါင်းမှာလည်း ပန်းတွေဝေနေအောင် ပန်ထားသည်။ သူ့ဘေးတွင် ပွင့်နီးနီးလောက်ဝ





သည့် အမျိုးသမီးတစ်ဦးက ပုခက်လွှဲပေးနေသည်။

"ဟော့ကောင် အဲဒါဥစ္စာစောင့်တွေများလား"

"ဟာ. . မင်းကလည်း ဒီအခြေအနေနဲ့ ဒီနေရာ ဥစ္စာစောင့်ဖြစ်စရာလားကွ၊ ဒီရွာရဲ့ထူးခြားမှုကိုက ပုံစံမတူတဲ့ မိန်းမလှလေးတွေအများကြီး ရှိနေတာပဲ"

"အေးကွ၊ အဲဒီ မိန်းမလှလေးတွေထဲမှာ မင်းကောင်မလေးပါရှိနေတာတော့ အံ့ဩစရာပဲ၊ အင်း. . ဒါလည်း တစ်ခုကောင်းတာပဲ၊ မင်းအတွက် နောက်တစ်ယောက် ထပ်ချိတ်စရာ မလိုတော့လောက်အောင် အချိန်ကုန်သက်သာတာပေါ့။ ငါ့အတွက်လည်း ခံစားမှုအသစ်လေးတွေ တိုးတာပေါ့၊ နောက်ပြီး မင်းကောင်မလေးကို အကြောင်းပြုပြီး ငါတို့လည်း ဒီရွာကကောင်မလေးတွေနဲ့ လဟွန်းတုလို့ ရပြီ"

ပါးစပ်ကသာပြောနေတာ လင်းခိုင်အကြည့်တွေက ပန်းတွေနဲ့ဝေနေသော ကောင်မလေးထံမှ မခွာသေး။

"မိုက်တယ်ကွာ ကိုက်စားချင်စရာလေး၊ ငါ. . ငါ့ကိုယ်ငါ ဘာသီကျွန်း ရောက်နေသလားတောင် ထင်နေရတယ်၊ တကယ့်အလန်းလေးပဲ"

"မင်းတို့ ဒါနဲ့ကြည့်မှ ပိုပီပြင်မှာကွ"

ဝါသနာတူချင်းမို့ အောင်ကိုယူလာပေးသော မှန်ပြောင်းကို လင်းခိုင် ဖျတ်ခနဲ ဆွဲယူလိုက်ပြီး. . .

"အေး. . အဲဒါပါတာကို ငါမေ့နေတယ်၊ အဟဲ. . ငါ့ကို အရင်ပေးကြည့်"

"ဟွန်း ငမ်းဖို့ကတော့ ရှေ့ဆုံးက. . အဲလိုလူမျိုး ကာလသားရောဂါဖြစ်ပြီးသေရင် ရှေ့ဆုံးကသေမှာ"

ဒီအချိန်မှာ ဘယ်သူဘာပြောပြော လင်းခိုင် နားဝင်မည်မထုတ်။



www.burmeseclassic.com

www.burmeseclassic.com မိုးတိုင် 007


"ဟာ. . . မျက်လုံးလေးက လှလိုက်တာ၊ ပလုံးတလွဲ ရှန်းတလွဲ ပန်းပုခက်စီးနေပုံလေးကလည်း ပျံ့နရာလေး ကိန်နေသလိုပဲ"

"ဟမ်. . ဟော့ကောင်. . ဘာ. . ဘာပြောတယ်"

ပြောချင်ဇောဖြင့် ပြောချလိုက်သော လင်းခိုင်စကားကို မြတ်သောနှင့်အောင်ကို အဓိပ္ပါယ်မဖော်တတ်။

"ဟာ. . မင်းတို့ကလည်း ပိန်းလိုက်တာကွာ၊ ပုလဲတစ်လုံး ခွဲတစ်လုံးလို့ ပြောတာ၊ ပုခက်စီးနေပုံလေးကလည်း ကိန္နရာမလေး ကောင်းကင်မှာ ဝဲပျံနေသလိုမျိုးလို့ ပြောတာ"

"အယ်. . ငါ့. . ငါ့ကို မြင်သွားပြီ၊ လှမ်းခေါ်နေတယ်. . လှမ်းခေါ်နေတယ်ကွ၊ ခ္ဓိး. . ဟီး. . ဟီး. . အမလေးဗျာ၊ ရင်တွေခုန်လိုက်တာ၊ ငါ ဘာလုပ်ရမလဲ ဘာလုပ်ရမလဲ"

ကောင်မလေး မျက်စမျက်နပစ်ပြီး လှမ်းခေါ်နေသဖြင့် လင်းခိုင် ခုန်ဆွခုန်ဆွဖြင့် ကြွေမရ ဖြစ်နေသည်။ ပုံစံကိုက စောင့်ကန်ချင်စရာ။

"ဒါဆိုလည်း ပြတင်းပေါက်ကနေ ခုန်ချပြီး သွားပေါ့ကွ"

အမြင်ကတ်၍ အကြံပေးလိုက်သော မြတ်သောစကားကြောင့်

"အေး. . ကောင်းတယ် ကောင်မလေးက အောက်ကနေ ဆီးပွေ့. . အယ်. . ဟမ်. . ဟုတ်သေးပါဘူး၊ ဟော့ကောင်တွေ မင်းတို့ ငါ့ကို အရောက်ပို့နေတာလား ရေဝေးကို"

"ဟော့ကောင် ဒီနေရာနဲ့ဒီနေရာ ရေဝေးထိမမှန်းနဲ့ ရွာပြင်တာ ဇရပ်နားလောက်ကိုပဲမှန်း၊ အဲဒီမှာမင်းအတွက် မြေပုံအော်ဒါ မှာထားလိုက်"

"ဟေး. . လာခဲ့လေ၊ ဒီမှာ ကြိုးကြာနဲ့ ပုခက်စီးရအောင်"

ကောင်မလေး၏ အသံလွင်လွင်လေးက အပေါ်ထိ ပျံ့လွင့်လာသည်။



"အောင်မလေး နံမည်လေးနဲ့လိုက်အောင် အသံလေးက သာလိုက်တာ၊ ဟော့. . ဟော့ကောင်တွေ. . ငါ. . ငါ. . သွားလိုက်ဦးမယ်"

ပြတင်းပေါက်ဘောင်ပေါ် အတင်းခွတက်နေသော လင်းခိုင်ကို အောင်ကို အတင်းလှမ်းဆွဲလိုက်ပြီး. . .

"ဟော့ကောင်. . မင်း ဒါ ဘာလုပ်တာလဲ၊ မသာပေါ် သွားချင်လို့လား၊ ဒီလောက်အမြင့်ကြီး ခုန်ချရင် သေသွားမှာပေါ့"

"ဒါ. . ဒါဆို ငါ ဘယ်လိုသွားမလဲကွ၊ အောက်ထပ်ဆင်းပြီး အိမ်မကြီး တံခါးကနေသွားရင် မစ္စတာ ဦးဘမောင်ကြီးက သွားခွင့်ပြုပါ့မလား"

"ဒါဆိုရင် သူ့ကို ဒီအပေါ် လာဖို့ ခေါ်လိုက်ပေါ့ကွာ"

"အမ်. . မင်းကလည်း လုပ်မှလည်း ဟုတ်ပါ၊ အဲ. . ဟုတ်မှလည်း လုပ်ပါ အောင်ကိုရယ်၊ ဟိုက မိန်းကလေးကွ. . ဘယ်လိုလုပ်ပြီး ယောကျ်ားတွေနေတဲ့အခန်းထဲ လာမှာလဲ"

"ပြောရမလား၊ ဒီရွာက မိန်းကလေးတွေရဲ့အထာက ငါတို့တွေ့ဖူးတဲ့ မိန်းကလေးတွေလို ဟန်ဆောင်မှုမရှိဘူး၊ သူတို့ ကိုယ်တိုင်ကိုက ဘာပါလာပါ ဖြစ်နေတာ၊ ငါပြောတာဟုတ်မဟုတ် လက်တွေ့စမ်းကြည့်ရအောင်"

"မ. . မဟုတ်ရင် ပါးရိုက်ခံရရုံတင် မဟုတ်ဘူး၊ ဒီရွာကနေ ဆောင် ချက်ချင်းနှင်ထုတ် ခံရနိုင်တယ်နော်"

တကယ်တမ်းကျတော့ လင်းခိုင် သတ္တိမရှိ။

"ခေါ်ကြည့်လိုက်စမ်းပါကွာ မင်းကလည်း. . ရတော့လည်း အမြတ်၊ မရတော့လည်း ပါးစပ်သရမ်းတာပေါ့"

"အေး. . ဒါဆို ပြီးရော"

မြှောက်ပေးရင် ဝှေးတက်အောင် ကတတ်သော လင်းခိုင့်ပါးစပ်ထဲမှသွားတွေ အကုန်ပေါ်အောင် ဖြီးခနဲ ရယ်ပြရင်း. . .


www.burmeseclassic.com

www.burmeseclassic.com



"လာ. . လာခဲ့ပါလား. . စကားလေးဘာလေး ပြောရအောင် ကိုယ်တို့က လူရိုးလေးတွေပါ။ အနမ်းတစ်စက် မစွန်းစေရပါဘူး"

"ကြိုးကြာလာရမှာလား၊ အဟင်း. . ခစ်. . ခစ်. . မမ. . ကြိုးကြာကို ခေါ်နေတယ်၊ ကြိုးကြာသွားမယ်"

ဝတုတ်မကြီးကို ကလေးတစ်ယောက်လို ပူဆာနေသော ကြိုးကြာပုံစံလေးက ဆွဲဖွဲ့ကိုက်ပစ်ချင်စရာ. . .

"ဒါဆို မမလည်းလိုက်မယ်၊ လာ. . ညီမလေး၊ ပျင်းနေတာနဲ့ အတော်ပဲ၊ မမတို့ အတူတူ အီစီကလီ သွားလုပ်ကြတာပေါ့. . ဟစ်. . ဟစ်. . ဟစ်. . ကဲ. . လာထား"

ကောင်မလေးလက်ကိုဆွဲကာ ဝတုတ်မကြီးသည် သူ၏ ရာဝင်အိုးလောက်ရှိသော ခန္ဓာကိုယ်ကို တရုတ်သိုင်းကားထဲက ကိုယ်ဖော့ပညာကိုသုံးပြီး လင်းခိုင်တို့ရှိရာ အိမ်ပေါ်သို့ လေထဲမှလွှားခနဲ ခုန်တတ်လာကြသည်။

ထူးဆန်းသော ထိုမြင်ကွင်းကြောင့် သုံးယောက်သား မျက်လုံးအပြူးသားဖြင့် ကြောင်ငေးကြည့်နေမိကြ၏။ ဒါဟာ သွေးရိုးသားရိုးမှ ဟုတ်ပါလေစ. . ၊ ဒီရွာက မိန်းကလေးတွေရဲ့ နေထိုင်မှုဘဝပုံစံကို. . လောကကြီး ဘယ်လိုပြဋ္ဌာန်းထားပါလိမ့်။





"**ဒီ**. . ဒီမှာ မင်း. . မင်းတို့ လူတွေတော့ ဟုတ်ပါတယ်နော်"

သုံးယောက်စလုံး မယုံနိုင်သော မြင်ကွင်းကြောင့် မျက်လုံးပေ...လတ် ပေကလတ်ဖြင့် တအံ့တသြဖြစ်၍ နေကြသည်။

"လူပါရှင့် ဘာလဲ ကြိုးကြာတို့ကျောမှာ အတောင်ပေါက်နေ...ယ် ထင်လို့လား"

"အဲ. . မ. . မဟုတ်ပါဘူး၊ ဟိုလေ တရုတ်သိုင်းကားထဲကလို ...ိုယ်ဖော့ပညာတွေ သုံးထားလို့ စွမ်းအားရှင်တွေများလာလို့ စိတ်က ...င်သွားလို့ပါ"

သံသယတွေကို ကြည့်ကောင်းအောင် ပြောလိုက်သော လင်း...စတားကြောင့် မခို့တရို့ရယ်လိုက်ကြပြီး. . .

"ဥသြတို့ ညီအစ်မတွေက ကိုယ်ဖော့ပညာကို တစ်ဖက်ကမ်း...အောင် ကျွမ်းတယ်ရှင့်၊ ဟစ်. . ဟစ်. . ခစ်. . ခစ်. . ခစ်"

လူကသာ ဖက်တီးမလေး ဖြစ်နေတာ၊ မျက်နှာလေးက ဂွမ်းခိုင်...သို နုဖတ်ပြီး အပြစ်ဆိုဖွယ်ရာမရှိအောင် ချစ်စရာကောင်းသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



အောင်ကို ခပ်ငေးငေးကြည့်ပြီး တိတ်တဆိတ် မှတ်ချက်ချမိသည်။

ကြိုးကြာဆိုသော ကောင်မလေးမှာလည်း ပိန်ပိန်ပါးပါး သွယ်သွယ်လျလျနှင့် ကြည့်၍ တစ်မျိုးကောင်းလွန်းပြန်သည်။

ဖြူဝင်းသော အသားစိုင်နှင့် တင့်တယ်သော ကိုယ်နေဟန်ထားကို ပိုင်ဆိုင်ထားသော အလှတရားတွေကို သိမ်းကျုံးပြီး ငမ်းနေသော လင်းခိုင်မှာသာ မြင်ပြင်းကပ်ချင်စရာ. . .

"ရှင်တို့ကို ဒီမှာ တစ်ခါမှမမြင်ဖူးဘူး၊ ဟို. . ယောက်ျားစစ်စစ်လေးတွေတော့ ဟုတ်ပါတယ်နော်"

မေးပုံကိုက ယောက်ျားစစ်စစ်လေးတွေတော့ ဟုတ်ပါတယ်နော်တဲ့၊ ကိုယ်တွေက ယောက်ျားမစစ်လို့ အခြောက်တွေ ဖြစ်ရမှာလား

"ဟာဗျာ ကျွန်တော်တို့ ယောက်ျားစစ်စစ်ပါ"

"ဒါဆိုရင်ပြ"

"ဟမ်. . ."

သုံးယောက်သား ပြဆို၍. . . ဘာကိုပြရမှန်းမသိအောင် ခန္ဓာကိုယ်တွေကို တတ်နိုင်သမျှ ကျုံ့ကာ ပေါင်လေးတွေကို ပြိုင်တူစုထားမိလိုက်ကြသည်။

ဥဩဆိုသော ဝတုတ်မလေးက ဘာကိုပြခိုင်းတာမှန်းမသိ၊ သူတို့ပုံစံမှာ. . ဒီကပြရင်တောင် တကယ်ကြည့်မယ့်ရုပ်တွေ။

"ဘာ. . ဘာကို ပြရမှာလဲ"

"အို. . ရှင်တို့ ယောက်ျားစစ်မှန်ကြောင်း ပြလေ၊ ဒီခေတ်အင်တွေများတာလဲ ရှင်တို့အသိပဲ"

အောင်ကို ရွံ့ချင်လာသည်။ မိန်းကလေးဖြစ်ပြီး အရှက်သိက္ခာတွေကို ဖင်ခုထိုင်ပြီး ပြောချင်ရာ ပြောနေရသလား၊ နားထောင်ရသူတွေတောင် ရှက်လာပြီ၊ ကိုယ်တွေက ပြရမယ့်သူတွေ၊ ဘယ်လိုပြမလဲ၊ သူတို့ကကော ကြည့်ရဲစရာလား။





"ကိုယ်တို့ပြလိုက်ရင် ခင်းတို့ လန့်သွားမှာပေါ့"

"အို. . လန့်စရာလားလို့"

"ဒါဆိုလာ ဟိုအခန်းထဲ ဝင်ပြမယ်၊ ဒီမှာ လူတွေနဲ့"

"အယ်. . ရှင် ယောက်ျားစစ်မစစ် ပြတာများ အခန်းထဲဝင်ဖို့စရာလား၊ မလိုဘူး. . ဒီမှာပဲကြည့်မယ်. . ဒီမှာပဲပြ"

"ဟော့. . . မင်းတို့က ကြည့်ရဲပေမယ့် ငါက ဒီလူတွေရှေ့မှာ မပြရဲဘူး"

"အို. . လက်မောင်းက ဗလလေး ပြရတာများ ရှက်တယ်တဲ့၊ ဒါဆို သေချာပြီ. . . ရှင်တို့ ယောက်ျားမဟုတ်ဘူး"

"အယ်. . ဟုတ်တယ် ကိုယ်တို့ယောက်ျားပါ၊ ဒီမှာကြည့် ဒီမှာ၊ ခင်းတို့က စောစောကတည်းက ဗလပြပါလို့ ရှင်းရှင်းပြောပေါ့"

ဥဩဆိုသော ဖက်တီးမလေး အောင်ကို့ လက်မောင်းကြွက်သားကိုကိုင်ကြည့်ပြီး ယောက်ျားစစ်စစ်ဖြစ်ကြောင်း အတည်ပြုသည့်အနေဖြင့် လက်မလေးထောင်ပြကာ. . .

"စစ်တယ်စစ်တယ် မာနေတာပဲ၊ ယောက်ျားဆိုတာ အဲလိုမာနေမှ. . ဗလကို ပြောပါတယ်"

"မမ. . ဒါဆို ညီမလေးတို့ တွဲလို့ရပြီပေါ့နော်၊ သူတို့ပုံစံတွေက အလန်းဇယားတွေ မမရဲ့"

ကြိုးကြာ ကလေးငယ်တစ်ယောက်လို လက်ခုပ်လက်ဝါးတီးကာ ပျော်ရွှင်သွားသည်။

တွေ့မြင်နေရသော အခြေအနေသည် အိပ်မက်မဟုတ်တာ သိပ်ကိုသေချာနေသဖြင့် မြတ်သော ဘယ်လိုဝေဖန်ရမှန်းပင်မသိတော့၊ ဒီရွာက လင်တရူးတွေ စုနေတဲ့ ရွာများလား။

"ဟော့. . ရှင်နော်. . ဥဩတို့ကို လင်တရူးလို့ မဝေဖန်နဲ့"

"ဟမ်. . အဲ. . ဟို"



www.burmeseclassic.com

www.burmeseclassic.com



မြတ်သော ကြောင်သွားသည်။ ကိုယ့်စိတ်ထဲမှာ ခပ်တိတ်တိတ် ဝင်နေတဲ့အတွေးကို ဒင်းတို့က ဘယ်လိုသိနေကြပါလိမ့်၊ အကြားအမြင်များ ရနေကြလို့လား။

"ဒီရွာမှာက ရှင်တို့လို အားလည်းကောင်း မောင်းလည်းသန်တဲ့ ယောကျ်ားက မရှိဘူး၊ ဒီတော့ ရွာကို ရောက်လာသမျှ အရွယ်ကောင်း ယောကျ်ားတွေဆိုရင် ဦးရာလူစနစ်ပဲ၊ ဒါပဲနော်. . ရှင်တို့ကို ဥဩတို့ ညီအစ်မ ပိုင်သွားပြီ၊ ဘယ်ကောင်မမှ လက်ညှိုးလေးနဲ့တောင် လာတို့လို့ မရဘူး၊ လာတို့လို့ကတော့ ယောကျ်ားမရပဲ ပို့သွားမယ်. . ဟွန်း. ."

ဖက်တီးမ သူ့ခန္ဓာကိုယ်ကြီးနှင့် ကာမိအောင် ကျိန်းဝါးနေလိုက်တာ ကြက်သီးထစရာ။

"ဒီ. . ဒီမှာက သုံးယောက်လေ၊ မင်းတို့ကနှစ်ယောက် ဘယ်မှာလည်း တစ်ယောက်ချင်းစီ. . ဒဲ့. . ဒဲ့ချင်းပေါ့"

လင်းခိုင်ပါ သူတို့နှင့် အတိုင်အဖောက်ညီညီ ကြောက်ရလန့်ရမှန်းမသိ၊ သူကိုက ဣန္ဒြေမရှိ. . ရှော ယူလိုက် ဖြစ်နေသည့် တဏှာရှူးကောင်။

"ကိုယ်တို့က ဒီရွာကိုလာတဲ့ ဧည့်သည်တွေပါ၊ သိပ်မကြာခင် ပြန်ရတော့မှာ"

မြတ်သောစကားကြောင့် ကြိုးကြာမျက်နှာလေး ညှိုးသွားသည်။

"အို. . ဟင့်အင်း မပြန်ရပါဘူး၊ ဒါပဲနော် မပြန်ကြနဲ့၊ ဒီရွာမှာ ကြိုးကြာတို့နဲ့နေ"

"နေတော့ နေချင်ပါတယ်၊ ဒါပေမယ့် ကိုယ့်မှာ အကြွေးတွေနဲ့ ဝိုင်းနေတာလေ၊ ရန်ကုန်ပြန်ရင် အဲဒီအကြွေးကိစ္စတွေ ရှင်းရဦးမှာ"

ကြိုးကြာလည်ပင်းမှာဆွဲထားသော စိန်ဘယက်ကြီးကို ကြည့်ပြီး ပြောနေသောလင်းခိုင်မှာ အကြံနှင့် ဒီရွာကလူတွေ ဒီလောက်ချမ်းသာကြသလား။

"အို. . အဲ့ဒီအကြွေးများ ဘာမှမပူနဲ့၊ ရော့. . ဒါနဲ့ရှင်းလိုက်၊ ကြိုးကြာတို့မှာ ဒီလိုရတနာတွေများ ပေါလအောတိုက်လွန်းလို့. . ဇယ်တောက်တန်း ကစားလို့တောင်ရတယ်"

သူမလည်ပင်းမှ တဖျတ်ဖျတ် တောက်ပနေသော စိန်ဘယက်ကိုချွတ်ကာ လင်းခိုင်လက်ထဲကို ထည့်ပေး၏။

လင်းခိုင်ရင်ဘတ်မှာ အံ့ဩတာလား၊ ဝမ်းသာလွန်းလို့ ထကချင်နေတာလားပဲတော့မသိ ဖုတ်လိုက်ဖုတ်လိုက်နှင့်. . သူတော်တော် မျော်သွားပုံရသည်။ သူ့တစ်သက် ဒီလိုစိန်ဘယက်တစ်ကုံးကို အလကားပဲနင်း ရဖို့ဆိုတာ အိပ်မက်တောင် မမက်ဖူးခဲ့။

"ဒီ. . ဒီဘယက် ကိုယ့်ကို ပေးတာလား"

"အင်းလေ. . ရှင့်အကြွေးတွေ ဆပ်ဖို့ပေါ့"

"တ. . တကယ်နော်၊ ပြန်မတောင်းတာ သေချာတယ်နော်"

"သေချာတယ်၊ ရှင်သာ ကြိုးကြာအနားမှာ တစ်သက်လုံးနေလို့ကတော့ ကြိုးကြာမှာရှိတာ အကုန်ပေးမယ်"

"ဒါဆိုနေမယ် တစ်သက်လုံး မခွာဘူး"

"ဝေး. . မမ. . ညီမလေး ချစ်သူရပြီ"

ခုန်ပေါက်မြူးတူးနေသော ကြိုးကြာကိုကြည့်ပြီး မြတ်သောရောအောင်ကိုပါ ပါးစပ်အဟောင်းသား၊ အတည်ပေါက်နှင့် နောက်နေကြတာများလား။

"ကဲ. . ဒါဆိုရင်လာ. . ကြိုးကြာနဲ့ တစ်ခါတည်းလိုက်ခဲ့၊ အိမ်ရောက်ရင် တစ်ခါတည်း လက်ထပ်မယ်"

"အမ်. . လက်. . လက်ထပ်မယ် ဟုတ်လား"

"အင်းလေ. . ဘာလဲ မထပ်ချင်ဘူးလား"

ရှင်လန်းတက်ကြွစွာဖြင့် လင်းခိုင်လက်ကို အတင်းဆွဲခေါ်နေ



www.burmeseclassic.com

www.burmeseclassic.com


သော ကြိုးကြာ၏ ဟန်ပန်အမူအရာမှာ နောက်ပြောင်ကျီစယ်နေသည့် ဟန်မပေါက်တော့။

ဒီရွာက မိန်းကလေးတွေက ယောကျ်ားတွေနှင့် ပတ်သက်လျှင် အဲလောက် ပွင့်လင်းရက်ရောကြသလား။

ဘေးမှာ အသာအကဲခတ်ကြည့်ရင်း အမည်မဖော်နိုင်သော သံသယတွေ မြတ်သောရင်မှာ ဖွာလန်ကြဲလာသည်။ တစ်ရွာလုံးက မိန်းကလေးတွေရဲ့စရိုက်က တစ်ပုံစံတည်းပဲမို့ ကိုယ့်ချစ်သူ ဖြူကရော ထိုသို့သော တန်ဖိုးနည်း မိန်းကလေးပဲလား။ ဖြူ ဘယ်လိုမိန်းကလေး မျိုးလဲ၊ ဖြူနှင့် စတွေ့ပြီး. . ရင်းနှီးခဲ့စဉ်တုံးက ဖြူ့မှာ ဒီလိုအပေါစား ဆန်သည့် စရိုက်မျိုး တစ်စိုးတစ်စိမျှမရှိခဲ့။

"လာ. . သွားမယ်၊ ဘာပေကပ်ကပ်လုပ်နေတာလဲ၊ ဘာလဲ ငြင်းတယ်ပေါ့လေ ဟုတ်လား၊ ဒါ လက်မထပ်ချင်ဘူးဆိုတဲ့ သဘော လား"

"မ. . မဟုတ်ပါဘူး၊ ထပ်. . ထပ်ချင်ပါတယ်၊ ဟိုလေ ဖြုန်းစား ကြီးများ ဖြစ်နေမလားလို့"

"အို မဖြုန်းပါဘူး၊ ကြိုးကြာတို့ အတွက်ကတော့ ဒါဟာ မစော ဘူး၊ နောက်တောင်ကျနေသေးတယ်၊ ကြိုးကြာက ယောကျ်ားလိုချင် နေတာ တစ်ပိုင်းသေရုံတင် မဟုတ်ဘူး၊ နှစ်ပိုင်းစလုံးကို သေနေတာ"

"ဟမ်. . "

ဆံပင်မွေးများ ထောင်ထရလောက်အောင် လက်မြှောက်အရှုံး ပေးရသူက လင်းခိုင်၊ အချစ်နှင့် ပတ်သက်လျှင် ကိုယ့်ကိုယ်ကိုယ် လူ တတ်ကြီး စားဖားကြီးဟု ထင်နေတာ၊ ခုတော့ ကြိုးကြာက ကိုယ့်ထက် တောင် ဆရာကျနေပါလား၊ ကိုယ်က ယုန်သူငယ် ပြန်ဖြစ်နေရပြီ။

"မြတ်. . မြတ်သော ဘယ်လိုလုပ်မလဲ၊ ဟိုမှာ. . လင်းခိုင်တို့ အတင်းဆွဲခေါ်နေပြီ"



လက်တို့ကာ ခပ်တိုးတိုးလှမ်းပြောသော အောင်ကို့စကား ကြောင့် သံသယအတွေးတို့ ခဏဖြတ်တောက်ကာ. . .

"ညီမတို့ စဉ်းစားပါဦး၊ အိမ်ထောင်ပြုတယ်ဆိုတာ ညီမတို့ ကိုယ်ပေါ်ကို လိုးရှင်းလိမ်းသလို မလွယ်ပါဘူး၊ အထူးသဖြင့်. . တစ် ယောက်နဲ့တစ်ယောက် နားလည်မှုတွေနဲ့ ဘဝတစ်ခု ထူထောင်ကြမယ် ဆိုရင် အဓိကက တစ်ယောက်အကြောင်းတစ်ယောက် သိဖို့ပဲ မဟုတ် လား"

"အို သိစရာမလိုပါဘူး၊ သိတော့ရော ဘာထူးမှာလည်း အဓိ ကက တစ်ယောက်ကိုတစ်ယောက် ချစ်ဖို့ပဲ၊ မလိုအပ်ပဲနဲ့ အတိတ် တို ဆွဲမလှန်ချင်ပါနဲ့၊ ကြိုးကြာတို့ စိတ်မဝင်စားဘူး"

"အယ်. . တကယ်. . ဇွတ်ပဲ"

"ကဲ. . လာပါ. . ကြာတယ် သွားမယ်"

မြတ်သော၏ သြဝါဒသတိပေးစကားသည် ကြိုးကြာအတွက် တော့ ဘယ်လိုမှ အသုံးဝင်တော့မည်မဟုတ်။

ညီအစ်မနှစ်ယောက် လင်းခိုင်ကို ချိုင်းကနေ တစ်ဖက်တစ် ချက်စီ ကိုင်မလျက် ပြတင်းပေါက်မှ လွှားခနဲ ဆင်းသွားကြသည်။

လင်းခိုင်မှာသာ ဟင်္သာငှက်နှစ်ကောင် နွားကျောင်းသားတွေ ရန်က ကယ်တင်လာပေးသော လိပ်ကလေးလို ယက်ကန်ယက်ကန်နှင့်

"အဟင်း. . . ခစ်. . ခစ်. . ခစ်. . တစ်ယောက်တော့ ပါသွား ပြီ"

ခပ်တိုးတိုး ရယ်သံနှင့် ဝေဖန်သံကြောင့် နှစ်ယောက်သား ပြတင်းပေါက်မှာ ရပ်နေရာမှ နောက်ကိုလှည့်ကြည့်လိုက်ကြသည်။ အခန်းဝတွင် ရပ်နေသည်က ဖြူမဟုတ်၊ ဖြူနှင့် ခပ်ဆင်ဆင် ကောင်မ လေးတစ်ယောက် သူလဲ တော်တော်လှသည်ဟုပင် မှတ်ချက်ဖြတ် ပေးလိုက်သူက အောင်ကို. .


www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်သူလဲ"

"စံပယ်ဖြူလေ"

"အရင်က မင်းကို မမြင်မိပါဘူး"

စံပယ်ဖြူဆိုသော ကောင်မလေးနားကို အောင်ကို လျှောက်သွားပြီး မေးလိုက်ခြင်းဖြစ်သည်။ ကောင်မလေး၏အလှက အနီးကပ်ကြည့်လေ ပိုလှလေပဲဖြစ်သည်။

အောင်ကို ရင်ထဲမှာ တလှပ်လှပ်နှင့် ခုန်လာသည်။

"မင်း တော်တော်လှတာပဲ၊ ဒီကို စရောက်ကတည်းက မင်းကို တွေ့ရမှာ ခုမှ မင်းက ဘယ်ကပေါ်လာတာလဲ"

"မြေအောက်ခန်းထဲက"

"ဟမ်. ."

"သြော်. . ဒီလိုပါ၊ ဖေဖေက အရမ်းဒေါသကြီးပြီး စည်းကမ်းလဲ သိပ်ကြီးတာ၊ စံပယ်ဖြူတို့ ညီအစ်မတွေ အမှားလုပ်မိကြရင် ခုလိုမြေအောက်ခန်းထဲထည့်ပြီး ပိတ်လှောင်ထားတတ်တယ်၊ ခုတောင် ရှင်တို့ရောက်နေလို့ စံပယ်ဖြူကို မြေအောက်ခန်းထဲက ထွက်ခွင့်ပေးတာ"

"သြော်. . ဒီလိုလား"

အောင်ကို ခေါင်းတဆတ်ဆတ်ငြိမ့်ပြီး. . .

"PSY ကြီးပြောတော့ မင်းအဖေက သမီးတွေကြောင့် မာနကြီးတယ်ဆို ခုကျတော့လည်း သဘောကောင်းသားပဲ"

"အဲဒါက ရွာထဲကယောကျ်ားတွေနဲ့ ပတ်သက်မှာပါ၊ ရှင်တို့တစိမ်းလူတွေမို့လို့ ဖေဖေက အဲ့ဒီမာနတွေ ထုတ်မသုံးဘူး၊ အခုလည်း ရှင်တို့ ဒီမှာဆက်နေဦးမယ်ဆိုလို့ စံပယ်ဖြူတို့ညီအစ်မကို ဂရုစိုက်ခိုင်းထားတယ်လေ"

"ကျေးဇူးတင်ပါတယ် ညီမ၊ ကိုယ်တို့က ဒီရွာမှာ ကြာဦးမှာ"

"သိပါတယ် ကိုမြတ်သောရဲ့၊ အဟင်း. . မမကြောင့် မဟုတ်





သား"

"ဟမ်. . မင်းသိနေတယ်၊ မင်းအစ်မ ပြောတာလား"

"ဒီလိုပဲပေါ့"

စံပယ်ဖြူ ခပ်လွှင်လွှင်လေးပြုံးကာ အောင်ကို့အား တောက်ပသော အကြည့်တစ်ခုနှင့် လှစ်ခနဲကြည့်ပြီး ပြန်လှည့်ထွက်သွားသည်။

"ဟော့ကောင် အောင်ကို သတိလေးလဲထားဦး"

မျက်တောင်မခတ်ပဲ စံပယ်ဖြူကျောပြင်ကို အဆုံးထိ ငေးကြည့်နေသော အောင်ကို့အား မြတ်သော သတိပေးလိုက်သည်။

"ငါ ရေလည်ခိုက်သွားပြီကွာ၊ လက်စသတ်တော့ ငါ့ရဲ့ ဖူးစာရှင်က ဒီရွာမှာလာပုန်းနေတာကိုးကွ"

"ဒါဆိုလည်း ဖွင့်ပြောလိုက်ပေါ့ကွာ"

"ဖွင့်ပြောစရာတောင် မလိုဘူး၊ ငါ့ကို ကြည့်သွားတဲ့ အကြည့်တွေထဲမှာ သူ့အဖြေက ကျိုပြီးပါနေပြီ"

"ငါတို့အတွက် တစ်ခုပဲစိုးရိမ်တယ် အောင်ကို"

"ဘာလဲ"

"သူတို့တွေ ငါတို့ကို လင်မှတ်မှတ် သားမှတ်မှတ် ပေါင်းပါ့မလားဆိုတာပဲ"

"ဘာကြောင့်လဲ"

"ယောကျ်ားတွေနဲ့တွေ့ရင် သူတို့က အရင်စလို့ပဲလေ"

အောင်ကို ဘာမှမပြောနိုင်. . ခပ်တွေတွေ ဖြစ်သွားသည်။ ဒီတော့ တဟားဟားအော်ရယ်၏။ ဒါ ယောကျ်ားတွေ ပူရမယ့် အပူတဲ့ သား. ဲ. . ခက်တော့ ခက်နေပါပြီ။





www.burmeseclassic.com

www.burmeseclassic.com




# အခန်း(၁၁)

"ဟာ. . မြတ်သော ငါ့ကျောပိုးအိတ်ထဲက ပိုက်ဆံအိတ်နဲ့ မှတ်ပုံတင် မရှိတော့ဘူး"

"ဟင်. . ဟုတ်လား၊ မင်း ဘယ်မှာ ထည့်ထားလို့လဲ သေချာရှာပါဦးကွာ"

"ရှာပြီးပြီ၊ ကျောပိုးအိတ် တစ်အိတ်လုံးလဲ နှံ့နေပြီ၊ မင်းအိတ်ထဲများ ရောက်နေလား"

ငြင်းနေလျှင် မယုံသင်္ကာ ဖြစ်နေမည်စိုး၍ အောင်ကို စိတ်ကျေ



နပ်စေရန် မြတ်သော သူ့ကျောပိုးအိတ်ကို အကုန်ဖွင့်ပြလိုက်သည်။

"ဟာ. . ငါ့. . ငါ့ပိုက်ဆံအိတ်၊ ငါ့ပိုက်ဆံအိတ်လည်း မရှိတော့ဘူးကွ၊ အဲဒီထဲမှာ ကျောင်းသားကတ်တွေရော မှတ်ပုံတင်တွေရော အရေးကြီးတဲ့ မမ်မိုရီကတ်တွေရော ပါတယ်ကွ"

"ဒါဆို ဟိုကောင် လင်းခိုင်များ နောက်ထားလား၊ သူ့ကျောပိုးအိတ်ထဲကို ငါတို့ရှာကြည့်ရအောင်"

"အေး. . နောက်ဆုံး ဒီလိုပဲလုပ်ရတော့မှာပေါ့"

နှစ်ယောက်သား လင်းခိုင်ကျောပိုးအိတ်ကို မွှေကြသည်။ ထူးဆန်းစွာဖြင့် လင်းခိုင်အိတ်ထဲမှာလည်း သူ့ပိုက်ဆံအိတ် ရှိမနေ. . .

"ဟာကွာ ဂွတ်စပွတ်ပဲ၊ သုံးယောက်စလုံးရဲ့ ပိုက်ဆံအိတ်ပျောက်တာ တပြိုင်တည်းဆိုတော့. . ဒါ သွေးရိုးသားရိုးရော ဟုတ်ရဲ့လား"

နှစ်ယောက်သား ဝေခွဲရခက်စွာ ခေါင်းချင်းဆိုင်နေမိကြသည်။ ဒီရွာမှာ လင်တရူးမတွေရှိသလို ပိုက်ဆံအိတ်သူခိုးလည်း ရှိတာပဲလား။

"လာကွာ. . ငါတို့ ဦးဘမောင်ကိုသွားပြီး အသိပေးထားရအောင်"

"အေးလေ ပြောတော့ ပြောပြထားရမှာပဲ မြတ်သောရ၊ သူ့ရွာအခြေအနေ သူပဲအသိဆုံးဆိုတော့ တစ်ခုခုတော့ အဆင်ပြေမှာပါ၊ ငါတို့ သွားပြောရအောင် လာထ"

အခန်းထဲမှ နှစ်ယောက်သား ထွက်လာခဲ့ကြသည်။


www.burmeseclassic.com

www.burmeseclassic.com

"**မင်း**တို့သူငယ်ချင်းက သုံးယောက်မဟုတ်လား၊ ဘာကြောင့် တစ်ယောက် လျော့နေတာတုန်း အိပ်ရာက မနိုးသေးလို့လား"

"အဲ. . ဟုတ်. . အင်း. . မ. . မဟုတ်ပါဘူး နိုးပါပြီ၊ သူ ဝမ်းတွေသွားနေလို့ အခန်းထဲက မထွက်တာပါ ဦးရိုးတော်၊ ဒါကြောင့် ထွက်မလာတာပါ"

တစ်ဖက်ခြံက မိန်းကလေးနှစ်ယောက် အတင်းဆွဲခေါ်သွားသည်ဟု ပြောမထွက်၍ အဆင်ချောအောင် ညာလိုက်ရပေမယ့်. . . ဦးဘမောင်ကတော့ သိပ်မယုံချင်။

"ဪ ဝမ်းသွားနေတာကိုး၊ သမီးဇလပ်ဖြူရေ ဒီက ညည့်သည် အစ်ကို ဝမ်းသွားနေတယ်ဆိုတော့ အဖေဖော်ထားတဲ့ ကန့်ချုပ်ပဒေသာ ဆေး တစ်ဖုံလောက် တိုက်လိုက်ပါကွယ်"

"ဟုတ်ကဲ့. . အဖေ ဇလပ်ဖြူတိုက်လိုက်ပါ့မယ်"

"အိမ်း ဝမ်းသွားနေတယ်ဆိုတော့. . တူတော်တို့ ခရီးဆက်လို့ ဖြစ်ပါ့မလား"





"အဲဒါကို ချိန်ဆနေတာပါ ဦးရိုးတော်၊ နောက်ပြီး ဦးရိုးတော် သိထားသင့်တဲ့ အကြောင်းအရာလေး တစ်ခုကိုလည်း တင်ပြချင်ပါ တယ်"

"ဝေ. . ဘယ်တင်ကို ပြမှာလဲကွ တူတော်မောင်တို့ရဲ့ ဘာလဲ ခင်းတို့ တင်ပါးမှာ သွေးစုနာ ပေါက်နေလို့လား၊ အဟေး. . ဆေးဆရာ ကြီး အိမ်ရောက်မှ ရောဂါတွေ လွှတ်ပြီးတော့ ဝင်နေတော့တာပါလား"

သဘောတကျနှင့် ရယ်သံနှောကာပြောနေသော ဦးဘမောင်၏ နားလည်မှုလွဲပုံက ရယ်ချင်စရာ။

"ဟာ. . ဒီ. . ဒီလို တင်ပါးကို ပြမှာကို ပြောတာမဟုတ်ဘူး ခင်ဗျ၊ ကျွန်တော်တို့ဆီမှာ ဘာသွေးစုနာမှလည်း မရှိပါဘူး၊ ကျွန်တော် ဆိုလိုတာက အကြောင်းအရာတစ်ခုကို အသိပေးထားချင်တယ်ဆိုတဲ့ သဘောကို ပြောတာပါ"

"ဪ. . အဲလို ရှင်းရှင်း ပြောပါတော့လား၊ ကဲ ဘာကို အသိ ပေးထားမှာလဲ"

စိတ်ထဲမှာ အားနာပေမယ့် မပြောရင်လည်း ဖြစ်မှမဖြစ်တာ

"ကျွန်တော်တို့ သူငယ်ချင်း သုံးယောက်လုံးရဲ့ ပိုက်ဆံအိတ် တွေ ပျောက်နေတယ်"

"ဟေ. . ဟုတ်လား၊ ဖြစ်နိုင်ပါ့မလား တူတော်မောင်တို့ရယ်၊ ဒီအိမ်မှာ မင်းတို့ ပိုက်ဆံအိတ် ခိုးမယ့်သူ တစ်ယောက်မှ မရှိတာတော့ သေချာတယ်ကွ"

"ဟာ. . နားလည်မှု မလွဲပါနဲ့ဗျာ၊ ကျွန်တော်တို့ပြောတာ ဒီသ ဘောမဟုတ်ပါဘူး၊ ဒီပိုက်ဆံအိတ်ကို ဒီအိမ်သားတွေ ယူတာလည်း မဖြစ်နိုင်ပါဘူး၊ ကျွန်တော်ဆိုလိုတာက အပြင်က သူခိုးတွေဘာတွေများ ဝင်ခိုးသွားသလားလို့ပါ"

"အင်း. . . ခက်တော့ခက်သားလားကွယ်၊ ဦးလေး ဘယ်လို


www.burmeseclassic.com

www.burmeseclassic.com

ပြောရမှန်းတောင် မသိတော့ဘူး၊ ဒီရွာမှာနေတဲ့လူတိုင်းက သူများ ပိုက်ဆံအိတ် ခိုးရလောက်အောင် မဆင်းရဲကြဘူးကွ”

“ကျွန်တော်လည်း ဘယ်လိုမှ မစဉ်းစားတတ်တော့ပါဘူးဗျာ၊ ကျွန်တော်တို့ ပိုက်ဆံအိတ်ထဲမှာ ငွေထက် အရေးကြီးတဲ့ ပစ္စည်းလေးတချို့ ပါနေတော့ ပြန်ရအောင်တော့ ဘယ်သူခိုးလဲဆိုတာ စုံစမ်းရမှာပဲ”

“အေးပေါ့လေ စုံစမ်းရမှာပေါ့၊ မောင်ရင်တို့ သံသယကင်းသွားအောင် ဦးလေး မောင်ရင်တို့ကို အံ့သြမှင်တက်သွားစေလောက်တဲ့ အရာကို ပြချင်တယ်၊ ကဲ. . လာ. . လိုက်ခဲ့ကြ”

ဘာများပြမှာပါလိမ့်ဟူသော သိချင်စိတ်ဖြင့် သူငယ်ချင်းနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ထိုင်ခုံမှ ထလိုက်ခဲ့ကြ၏။ ကြီးမားသော အိမ်ကြီး၏ အတွင်းပိုင်းသည် ဂန္ထဝင်ဆန်သော အိမ်ကြီးသဖွယ် ကျွန်းရောင်နှင့် ပနံရစွာ ကနုတ်အနုစိတ် လက်ရာတွေက အခန်းနံရံတိုင်း နံရံတိုင်းမှာ ဒီဇိုင်းအစုံအလင် တွေ့ရ၏။

မြတ်သော ဘောင်းဘီအိတ်ထဲမှ ဖုန်းကို ထုတ်ယူပြီး ကနုတ်ပန်းဒီဇိုင်းတွေ ဌက်ရုပ်၊ ဆင်ရုပ်၊ နဂါးရုပ်၊ အမျိုးစုံသော ရှေးဟောင်းကနုတ်လက်ရာတွေကို ဗီဒီယိုကင်မရာဖြင့် လိုက်ရိုက်ရင်း အခန်းတစ်ခုရှေ့ အရောက်တွင် ဆီဆေးပန်းချီကားကြီးတစ်ချပ်မှ နန်းဆန်သော မိသားစု ပန်းချီကားကြီးကိုပါ ဘာရယ်မဟုတ် မှတ်တမ်းတင် ရိုက်လိုက်သည်။ ထိုပန်းချီကားထဲတွင် ဦးဘမောင် ဇလပ်ဖြူနှင့် စပယ်ဖြူအပြင် တခြားမိသားစုဝင်တွေပါ ပါသေးသည်။ ထူးခြားသည်မှာ ဇလပ်ဖြူနှင့် ရုပ်တူသည့် အမျိုးသမီးတစ်ဦးကိုပါ သတိထားမိလိုက်သည်။

“ကျို. . .”

တံခါးချပ်တစ်ချပ်ကို ဖွင့်လိုက်သောအသံကြောင့် မြတ်သော ဗီဒီယိုဖိုင်ကို save လုပ်ပြီး အခန်းထဲဝင်သွားသော ဦးဘမောင်နောက်သို့ လိုက်ဝင်ခဲ့လိုက်သည်။





အခန်းထဲတွင် မြင်လိုက်ရသည်က ဘယ်လိုမှ ထင်မထားသည့် အဖိုးတန်ရတနာတွေနှင့် တခြားတန်ဖိုးရှိသည့် ရှေးဟောင်းရုပ်တုတွေ လူသုံးယောက်စာလောက် ဝင်ခွေ၍ရသော မီးခံသေတ္တာကြီး သုံးလုံး

“ကဲ. . ဒီမှာကြည့်ပါဦး တူတော်မောင်တို့ ဒီရတနာတွေဟာ ဦးလေးတို့ မိသားစုတွေပိုင်တဲ့ အရာတွေပဲ၊ ဒီတော့ မင်းတို့လည်း လိုသလောက် ယူသွားလို့ရတယ်”

နှစ်ယောက်စလုံး၏မျက်နှာက လောဘဖြင့် ထိန်တောက်သွားကြသည်။

“ရဲ. . ရတနာတွေက မနည်းပါလား၊ တန်ချိန်နဲ့ တွက်မယ်ဆိုရင်တောင် ပိုင်ဆိုင်မှုတွေက ဘီလျံနဲ့ချီပြီး တန်မယ်ထင်တယ်”

ခပ်တိုးတိုးပြောလာသော အောင်ကို့မှန်းချက်သည် နည်းပင်နည်းနေသေးသည်။

“ကျောက်စိမ်းတွေ ပတ္တမြားတွေကပဲ ကာလပေါက်ဈေးနဲ့တွက်ရင် တိုင်းပြည်တစ်ခုတောင် ထောင်လို့ရမယ် ထင်တယ်ကွ”

“အဟမ်း. . အဟမ်း. . အဟမ်း”

သူငယ်ချင်းနှစ်ယောက် အခန်းတွင်းရှိ ရတနာနှင့် ကျောက်မျက်တွေကို ကြည့်ပြီး ကာလပေါက်ဈေးကို စိတ်မှန်းနှင့် တွက်လိုက်ကြသည်။ ဦးဘမောင် ချောင်းဟန့်သံကြောင့် ဂ္ဂနြွေကို ပြန်ထိန်းလိုက်တာ

“ဒီရတနာတွေက ဦးလေးတို့ နောက်ဆယ်သက်မပြောနဲ့. . နောက်ဘဝတစ်ရာအထိတောင် သုံးလို့ဖြုန်းလို့ ကုန်နိုင်ပါ့မလား”

ဦးဘမောင် အမိပ္ပါယ်ပါသောအပြုံးဖြင့် မြတ်သောနှင့် အောင်တို့ကို အကဲခတ်ကြည့်သည်။

“ဦးလေးတစ်ယောက်ထဲ ဆိုရင်တော့ ဟုတ်မှာပေါ့လေ၊ ဒါပေမယ့် ဒီစည်းစိမ်ဥစ္စာတွေဆိုတာ တကယ်တော့ လူ့ဘဝမှာ အလကားပါ သူတို့က အသက်ရှင်စဉ်မှ အသုံးဝင်တာပါ၊ သေသွားခဲ့ရင် ဘာမှ သယ်


www.burmeseclassic.com

www.burmeseclassic.com

သွားလို့ရတာမှ မဟုတ်တာ၊ တကယ်တော့ ဒီရတနာတွေက ဦးလေး သမီး နှစ်ယောက်အတွက်ပါ။ သူတို့လေးတွေကို အိမ်ထောင်ရက်သား ချပေးပြီးရင်တော့ ဒီရတနာပစ္စည်းတွေကို ပိုင်ဆိုင်မှုတွေ လွှဲပေးရတော့မှာပေါ့"

ရင်ထဲမှ လောဘကိလေသာမီးလေး၊ မြတ်သောနှင့် အောင်ကို့ရင်ထဲကို လှစ်ခနဲ တိုးဝင်လာကြသည်။ ဒီလောက်များတဲ့ ရတနာတွေကို ပိုင်ဆိုင်ရမည့်လောဘကို ဘယ်သူက ငြင်းပယ်ပြီး ကိလေသာကို စွန့်နိုင်မှာလည်း၊ သို့သော်. . ရင်ထဲက လောဘမီးတွေကို ဦးဘမောင်ကြီး သိအောင်တော့ လှစ်ဟပြ၍ မရသေး။ လောဘလုံးဝကင်းစင်သည့် မျက်နှာပေးလေးတွေဖြင့် မျက်လုံးတွေ ပေကလတ် ပေကလတ်လုပ်ကာ. . .

"ဒီရတနာတွေကို အကျိုးရှိတဲ့နေရာတွေမှာ လှူလိုက်ရင် ဘယ်လောက်ကောင်းလိမ့်မလဲနော် ဦးရီးတော်"

မြတ်သောစကားကြောင့် ဦးဘမောင် အထင်ကြီး လေးစားသောအကြည့်ဖြင့် ဖျတ်ခနဲ လှမ်းကြည့်၏။

"မောင်ရင်တို့ကရော ဒီရတနာတွေကို မမက်မောဘူးလား"

သူငယ်ချင်းနှစ်ယောက်စလုံး လောဘကင်းသည့် မျက်နှာပေးတွေဖြင့် ခေါင်းကို ခပ်ဖြည်းဖြည်း ခါပြလိုက်ကြသည်။

ရင်ထဲမှာတော့ ငါတို့သာရခဲ့ရင်ဆိုသည့် စိတ်ကူးယဉ် အိပ်မက်တွေဖြင့် စိတ်အတွေးတွေကို ကမ္ဘာအနှံ့ လျှောက်ပတ်ခိုင်းပြီးနေပြီးသား။

"ပစ္စည်းဥစ္စာဆိုတာ မမြဲသော သဘောတရားတွေကို ဆောင်ကျဉ်းပေးနေတာပါ ဦးရီးတော်၊ လောကမှာ ပစ္စည်းဥစ္စာထက် အရေးကြီးတာ လူတွေရဲ့ စိတ်သန္တာန်ထဲမှာ ခိုအောင်းနေတဲ့ သန့်စင်မွန်မြတ်တဲ့ သစ္စာတရားပါပဲ၊ သစ္စာတရားရှိရင် မေတ္တာတရားကလည်း သူ့





အလိုလို ထက်ကြပ်မကွာ လိုက်လာမှာပါ။ မေတ္တာတရားတွေ ကိုယ်စီရှိထားမှတော့ ဟောဒီကမ္ဘာကြီး ဘယ်မငြိမ်းချမ်းပဲ ရှိတော့မလဲ. . . ဟုတ်ဘယ်မဟုတ်လား အောင်ကို"

"ဟုတ်. . ဟုတ်တာပေါ့၊ ကျွန်တော်တို့က မေတ္တာဝါဒီသမားတွေပါ ဦးရီးတော်"

စိတ်ထဲမှာ သိသလောက် တွေးမိသလောက်လေးကို ဟန်လုပ်ပြောနေရပေမယ့် တကယ်တမ်းတော့ ထိုသို့ မပြောချင်ပါ။ နှစ်ယောက်လုံး၏ရင်ထဲမှာ ပြူတစ်ပြူတစ်ထွက်ချင်နေသော စကားလုံးတွေက. .

အဖေရယ် ကျွန်တော်တို့က အဖေ့ရဲ့သမီးတွေနဲ့ မေတ္တာမျှနေကြပြီးသားပါ၊ ဒါကြောင့် ကျွန်တော်တို့ကို အမြန်ဆုံး လက်ထပ်ပေးပါတော့၊ ပြီးရင်. . . ဒီရတနာတွေ၊ ဒီငွေ၊ ဒီကျောက်သံပတ္တမြားတွေကို အမွေအဖြစ် ခွဲပေးပါတော့လို့ ပြောလိုက်ချင်တာပါ၊ သို့သော်. . . သို့သော်. . ထိုသို့ပြော၍ မဖြစ်သေး။ အရင်ဆုံး ယုံကြည်မှုကို အရယူရဦးမည် မဟုတ်လား။

"အိမ်း. . တူတော်မောင်တို့လို လောဘနည်းတဲ့ လူငယ်လေးတွေဆီက မေတ္တာစကားကြားရတာ တယ်လဲမင်္ဂလာရှိသကိုး၊ အင်း. . ဦးလေးကလည်း အဲဒီလို လူမျိုးတွေနဲ့မှ သမီးတွေကို လက်ဆက်ပေးချင်တာ"

ဦးဘမောင်တို့ မပြောမပြီး မတီးမမြည်ဆိုသလို သမီးတွေအတွက် လင်ဖန်ပေးဖို့ ခြေဆင်းတွေခင်း၊ နိဒါန်းတွေ ပျိုးနေပြီ။

ဒါကို မြတ်သောရော အောင်ကိုရော မရိပ်မိပဲ ရှိပ့ါမလား။ ဒီစွာကမိန်းမတွေ ယောကျ်ားမြင်ရင် ငမ်းငမ်းတက်မှတော့ ဖခင်တွေကသည်း သူတို့ သမီးတွေကို ရက်ရက်ရောရော ပေးကမ်းတာ ဆန်းမှမဆန်းတာ. . .

သူတို့အဖို့ ယောကျ်ားရှားသည့် ကမ္ဘာသစ်တစ်ခုထဲ ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



သလိုမျိုး ယောက်ျားတွေရဲ့တန်ဖိုး တက်ပြီးရင်း တက်နေတော့တာပေါ့

"ကဲ . . ခုမြင်နေရတဲ့အရာတွေကို ဦးလေးတို့ ပိုင်ဆိုင်ထားရ မှတော့ မောင်ရင်တို့ ပိုက်ဆံအိတ်ကို ဒီအိမ်သားတွေယူတာ ဖြစ်နိုင်ပါ့ မလား"

"အရင်ကတည်းကလည်း မဖြစ်နိုင်ပါဘူးလို့ တွေးပြီးသားပါ ဦးရီးတော်"

"အိမ်း . . ဦးရီးတော်တို့ယူတာ မဖြစ်နိုင်သလို ဒီရွာကလူတွေ ယူတာလည်း မဖြစ်နိုင်ဘူးကွဲ့၊ ဘာကြောင့် ဒီလို အပြတ်ငြင်းရတာလဲ ဆိုတော့ ရွာမှာရှိတဲ့ အိမ်တိုင်းအိမ်တိုင်းမှာ ဦးရီးတော်တို့လို ပိုင်ဆိုင်မှု မျိုးတွေ ကိုယ်စီပိုင်ဆိုင်နိုင်ကြလို့ပဲ"

"ဗျာ . ."

"အင်းလေ . . . ဒီရွာကလူတွေ ဘာကြောင့် ချမ်းသာနေကြသ လဲဆိုတာ တစ်နေ့နေ့တစ်ချိန်ချိန် သိခွင့်ရတဲ့အခါ မင်းတို့ သိလာပါ လိမ့်မယ်၊ အဲ့ဒီအချိန်ဟာ တူတော်မောင်တို့နဲ့ ဦးလေးတို့ဘဝတွေ တ သားတည်းဖြစ်လာတဲ့ အချိန်မှာပေ့ါ"

ဦးဘမောင် ဘာကိုဆိုလိုနေတာလဲဆိုတာ နှစ်ယောက်စလုံး သိပ်နားမလည်။

သူတို့၏ အတွေးကိုယ်စီထဲမှာတော့ ဒီရတနာတွေကိုသာ ပိုင် ဆိုင်ရရင် လောကကြီးတစ်ဝက်ကို အေးအေးဆေးဆေး စိုးမိုးလို့ရပြီ ဆိုသည့် အိပ်မက်စိတ်ကူးတွေကို အရင်ဆုံး ဇယားချနေကြသော ကြောင့် ဖြစ်သည်။

ရုပ်ကလေးတွေကတော့ မှင်သေသေနဲ့ပေ့ါ။







# အခန်း(၁၂)

"ဝါး . . ငါတော့ ရတနာအပုံကြီးတွေကို မျက်စိထဲက မထွက် တော့ဘူး မြတ်သောရာ"

"ငါလည်း မင်းလိုပါပဲကွာ၊ ဖြူကို လက်ထပ်လိုက်ရင် ငါ့ဘဝ အခြေအနေကြီး တိမ်ပေါ်ကို ခုန်တက်လိုက်သလို မြင့်တက်သွားမယ် ဆိုတာ တွေးတောင်မတွေးမိဖူးပါဘူး"

သူငယ်ချင်းနှစ်ယောက် ခုတင်ပေါ်မှာ ပက်လက်လှန်အိပ်ရင်း မြင်ခဲ့ရသော ရတနာတွေအကြောင်း စားမြုံ့ပြန် စိတ်ကူးယဉ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

"လင်းခိုင်သာ ဒီရတနာတွေမြင်ရင် ဘယ်လိုနေ့မလဲ မသိဘူး ငါတော့ သူ့ရဲ့ လောဘတွေတက်နေတဲ့ မျက်နှာကြီးကို စိတ်မှန်းနဲ့တောင် မြင်ကြည့်ပြီးပြီ၊ အဟတ်. . အတော် အလိုရမ္မက်ကြီးတဲ့ကောင် အင်းလေ. . ငါတို့တောင် လောဘစိတ်တွေ ဖြစ်ခဲ့ကြသေးတာပဲ၊ သူ့လို ကိလေသာတွေနဲ့ အချိန်တိုင်းပျော်မွေ့ချင်နေတဲ့ကောင်က လောဘ တက်တာ ဘာဆန်းလဲ"

"ငါတော့ ဒီကောင့်ကို စိတ်ပူနေတယ် မြတ်သောရာ၊ ဒီကောင် ဘာလို့ ခုထိ ပြန်မလာသေးတာလဲ မသိဘူး"

"ဒီကောင်က ဈေးကျရာ ပျော်တဲ့ကောင်ပဲကွ၊ မမြင်ဖူးတာတွေ မစားဖူးတာတွေ မနေဖူးတဲ့ စည်းစိမ်တွေနဲ့ ယစ်မူးနေမှတော့ ငါတို့ကို သတိရရင် ကံကောင်း"

"ဘာပဲဖြစ်ဖြစ် အဲဒီဘက်ကို ကူးကြည့်ကြရအောင်"

"ဦးဘမောင်ကြီး သိသွားရင် ငါတို့ကို အထင်ကြီးလေးစားနေတဲ့စိတ်ကလေး ပျောက်သွားဦးမယ်ကွာ၊ ကြည့်လဲလုပ်ပါဦး"

အောင်ကို ရထားသည့်အခွင့်အရေးလေး ဆုံးရှုံးရမည်ကို စိုးရိမ်နေသည်။ ကိုယ့်ကုသိုလ်ကံကောင်းလို့ သိန်းထောင့်ငါးရာထီ အကြိမ်တစ်ထောင် ဆက်တိုက်ပေါက်လျှင်တောင် ယခုရမည့် ပိုင်ဆိုင်မှု ကို မှီမှာမှမဟုတ်တာ၊ ဒီတော့. . . အခွင့်အရေးလေး လက်လွတ်မှာကို စိုးရိမ်ရသည်။

"မင်းကလည်းကွာ ညှံ့ချက်ကတော့ ကမ်းကုန်ပဲ၊ ဦးဘမောင် ကြီးကို အဲလိုပေါ်တင်တော့ ဘယ်ပြောလို့ ဖြစ်မလဲကွ၊ ဖြူကို အကျိုးအကြောင်း ဖွင့်ပြောပြီး အပြင်ထွက်လို့ရအောင် အကွက်ရွှေ့ရမှာပေါ့"

"အေး. . ဒါလည်း ဟုတ်တာပဲ၊ ဟဲ. . ဟဲ. . လူကြံရင် ဘာခံနိုင်မှာလဲကွာ၊ ငါကတော့ ရထားတဲ့အခွင့်အရေးကို ဘယ်လိုမှ လက်





လွှတ်မခံတော့ဘူးနော်၊ စံပယ်ဖြူလေးကိုလည်း ရာသက်ပန် ပေါင်းခွင့်ရ ဆယ့်အပြင် ဒီလို ရတနာပုံကြီးကိုပါ ပိုင်ဆိုင်ရမယ့် အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးခံလိုက်ရင် ငါ့ဒီတစ်သက်မပြောနဲ့ နောင်ဘဝတစ်ရာ တောင် ဒီလိုအခွင့်အရေးမျိုး နောက်တစ်ကြိမ် ပြန်မရနိုင်တော့ဘူး မြတ်သောရ၊ ငါတို့ မီလျံနာသူဌေးကြီး ဖြစ်တော့မယ်ကွ"

အတွေးထဲမှာ အနာဂတ်ကို မျှော်ကြည့်မိတာ ရွှေရောင်တွေ ဝင်းလက်တောက်ပနေ၏။

အတွေးထဲမှာ အနာဂတ်လှလှတွေ ပုံဖော်ရေးဆွဲနေသော အောင်ကို့မျက်နှာပေါ်မှာ ပျော်ရွှင်ခြင်းအပြည့်၊ အဆင်မပြေသော မိသားစုမှ ပေါက်ဖွားလာသော အောင်ကိုအဖို့ မြတ်သောနှင့် ရွာကို လိုက်ခဲ့မိခြင်းကိုက ဘဝရဲ့အလင်းသစ်တွေကို ပိုင်ဆိုင်ရတော့မည် ဆိုတာ ကြိုမသိခဲ့တာ ရင်နာစရာ၊ လမ်းခရီးတစ်လျှောက် ပင်ပန်းနွမ်း နယ်ခဲ့တာတွေဟာ ခုတော့ ပြန်စဉ်းစားတိုင်း ပြန်စဉ်းစားတိုင်း အလင်း တံခါးဆီသို့သွားသော ထွက်ပေါက်တစ်ခုဖြစ်၍နေတာကို ဘာကြောင့် ကြိုတင် မရိပ်မိခဲ့ပါလိမ့်။

"ငါလည်းမင်းလိုပဲ ရင်ထဲမှာ ဘယ်လိုမှ ပုံဖော်ပြလို့မရအောင် အနာဂတ်အတွက် အကျေနပ်ကြီး ကျေနပ်နေမိတယ်၊ ငါ ရန်ကုန် ပြန်ရင် ဖြူနဲ့ အကြီးအကျယ် အခမ်းနားဆုံး မင်္ဂလာပွဲကြီးကို အကောင်း ဆုံး ဟိုတယ်မှာလုပ်မယ်၊ ဖြူ့မင်္ဂလာဝတ်စုံကို ပြင်သစ်က အကောင်းဆုံး ဒီဇိုင်းနာနဲ့အပ်မယ်၊ မင်္ဂလာလက်စွပ်ဖန်းကိုင်ကို ပြင်သစ်က ကမ္ဘာ့အလှ ဆုံးအလှမယ် လေတီရှားကက်စတာကို ငှားမယ်၊ မင်္ဂလာပန်းကြဲဖို့ကို တနေဒါက နာတာလီဂလီဘိုဗာကို ငှားမယ်၊ အဟဲ. . ဟောလိဝုဒ်က အဆိုတော်တွေကို မင်္ဂလာတေးသီချင်း ဆိုခိုင်းမယ်၊ ပြီးရင် ဘာလီကျွန်း မှာ အပန်းဖြေစံအိမ်တစ်လုံးဝယ်ပြီး အပန်းသွားဖြေမယ်၊ ကိုယ်ပိုင် ဟတ်စကီးတစ်စီးဝယ်ပြီး ကမ္ဘာအနှံ့ လိုက်ပတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com


"အဟုတ်. . မင်းစိတ်ကူးနဲ့ မင်းကတော့ ဟုတ်နေတာပါလား မြတ်သောရာ၊ အေးလေ လောကမှာ ငွေသာရှိလို့ကတော့ အရာရာကို ပိုင်ဆိုင်ခွင့်ရပြီပေါ့"

နှစ်ယောက်သား အပျော်တွေဖြင့် မိုးမမြင် လေမမြင် ဖြစ်နေကြသည်။ မျက်လုံးထဲမှာ မြင်ခဲ့ရသော ရတနာသေတ္တာတွေ၊ ကျောက်စိမ်းတုံးတွေ၊ မီးခံသေတ္တာထဲမှ ငွေတွေကို ပိုင်ဆိုင်ရတော့မည်ဟူသော လောဘက တဒင်္ဂတော့ ရူးသွပ်မှုကို ဖြစ်စေသည်။

ကောင်းကင်ပြာကြီးသည် မြတ်သောနှင့် အောင်ကို၏ စိတ်ကူးအပျော်တွေကို ပြုံးပြီးကြည့်နေ၏။

သူတို့ကတော့ အနာဂတ်ကို. . သူတို့စိတ်ကြိုက် ပုံဖော်၍ ကောင်းနေဆဲ။



"ဦးရီးတော်၊ ဒီရွာမှာ လက်ဖက်ရည်ဆိုင် ရှိသလား"

"ဟေ. . မင်းတို့ ဘာလုပ်ဖို့တုန်း"

"ကျွန်တော်တို့ ရန်ကုန်က ထွက်လာကတည်းက လက်ဖက်ရည်ဆိုင် မထိုင်ဖြစ်သေးဘူး၊ အဟဲ. . ဒါကြောင့် လက်ဘက်ရည်ဆိုင်ထိုင်ပြီး သီချင်းလေးဘာလေး နားထောင်ချင်လို့"

မြတ်သော၏ အကြောင်းပြချက်ကို ဦးဘမောင် ဆေးတံကြီးခဲပြီး ခေါင်းတညိတ်ညိတ်လုပ်နေသည်။

"အေးပေါ့လေ တူတော်မောင်တို့ ရန်ကုန်သားတွေက လက်ဖက်ရည်ဆိုင်ထိုင် အချိန်ဖြုန်းတတ်တဲ့အကျင့် ရှိတာကိုး၊ ကဲ. . သမီး စံပယ်ဖြူရေ သူတို့ကို ရွာလည်ပိုင်းက ဦးချစ်လက်ဖက်ရည်ဆိုင် လိုက်ပို့ပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့. . အဖေ၊ ကဲ. . လာ အစ်ကိုတို့ သွားကြရအောင်"

စံပယ်ဖြူ လိုက်ပို့မည်ဆို၍ အောင်ကို ပို၍သဘောကျသွား


www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါမှ လမ်းမှာ စကားလေးဘာလေးပြောပြီး ရင်နီးမှုရယူရမည်။

အမှန်တော့ လက်ဖက်ရည်ဆိုင် ထိုင်ချင်သည်ဆိုတာ အပြင်ကို ထွက်ချင်၍ အကြောင်းရှာခြင်း သက်သက်ဖြစ်သည်။ အပြင်ထွက်ခွင့်ရမှ လင်းခိုင်ကိစ္စကို ရှင်းနိုင်မည်ဖြစ်သည်။ သူငယ်ချင်းနှစ်ယောက် မနေ့ညနေက ထမင်းဝိုင်းမှာ ညဘက်တိတ်တဆိတ် အပြင်ထွက်ပြီး လင်းခိုင်ကို ရှာမည်ဟု အစီအစဉ် ဆွဲထားပေမယ့် တကယ်တမ်းတော့ ထမင်းစားပြီးကတည်းက အိပ်ပျော်သွားလိုက်တာ မိုးဘယ်အချိန် ချုပ်သွားမှန်းပင် မသိလိုက်၊ နိုးလာတော့ နောက်တစ်နေ့မနက် နေမြင့်၍ပင် နေပြီ။

ဒီရွာကို ရောက်ကတည်းက ညဆိုသော အမှောင်နှင့် ထိတွေ့ခွင့်မရသေး၊ စိတ်ထဲမှာ ဘာကိုမွန်းကြပ်စွာ ခံစားရမှန်း အဖြေရှာမရပဲ ရင်ထဲမှာ အနည်းငယ် ရှုပ်ထွေးမွန်းကြပ်စ ပြုလာသည်။

လေပြည်တို့သည် ခပ်သောသော တိုက်ခတ်လာပေမယ့် လတ်ဆတ်သော ပန်းရနံ့တွေကို သယ်ဆောင်မလာ၊ နေသည် ခပ်နွေးနွေး ဖြန့်ကျက်ထားပေမယ့် ပတ်ဝန်းကျင်တစ်ခွင်လုံးသည် မြတ်သော တို့အတွက် နွေးထွေးမှု သိပ်မရှိသလို စိမ်းတောက်နေသည်။

လည်ချောင်းဝမှ သက်ပြင်းမောတစ်ခုကို ရှင်းထုတ်လိုက်ပြီး . .

"စံပယ်ဖြူ ကိုယ်တို့ ဟိုဘက်ခြံကို ခဏသွားချင်တယ်"

နားမလည်နိုင်သောအကြည့်ဖြင့် စံပယ်ဖြူ မြတ်သောနှင့် အောင်ကို့ကို ငဲ့ကြည့်သည်။

"အစ်ကိုတို့က အဲဒီအိမ်ကို ဘာလို့သွားချင်ရတာလဲ"

"လင်းခိုင် အဲဒီအိမ်မှာဆိုတာ ညီမလည်း သိပြီးသားပဲ"

"ရှင်တို့လိုက်သွားရင် သူတို့ ထောင်ချောက်ထဲ ဝင်သွားရလိမ့်မယ်"





"ဘယ်လို ထောင်ချောက် ဟုတ်လား"

ဘာကိုရည်ရွယ်ပြောမှန်း မြတ်သောရော အောင်ကိုရော နားမလည်နိုင်။

"ဟုတ်တယ် သူတို့က ဒီရွာကိုရောက်လာတဲ့ ယောကျ်ားတွေ မှန်သမျှ အလွတ်မပေးချင်ကြဘူး"

မြတ်သော ကျောထဲစိမ့်သွားသည်။

"ဒါ ဘာသဘောလဲ"

"ဒါ ဘာသဘောလဲဆိုတော့ ဒီရွာမှာ ရှင်တို့လို အရွယ်ကောင်း ခပ်ဖြောင့်ဖြောင့် ယောကျ်ားတွေမှ မရှိတာ၊ ရှိပြန်ရင်လည်း ဇာတ်တူသား မစားဘူး၊ ကဲပါလေ. . ဒါတွေပြောနေလဲ အပိုပါပဲ၊ ရှင်တို့ နားမလည်တဲ့အပြင် ပိုပြီးတောင် အနှောင့်အယှက်ဖြစ်ရဦးမယ်"

"အား. . ယား. . ယား. . အားယား. . ယား. . မောင် ဘာတိုငြင်းမလဲ"

"ဟမ်. . ဒါ. . ဒါဘာသံလဲ"

ပန်းချုံအကွယ်မှာ ထွက်လာသော သီချင်းဆိုသံ ပြာနှမ်းနှမ်း အသံကြီးကြောင့် နှစ်ယောက်သား ဆတ်ခနဲ လှည့်ကြည့်လိုက်ကြသည်။

"ဟင်. . ဒီ. . ဒီမှာလည်း တစ်ယောက်၊ အောင်မလေး ကြက်သီးတွေတောင် ထလာပြီ မြတ်သောရေ၊ ငါတို့တော့ လင်တရူးရွာကို ရောက်နေပြီ ထင်တယ်၊ ငါတို့ကို တွေ့သမျှ မိန်းကလေးတိုင်း ဖွဲ့မယ်ဆိုတာချည်းပဲ"

နှစ်ယောက်သား တစ်ယောက်လက်တစ်ယောက် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်ကြသည်။ ပန်းခြုံထဲမှ မိန်းကလေးမှာ မြတ်သောတို့နားသို့ တရွေ့ရွေ့လျှောက်လာသည်။ မျက်လုံးတွေမှာ ရီဝေလက်ဖြာလျက် ဆွဲငင်အားကောင်းကောင်းနှင့် ကြာကြည့်ကြည့်ကာ. .



www.burmeseclassic.com

www.burmeseclassic.com မိုင်တိုင် 007



"ဟဲလို ဒါလင် မတွေ့ရတာကြာတော့ အရမ်းလွမ်းတယ်ကွယ်"

"ဗုဒ္ဓေါ . ."

အောင်ကို ဘုရားတလိုက်စဉ်မှာပဲ ကောင်မလေး၏ နှုတ်ခမ်းနီထွေးထွေးသည် ရှေ့သို့စူထွက်ကာ အောင်ကို့ပါးကို နမ်းဖို့ဟန် ပြင်နေ၏။

ထူပူရှက်ရွံ့စိတ်ကြောင့် အောင်ကို အပမှီသလို ကြောင်စီစီဖြစ်နေသည်။ စံပယ်ဖြူ ဒီအတိုင်း လက်ပိုက်ကြည့်မနေနိုင်တော့ . .

"ဟော့ . . မရှား ငါ့ညည်သည်တွေနဲ့ ခပ်ဝေးဝေးနေစမ်း"

"အို . . ဘာကြောင့် နေရမှာလဲ၊ နင့်မှာ နှစ်ယောက်ကြီးများတောင် ငါ့ကိုတော့ တစ်ယောက်ပြန်မျှမပေ့ါဟဲ့၊ နင်တစ်ယောက်ထဲလောဘကြီးပြီး အပိုင်သိမ်းလို့ရမလား၊ မရှားတို့ကို ဒါမျိုးလာခေါက်လို့မရဘူး၊ မရှားတို့က နင်ထက် ကျားကျမ်းကျေပြီးသားဟဲ့"

မရှား စံပယ်ဖြူကို ကက်ကက်လန်အောင် ရန်တွေ့သည်။

စံပယ်ဖြူတို့ကလည်း မခေ။

"နင့်ဟာနင် ကျားကျမ်းကျေရုံမကလို့ ကြမ်းကြားပဲခွေခွေ၊ ငါ စိတ်မဝင်စားဘူး၊ ဒီနှစ်ယောက်က ငါတို့ ညီအစ်မနှစ်ယောက်အတွက် ငါ့အဖေကိုယ်တိုင် ခွဲတမ်းချပြီးသား"

"ဟိုက် . . အပီကို ဖွင့်ချကုန်ကြပြီ မြတ်သောရေ၊ ငါတော့ သူတို့ကြားထဲမှာ မျက်နှာမထားတတ်တော့ဘူး၊ ရှက် . . ရှက်လာပြီ"

မိန်းကလေးနှစ်ယောက် လင်လုကြသည့်ပွဲမှာ နှစ်ယောက်စလုံး၏ ဒေါသတွေသည် ဘာမထီသည့် လက်ဝှေ့သမားတစ်ယောက်လို ပွဲဆူဖို့ ဟန်ပြင်ပြီးသား . .

ထိုစဉ် နောက်တစ်ယောက် ထပ်ရောက်လာပြန်သည်။

"အို . . အစ်ကို၊ အမလေး ယဉ်နန်း စိတ်ပူလိုက်ရတာ၊ အစ်ကိုတို့ ရွာထဲဝင်သွားတယ်ဆိုတာ သိပြီးကတည်းက ယဉ်နန်းမှာလေ စိတ်





ပူလွန်းလို့ ရွာထဲကိုဝင်ပြီး ရှာနေတာ၊ ထင်တဲ့အတိုင်းပဲ . . ထင်တဲ့အတိုင်းပါပဲလား၊ အဲ့ဒါကြောင့် ယဉ်နန်းပြောတာပေ့ါ၊ ကိုယ့်ရွာက မိန်းမတွေ ငန်းကြောသန်မှန်းသိလို့ ရွာထဲကိုမဝင်ပဲ လှည့်ပြန်တော့လို့ပြောတာ၊ ခုတော့ အစ်ကိုတို့သုံးယောက်က သူတို့အတွက် လောက်တောင်မလောက်ဘူး မဟုတ်လား"

မရှား၏ ဒေါသနှင့် ရန်လိုမှုတွေသည် ရင်ဘတ်စည်တီးပေါက်ပေါက်ဖောက်အောင်ပြောနေသော ယဉ်နန်းဆီသို့ လှည့်လာ၏။

"အောင်မယ်၊ နင်က ခုမှလာပြီး ဘာဒိုင်ဗင်ဝင်ထိုးဦးမလို့လဲ၊ ဒါ ငါတွေ့ထားတာဟဲ့ . . ဟုတ်တယ်နော် မောင်"

အောင်ကို့လက်မောင်းကို ဆွဲယမ်းကာ မရှား ညုတုတုမေး၏။

"အဲ . . အင်း . . မ . . မဟုတ်ဘူး၊ တွေ့ . . တွေ့တာက . . ယဉ်နန်းနဲ့ အရင်တွေ့တာ"

"အင်းလေ ပြောလိုက်စမ်းပါ အစ်ကိုရယ်၊ ယဉ်နန်းကပဲ ဒိုက်ဗင်ဝင်ထိုးရတယ်ရှိသေး၊ အစ်ကိုတို့နဲ့ အရင်ဆုံးတွေ့တာ ဟောဒီကမေတ္တာကရုဏာရှင်မလေး ယဉ်နန်းပါ၊ သူတို့လို အာပေတူး လင်တရူးမတွေ မဟုတ်ဘူး၊ သူတို့က ရွာကိုရောက်လာတဲ့ ယောကျ်ားတိုင်းကို သင်မှတ်မှတ်သားမှတ်မှတ် ပေါင်းတာမဟုတ်ဘူး၊ တစ်ချို့ကွယ်ရင် တစ်ကောင် . . အဲ . . တစ်မောင်မေ့တဲ့ အတန်းအစားတွေ"

ဒီတစ်ခါ စံပယ်ဖြူပါ ငြိမ်မနေတော့။

"ဟော့ . . ယဉ်နန်း၊ အဲ့ဒီ တစ်မောင်မေ့တဲ့ အတန်းအစားထဲမှာ ငါတို့မပါဘူးနော်၊ ငါတို့က ကိုယ့်ချစ်သူနဲ့ ကိုယ်ငြိပြီးသား၊ မေးကြည့်လိုက်တော့ . . ဒီကိုကိုက ငါ့ရဲ့လူ ဖြစ်သွားပြီ"

စံပယ်ဖြူကလည်း အောင်ကို၏ လွတ်နေသည့် လက်မောင်းတစ်ဖက်ကို ဝင်ဆွဲသည်။ မြတ်သောကတော့ ဇလပ်ဖြူနှင့် ချစ်သူတွမ်မှီ



www.burmeseclassic.com

www.burmeseclassic.com

စံပယ်ဖြူ အာရုံမထား။

မိန်းကလေးသုံးယောက် တစ်ယောက်ကိုတစ်ယောက် ကစ်တော့မည့် စတိုင်လ်နှင့် တရှုးရှုး မာန်ထောင်နေကြသည်။ သူတို့နှစ်ယောက်မှာသာ ကျားစားမုဆိုးတွေအလယ်မှာ ယုန်သူငယ်လေးတွေလို မျက်လုံးလေးတွေ ပေကလတ် ပေကလတ်၊ ရင်ဘတ်တွေ ဖုတ်လိုက်ဖုတ်လိုက်။

"ဒီမှာ မေရှား၊ နင်ဟာလေ ယောက်ျားမြင်တိုင်း နင့်အတွာများထင်နေရော့သလားဟဲ့၊ အဲဒီကိုအတွာတွေက နင့်လို ငမ်းငမ်းတက်နေတဲ့ လင်ငတ်မကို စိတ်မဝင်စားဘူး ပုံစံကိုက ပြင်လွန်းလို့ ဖင်ချွန်းနေတဲ့ရုပ်"

"အောင်မယ် ငါဖင်ချွန်းတာ နင်မြင်လို့လား၊ ကိုယ့်ရုပ်နဲ့ကိုယ် ပြင်လို့လှတာ မနာလိုမရှိနဲ့၊ နင်တို့ကရော ယောက်ျားမြင်တိုင်း ဆွဲသွင်းတဲ့ မိန်းမမျိုး. . . အကြောင်းမသိရင်သာ အသွင်းခံမယ်၊ အဲ. . နင်တို့ဆောင်ကြာမြိုင်ခြံကြီးထဲကို ပြောပါတယ်၊ အကြောင်းသိလို့ကတော့ ဒီက ကိုအတွာတွေက ဆောင်ကြာမြိုင်က မိန်းမတွေဆို ဝေါင်ဝေါင်ရှောင်ဝေးဝေးရှောင်ပဲ"

မိန်းသုံးယောက် ကွိစိကွိစိ ရန်ပွဲကြားမှာ နှစ်ယောက်သား ဟိုဘက်ကြည့်လိုက် ဒီဘက်ကြည့်လိုက်နှင့် ဝင်ပြီး ဖျန်ဖြေရအောင်လဲ ရန်ပွဲမပြီးခင် ကိုယ်တွေ တစ်စစီဖြစ်မည့်ကိန်းမို့ ဝင်ပြီးမဆွဲရဲ။

"ဟင်. . မြတ်သော ဟို. . ဟိုမှာ လင်းခိုင်၊ ပြေးလာတာ လင်းခိုင်မဟုတ်လား"

အောင်ကို လက်ညှိုးထိုးပြရာဘက်သို့ မြတ်သော လှည့်ကြည့်လိုက်သည်။ မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားသည်။

"ဟင်. . သူ့နောက်က ပြေးလိုက်လာတဲ့ မိန်းမတစ်အုပ်ကြီး မနည်းပါလား"

သွေးစုပ်ဖုတ်ကောင် ခြေလှမ်းတွေဖြင့်. . .





မိရင်တော့ အစတောင် ရှာရတော့မည်မဟုတ်. . .

"ငါ. . ငါတို့တော့ ဘဝဆုံးရတော့မယ်ထင်တယ် မြတ်သောရေ"

"မြတ်သော ငါ့ကို ကယ်ပါဦး၊ ငါ့ကို မထားခဲ့ကြပါနဲ့"

လင်းခိုင် သွေးရူးသွေးတန်းနှင့် အော်ပြီး ပြေးလာ၏။ အနောက်မှ တစာတစာအော်ပြီးလိုက်လာသော လှပျိုဖြူတစ်အုပ်ကလည်း ထပ်ကြပ်မကွာ။

"အိုး. . လေဒီလေးတို့ရေ. . ဝိုး. . ဝိုး"

လင်းခိုင် ရှေ့သို့ခြေကုန်သုတ်ပြေးနေစဉ် မိန်းမပျိုအုပ်ကြီးရှေ့မှ PSY လူကြီး ကိုးရိုးကားရား မြင်းစီးအကဖြင့် ပိတ်ပြီး ပါးစပ်မှလည်း ဂန်းနန်းစတိုင်လ် သီချင်းကိုဆိုနေ၏။

ရွာထဲရှိ ကလေးတစ်အုပ်လည်း ဘယ်ကဘယ်လို ရောက်လာသည်မသိ၊ PSY ကြီးနှင့်အပြိုင် သံပြိုင်လိုက်ဆိုပြီး ပွဲကို ပို၍ဆူသွားစေ၏။

"ဝို့. . ဝို့. . sexy လေးရေ. . အိုပါး. . ဂမ်းနန်းစတိုင်လ်"

"ဝေး. . ဟေး. . ဟေး. . . ပြေး. . ပြေး. . ပြေး"

ထိုအခြေအနေသည် မြတ်သောတို့အတွက် အခွင့်အရေး တစ်ခုဖြစ်သည်မို့ မြတ်သော တစ်ဟုန်ထိုးပြေးလာသော လင်းခိုင်၏လက်ကို အမိအရ ဖမ်းဆွဲလိုက်ပြီး. . .

"လာ. . လာ. . အနောက်မှာ PSY ကြီး ဝင်မွှေနေတုန်း ငါတို့ဖြူတို့ဆီကို အမြန်ပြေးမှဖြစ်မယ်၊ မိလို့ကတော့ ငါတို့တွေ အကောင်းတိုင်း ပြန်မဖြစ်နိုင်တော့ဘူးကွ"

သူငယ်ချင်းသုံးယောက် နောက်ကြောင်းကို ပြန်မကြည့်တော့ဘဲ လာလမ်းအတိုင်း ဒုန်းစိုင်းပြီး ခြေကုန်သုတ်ပြေးခဲ့တော့သည်။

စိတ်ဓါတ်တို့သည် မကြုံစဖူး၊ အကြုံထူးနေ၍ အဓိတ်လေးတို



www.burmeseclassic.com

www.burmeseclassic.com



သွေးပျက်၍ နေကြသည်။

"ဟော့ကောင်တွေ မြန်မြန်ပြေးကြ၊ နောက်က လိုက်လာနေကြပြန်ပြီ"

"ဟဲလို့ . . ဒါလင် နေပါဦး"

"မေ့အသည်းရေ ခဏစောင့်ပါဦး"

"မထားခဲ့ပါနဲ့ ဒီမှာ အသည်းဟက်တက်ကွဲတော့မယ်"

တစ်ယောက်တစ်ပေါက် အော်ဟစ်အသံပေးကာ လိုက်လာကြသော မိန်းမအုပ်ကြီးကို ကြည့်ပြီး ပြေးနေသောခြေလှမ်းတွေပင် အားမရှိချင်တော့။

လောကကြီး၏ နေရာတစ်နေရာမှာ ယောကျ်ားတွေကို အသေရရ အရှင်ရရ ပိုင်ဆိုင်ချင်သည့် လင်တရူးတွေ စုစည်းနေသောကမ္ဘာတစ်ခု ရှိနေပါသေးလားဟု အမောတကော ပြေးနေသည့်ကြားမှ သုံးယောက်စလုံး ပြိုင်တူတွေးမိလိုက်ကြသည်။









# အခန်း(၁၃)

"ဗယူနဲ့ ဒီရွာက မိန်းမတွေကို မင်းတို့ တစ်ယောက်မှ လက်ထပ်လို့ မဖြစ်ဘူး၊ အဲဒါတွေအားလုံးဟာ ပုံမှန်မဟုတ်ဘူး၊ အီး . . ဟီး . . ဟီး . . ငါတို့ ဒီရွာကနေ အမြန်ဆုံးထွက်သွားကြရအောင်"

ဇွတ်အတင်းပင် ပြန်ဖို့ပဲ တကျည်ကျည်ပြောနေသော လင်းခိုင်ကို ဘယ်လိုချော့သိပ်ပေးရမှန်းပင် မသိနိုင်တော့အောင် မြတ်သောအတွေးတွေသည် လုံးထွေးရစ်ပတ်နေသည်။

"မြတ်သော ငါပြောတာကို ယုံပါ၊ ဒီရွာက မိန်းကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com


ရုပ်ကလေးလှသလောက် ကြောက်စရာကောင်းတယ်၊ သူတို့က သွေးစုပ်ဖုတ်ကောင်တွေလိုပဲ၊ သူတို့ရဲ့ ထောင်ချောက်ထဲ ဝင်မိလို့ကတော့ ခန္ဓာကိုယ်တစ်ခုလုံး သွေးအစုပ် ခံလိုက်ရသလိုပဲ၊ သေသွားတာက ပိုကောင်းဦးမယ်"

"မင်း ဟိုမှာ ဘာတွေကြုံခဲ့လို့လဲ လင်းခိုင်၊ ငါတို့ကို သေချာပြောပြမှပေါ့"

ညှိုမဲနေသော လင်းခိုင်၏ မျက်နှာမှာ ယုံကြည်မှုတွေ ပျောက်ဆုံးနေသလို အရာရာကို စိတ်နှင့်လူနှင့် သိပ်မကပ်ချင်တော့သည့် ပုံမျိုး

"တကယ်တော့. . ငါ. . ငါ. . ပေါ်ချောင်ကောင်း လိုက်မိသွားတာ"

မျက်နှာပေါ်မှ ချွေးစနှင့် ရောနေသော မျက်ရည်တို့ကို လက်ဖမိုးနှင့် သုတ်လိုက်ပြီး မချိမဆန့်လေသံနှင့် ဖြေသည်။

"ငါ့စိတ်ထဲမှာ ဒီလောက်ချောတဲ့မိန်းကလေး တစ်သက်မရနိုင်လောက်တော့ဘူးပေါ့၊ ဒါပေမယ့် အဲဒီရုပ်ချောတာကြီးက တကယ်အစစ် မဟုတ်ဘူး"

"ဟမ်. . ဒါဆို မျက်နှာဖုံး စွပ်ထားလို့လား၊ ဒါမှမဟုတ် စုန်းမတွေ ကဝေမတွေလား"

"မဟုတ်ဘူး၊ သူတို့က ယောကျ်ားတွေနဲ့ပတ်သက်ရင် အမြဲတမ်း အလိုရမ္မက်ကြီးတဲ့ မိန်းမမျိုးတွေ၊ ငါ့ကို အခန်းထဲခေါ်ပြီး ခြေတွေလက်တွေကို လေးဖက်လေးတန် ဆန့်ကားပြီး ကြိုးတုပ်ထားကြတယ်"

"ဟမ်. . ."

"ဟုတ်တယ်"

"ဘာဖြစ်လို့ ကြိုးတုပ်ထားရတာလဲ"

"ငါ သူတို့ဆီကနေ ထွက်ပြေးမှာစိုးလို့၊ နောက်ပြီး သူတို့ မျက်လုံးတွေက ကြောက်စရာ ကောင်းတယ်၊ အရမ်းကို သွေးအေးရက်စက်



တဲ့ အကြည့်မျိုးတွေနဲ့ ငါ့ကို အီစီကလီတွေ လုပ်ကြတယ်၊ ခု. . ခုတော့ ငါ့ရဲ့ လူပျိုဘဝကိုလေ. . သူ. . သူတို့. . အီး. . ဟီး. . ဟီး. . ငါ့ဘဝတော့ အညွန့်ကျိုးပါပြီကွာ"

ပြောရင်းနှင့်ပင် လင်းခိုင် ချုံးပွဲချပြီး ငိုပြန်သည်။ လင်းခိုင်ကို ကြည့်ပြီး မြတ်သောရော အောင်ကိုပါ ငိုရအခက် ရယ်ရအခက်။

"ကဲပါကွာ မင်းကလည်း ယောကျ်ားပဲ အရှုံးမရှိတဲ့ဟာ ဘာကို ဝမ်းနည်းစရာလိုလဲ"

"ဟ. . လိုတာပေါ့ကွ၊ အခု သူတို့ကြောင့် ငါ မိန်းမတွေကို ရွံ့ပြီး အော်ဂလီဆန်သွားပြီ၊ မိန်းဆိုတာ ချစ်စရာကောင်းတဲ့ အရာတွေ မဟုတ်တော့ဘူး"

"အဟတ်. . မင်းက စားပိုးနင့်အောင် စားပစ်တာကိုး"

ရွတ်နောက်နောက်ပြောသော အောင်ကို့စကားကြောင့် လင်းခိုင် ဆတ်ဆတ်ခါ နာသွားပြီး. . .

"ဘာ စားပိုးနင့်အောင် ဟုတ်လား၊ အဲဒါ ငါကစားခဲ့တာ မဟုတ်ဘူး၊ ငါက အစားခံခဲ့ရတာ၊ ဒီမှာကြည့် ငါ့ကျောကုန်းတွေမှာ သူတို့ ငါ့ကို နှိပ်စက်ထားတာတွေ ထုနှက်ရိုက်ပုတ်ထားတာတွေ ဒါတင်မကဘူး၊ ငါ့အရင် တခြားယောကျ်ားတွေတုန်းကလည်း အဲ့သလို အသုံးချနှိပ်စက်ပြီး အသက်ကို နှုတ်ပစ်လိုက်ကြတယ်"

ဇာတ်ရှိန်က ပို၍မြင့်လာပြီဟု မြတ်သော တွေးလိုက်သည်။

"မင်းက ဘယ်လိုသိလဲ"

"အဲ. . အဲဒီအိမ်ကြီးထဲမှာ လူအရိုးစုတွေ တစ်ပုံကြီး"

"ဟာကွာ. . မင်း ကြောက်အားလန့်အားနဲ့ သွေးရူးသွေးတန်း မြင်ခဲ့တာ နေမှာပါကွာ"

ထိုအခြေအနေကို ကိုယ့်မျက်စိနှင့် တပ်အပ်မမြင်ကြရသဖြင့် ဒီထက်ပို၍ ဝေဖန်ပိုင်းခြားရလောက်အောင် အထောက်အထားမခိုင်


www.burmeseclassic.com

www.burmeseclassic.com

လုံသေး။ ထို့ကြောင့် ပြီးစလွယ် မှတ်ချက်ချလိုက်သည်။

"ကျွတ်. . မင်းတို့ ခုထိသဘောမပေါက်ကြပါလား၊ ဒီနေရာဟာ ပုံမှန်မဟုတ်တဲ့ နေရာတစ်နေရာကွ၊ မင်းတို့ စဉ်းစားကြည့်ကြပါဦး ငါတို့ ဒီကိုရောက်လာတဲ့ ရက်ပိုင်းတွေမှာ ညအမှောင်ကို ကြုံခွင့်ရကြလို့လား၊ မမှောင်ခင်ဆိုရင် ငါတို့အမြဲတမ်း အိပ်ပျော်သွားကြပြီ၊ မနက်မိုးလင်းမှ နိုးတယ်၊ ရန်ကုန်မှာဆို ညသန်းခေါင်အထိတောင် ဂျစ်ပစီတွေလို လျှောက်သွားနေတဲ့ ငါတို့မျက်လုံးတွေက ဘာကြောင့် အစောကြီး အိပ်ပျော်ပျော်သွားကြတာလဲ၊ ဒါဟာ သွေးရိုးသားရိုးလို့ မင်းတို့ထင်သလား"

လင်းခိုင်၏ အမေးကြောင့် နှစ်ယောက်သား ငေါင်သွားသည်။

"ဒီနေရာက ငါတို့ကို ဘယ်လိုဒုက္ခတွေ ဘယ်လိုအတွေ့အကြုံတွေ ပေးနိုင်မယ့် နေရာမျိုးလဲ. . မင်းတို့ စဉ်းစားကြည့်ကြပါဦး၊ ငါတို့ ရောက်နေတဲ့ နေရာက မိန်းမလှလေးတွေအားလုံး ဘယ်လိုအကျင့်စရိုက်တွေနဲ့ ရှင်သန်နေထိုင်ကြတဲ့ လူတွေလဲ၊ ငါတို့ကို ညအမှောင်နဲ့ ဘာကြောင့် ပေးပြီးမထိတွေ့ခိုင်းကြသလဲ"

လင်းခိုင်ထောက်ပြသောအချက်ကို မြတ်သော စဉ်းစားမိသွားသည်။ ဖွာလန်ကျဲနေသော သံသယတို့သည် စိတ်အာရုံတွေထဲမှာ သိပ်သည်းစပြုလာသည်။ လင်းခိုင်လည်း သူတို့နှစ်ယောက်ထက်ပို၍ သွေးပျက်စရာကောင်းသော အခြေအနေတွေကိုကြည့်ပြီး အမှန်တရားတစ်ခုကို ရှာဖွေချင်နေပုံရ၏။

ဒီနေရာသည် သူငယ်ချင်းသုံးယောက်အတွက် အိပ်မက်တစ်ခုစီထဲဝင်ပြီး သရုပ်ဖော်ကပြနေရသော ဇာတ်ကွက်ဆန်းတွေကို ဖန်တီးနေသည့် ဇာတ်ခုံတစ်ခုပေလား၊ ကြုံသမျှသော အရာတိုင်းဟာ ပုံမှန်ထက်ပို၍ ဆန်းကျင်ဘက်ဖြစ်ကာ အိပ်မက်ဆန်လွန်းသည်။

"အင်း ဇာတ်ရှိန်ကတော့ မြင့်လာပြီလို့ ပြောရမှာပဲ အောင်ကို





ရေ၊ ငါတို့ ဒီအတိုင်း ရသမျှအခွင့်အရေးတွေထဲ မျောနေလို့ မရတော့ဘူး"

ပင့်သက်တစ်ခုကို စိမ်းမွှန်စွာ ချလိုက်ပြီး မြတ်သော အခြေအနေတစ်ခုကို နှိုင်းယှဉ်တွေးတောလိုက်သည်။

"ဒါဆို ငါတို့ ဘယ်လိုလုပ်ကြမလဲ၊ ငါ့စိတ်ထင်တော့ ဒီရွာက ညဘက်တွေမှာ မိန်းမလှတွေကို အသုံးချပြီး ခါးပြတိုက်တယ်ထင်တယ်"

အောင်ကို့ထင်ကြေးကို မြတ်သော ငြင်းသည်။

"ဟာ. . . မင်းကလည်း မိန်းကလေးတွေက ခါးပြတိုက်မလားတွ"

"ဟ. . ဒါဆို ဦးဘမောင်အိမ်ထဲက ရတနာတွေ တစ်ပုံတစ်ပင်က ဘယ်ကရမလဲ၊ ဒါဟာ တိုက်ရာပါပစ္စည်းတွေပဲ ဖြစ်ရမယ်"

"ငါတော့ အဲလိုမထင်ဘူး၊ မဟုတ်မှလွဲရော. . သူတို့တွေက ဥစ္စာစောင့်တွေများလား၊ ငါတို့ရောက်နေတာ ဆုံမိရသိုက်တစ်ခုခုထဲကိုများလား"

"မင်းပြောတာမှ ပိုဆိုးနေပြီ လင်းခိုင်ရာ"

ဒါလည်း မြတ်သော လက်မခံနိုင်၊ ဒါဟာ သဘာဝမှ မကျတာ။

"ဒါဆို သူတို့က ဘာတွေလဲ၊ မင်းမှန်အောင်ပြောလေ၊ ဒါမှမဟုတ် မာဖီးယား ဂိုဏ်းကြီးလား၊ ဒါဆိုရင်တော့ ဦးရိုးတော်က ဂိုဏ်းချုပ်ပဲ ဖြစ်ရမယ်"

ဘယ်ထင်ကြေးကိုမှ လက်မခံသဖြင့် လင်းခိုင် ခပ်ရွှဲ့ရွှဲ့ ပြောလိုက်သည်။

"အင်း. . . လောလောဆယ်တော့ မိုင်တိုင်ခုနစ်မှာရှိနေတဲ့ ခနောက်စိမ်းရွာကို လင်တရှူးရွာလို့ အကြမ်းဖျင်း အမည်ပေးထားလိုက်ပေါ့ကွာ၊ ဒီ့ထက်ပိုပြီး သေသေချာချာ ဖော်ထုတ်ချင်ရင်တော့ ငါတို့သုံးယောက်စလုံး စွန့်စားကြရမယ်"



www.burmeseclassic.com

www.burmeseclassic.com

"လင်တရှူးရှုံလောက်နဲ့ဆို ငါတို့ကို ညအမှောင်နဲ့ သီးသန့်ခွဲထားမလားကွ၊ ညဘက်ဆို ပိုတောင်အလုပ်ဖြစ်သေး"

"ဘာကိုလည်း"

လင်းခိုင် အူကြောင်ကြောင်ဖြင့်ရယ်ကာ. . .

"အဟဲ. . အင်း. . ဟို. . ဟိုဒင်းလေ"

"ဟွန်း. . . အဖျားက ရှူးသွားပြန်ပြီ"

"ဘာပဲဖြစ်ဖြစ် ငါကတော့ ဒီရွာကနေ အမြန်ဆုံး ပြန်ချင်ပြီကွာ"









# အခန်း(၁၄)

အငွေ့တထောင်းထောင်းထကာ မွှေးကြိုင်နေသော ဟင်းရနံ့တွေကြောင့် စားချင်စိတ်ကို မနည်းမျိုချလိုက်ကြသည်။ ဒီနေ့ ညနေစာကို လုံးဝမစားပဲ နေကြရမည်ဟု တိုင်ပင်ထားကြသည့်အတိုင်း ဒီညအဖို့ အမှန်တရား တစ်ခုခုကတော့ သူတို့ကို စောင့်ကြိုနေကြမှာပါ။

ဒီရွာကိုရောက်ကတည်းက တစ်ခါမှ မကျော်ဖြတ်ဘူးခဲ့သောညကို အစာငတ်ခံပြီး စွန့်စားကျော်ဖြတ်ကြမည်။ သုံးယောက်စလုံး၏စိတ်တွေသည် ပြိုင်တူလှုပ်ရှားနေကြသည်။ ဇလပ်ဖြူနှင့် စံပယ်ဖြူရွေ



www.burmeseclassic.com

www.burmeseclassic.com


မှာ ထမင်းစားဟန်ဆောင်ပြီး ထိုထမင်းအရှိန်ကြောင့် အိပ်ချင်စိတ်တွေ ပြင်းပြလာအောင် သူတို့ရှေ့မှာ ဟန်ဆောင်အယုံသွင်းရမည်။

"မြတ်သော ငါတို့ ဒီထမင်းဟင်းတွေ တကယ်စားလို့ မဖြစ်ဘူး နော်"

တဂွီဂွီအော်နေသော အစာအိမ်နံ့ရုံက ဆာလောင်မှုတွေကို ဇွတ်အတင်းချိုးနှိမ်ကာ မေးလိုက်သော လင်းခိုင်၏ ခပ်တိုးတိုးအမေး ကြောင့် မြတ်သောနှင့် အောင်ကို အသံတိတ် ခေါင်းညိတ်အချက်ပြ လိုက်ကြသည်။

"ဒါဆို ဒီပန်းကန်ထဲက ထမင်းဟင်းတွေလျော့အောင် ဘယ် လိုလုပ်မလဲ၊ တော်ကြာ ငါတို့မစားတာ ရိပ်မိသွားလိမ့်မယ်"

"စားပွဲအောက်မှာရှိတဲ့ ကြောင်နက်ကြီးကို ကျွေးလိုက်ရုံပေါ့ ကွာ"

စားပွဲခုံအောက်တွင် ကြောင်နက်ကြီးက တညောင်ညောင်နှင့် သူတို့သုံးယောက် ချကျွေးလာမည့် ထမင်းဟင်းတွေကို စောင့်မျှော်နေ သည်။ သုံးယောက်စလုံး ဇလပ်ဖြူတို့ ညီအစ်မနှစ်ယောက် အလစ်တွင် ကြောင်နက်ကြီးကို မသိမသာ ချကျွေးလိုက်ကြသည်။

"စားလို့ ကောင်းကြရဲ့လား"

"အင်း.. ကောင်းတယ်ဖြူ။ ကိုယ့်ဘဝမှာ ထမင်းစားအမြိန်ဆုံး နေ့တွေက ဖြူ့လက်ရာကို အားရပါးရ စားခွင့်ရတဲ့ ဒီလိုနေ့မျိုးတွေပေါ့၊ ကိုယ်တော့ အိမ်ကို ပြန်တောင်မပြန်ချင်တော့ဘူး"

ဖြူ ခပ်ယဲ့ယဲ့လေးပြုံးသည်။ မြတ်သောက စားပွဲပေါ်မှ လက် သုတ်ဝတ်ကိုယူပြီး ပါးစပ်ကို ဟန်ပါပါနှင့်သုတ်၏။ လင်းခိုင်နှင့် အောင် ကိုပါ သဏ္ဍာန်လုပ် သရုပ်တူစေရန် ထမင်းစားပြီး ဗိုက်လေးချင်ဟန် ဆောင်ကာ မျက်လုံးတွေကို မှေးစင်းပြလိုက်သည်။

"ရှင်တို့တွေ စံပယ်ဖြူတို့ဆီမှာ တစ်သက်လုံးနေနိုင်ရင် စံပယ်



ဖြူတို့ကလည်း ဒီလိုလက်ရာမျိုး နေ့တိုင်း ချက်ကျွေးမှာပေါ့၊ နော် မမ"

"အင်းပေါ့၊ ကျွေးရမှာပေါ့"

ညင်းသွဲ့သွဲ့ရယ်ကာ အတိုင်အဖောက်ညီညီ ဆွဲဆောင်နေ သော ညီအစ်မနှစ်ယောက်ကိုကြည့်ပြီး အောင်ကိုတို့ပါ ခပ်သောသော လိုက်ရယ်လိုက်ကြသည်။ ရယ်သံတို့သည် ထမင်းစားခန်းထဲမှ ခပ်ညံညံ ထွက်ပေါ်လာသည်။

"တူတော်မောင်တို့သာ ဒီမှာနေချင်တဲ့ ဆန္ဒရှိရင် ဦးလေးတို့က လိုက်လိုက်လှဲလှဲ ကြိုဆိုပါတယ်ကွာ"

ဦးဘမောင်၏အသံက ထမင်းစားခန်းထဲသို့ ဟိန်းခနဲ တိုးဝင် လာသည်။ အားလုံး ရယ်မောခြင်းတွေကို အရှိန်သတ်လိုက်ကြသည်။ ဦးဘမောင် ထမင်းစားပွဲရှိ ထိုင်ခုံလွတ်တွင် ဆေးတံကြီးခဲကာ ဝင်ထိုင် လိုက်သည်။

သူ့အကြည့်တွေသည် မြတ်သောတို့ သူငယ်ချင်းသုံးယောက် ဆီ ဝေ့လာပြီး..

"မပြောမပြီး မတီးမမြည်ဆိုသလို ဦးလေး မင်းတို့ကို ပြောရဦး မယ်"

"ဟုတ်ကဲ့ ပြောပါ.. ဦးရီးတော်"

ဦးဘမောင် ဆေးတံကို တစ်ချက်ဖွာရှိုက်လိုက်ပြီး..

"သမီးကညာ အခါမလင့်စေဖို့အတွက် သီးချိန်တန်သီး ပွင့်ချိန် တန်ပွင့်ဆိုသလို ဦးလေးရဲ့ သမီးတွေကို ဟော့ဒီက မောင်ရင်တို့ထဲက သင့်တော်မယ့်သူရွေးပြီး လက်ထပ်ပေးချင်တယ်၊ အဲ့ဒီအတွက် ရှိသမျှ စည်းစိမ်ဥစ္စာတွေနဲ့ မင်းတို့ကို တင်တောင်းတယ်ကွာ၊ မင်းတို့ ဘယ်လို သဘောရကြလဲ"

ပေါ်တင်ကြီး ယောက်ျားတောင်းပေးနေသော ဒီအဖေ... ဒီ တစ်သက် ဒီတစ်ခါပဲ မြင်ဖူးသေးသည်။ ကိုယ့်ကိုယ်ကိုယ် ဘယ်အချိန်


www.burmeseclassic.com

www.burmeseclassic.com

ကတည်းက တန်ဖိုးတက်သွားမှန်းပင် မသိရလောက်အောင် မြတ်သော ရော အောင်ကိုရော ဘဝင်လေဟတ် ကုန်ကြသည်။ လင်းခိုင် မျက်လုံး ပေကလတ် ပေကလတ်ဖြင့် တအံ့တဩကြည့်ကာ တစ်စုံတစ်ခု ပြောချင်နေပုံရသည်။

ဒါဟာ အမှန်တရား မဟုတ်ဘူးဟု ပြောချင်၍လားမသိ။

"ဦးရီးတော်ရဲ့ ဆန္ဒကို ကျွန်တော်တို့ မငြင်းဝံ့ပါဘူး၊ ကျွန်တော် တို့ ဘက်ကလည်း ဇလပ်ဖြူကို သစ္စာရှိရှိနဲ့ ချစ်သွားမှာပါ၊ ဟောဒီက အောင်ကိုကလည်း စပယ်ဖြူကို မေတ္တာသက်ဝင်နေပြီးသားမို့ အထူး ငြင်းဆိုစရာ မရှိပါဘူး"

အောင်ကို မြတ်သောစကားကို ထောက်ခံသည့်အနေနှင့် တစ်ချီ တသေ ခေါင်းဆတ်ပြ၏။

ကိုယ့်ဘက်က နားနဲ့မနာ ဖဝါးနဲ့နာပါဆိုပြီး စကားပလ္လင်ခံ စရာမလိုအောင် ယောက္ခမကြီးဘက်က ကြည်ဖြူစွာ တောင်းဆိုလာမှ တော့ လောကမှာ ကိုယ့်လောက်ကံကောင်းသူတွေ ရှိနိုင်ပါဦးမလား"

အမှန်တရားတစ်ခုကို ပြတ်ပြတ်ရှင်းရှင်း ဖော်ထုတ်ပြီးတာနှင့် ကိုယ့်ဇနီးလေးတွေကို ပိုင်ဆိုင်သင့် ပိုင်ဆိုင်ထိုက်တာတွေနှင့် တစ်ပါ တည်း ဆောင်ယူကာ ဒီရွာကထွက်သွားရုံပင်။

ကိုယ့်ဆီ နှစ်ခါပြန်မလာသော အခွင့်အရေးကိုလည်း ဥပေက္ခာ ပြု ကျော်ခိုင်း၍ မဖြစ်၊ ဘယ်လောက်ကောင်းလိုက်သည့် အကြံအစည် လဲလို့။

"ဝါး. . အိပ်. . အိပ်ချင်လာပြီ၊ မြတ်သော ငါတို့ သွားအိပ် ကြရအောင်၊ မနက်မှ ဒီကိစ္စကို ဆက်ဆွေးနွေးကြတာပေါ့"

လင်းခိုင် သတိပေးတော့မှ မြတ်သောရော အောင်ကိုပါ သူတို့ အကွက်ထဲကို ဝင်မည့်ဟန်ဖြင့် မျက်လုံးတွေမှေးစင်းကာ ထမင်းစား ခန်းထဲမှ ထွက်လာခဲ့ကြ၏။





ဦးဘမောင် ကျေကျေနပ်နပ်ကြီး ပြုံးကာ ထမင်းစားခန်းထဲမှာ ခပ်မိန့်မိန့်ကြီး ထိုင်ကျန်ခဲ့သည်။

ဇလပ်ဖြူနှင့် စပယ်ဖြူတို့ ညီအစ်မနှစ်ယောက် သူတို့ပိုင်ဆိုင်ရ တော့မည့် ယောကျ်ားချောချောလေးတွေကြောင့် အသက်ရှူဖို့ပင် မေ့ သွားနေကြပြီလားမသိ။

ရင်ထဲမှာ ဖုတ်လိုက်ဖုတ်လိုက်နှင့်. . .



www.burmeseclassic.com

www.burmeseclassic.com

**ပတ်**ဝန်းကျင်မှ ကျေးငှက်သာရကာ အသံတို့သည် ညအ မှောင်သို့ ကူးသည်နှင့် တဖြည်းဖြည်း တိုးတိတ်ပျောက်ကွယ်ကုန်ကြ သည်။ ညသည် ကမ္ဘာသစ်တစ်ခုထဲ ရောက်နေကြသလို နက်ရှိုင်းတိတ် ဆိတ်၍လာသည်။

အတော်အတန်ကြာ မှိတ်ထားသော မျက်လုံးတွေ ခပ်ဖြည်း ဖြည်း ပွင့်လာကြသည်။ မြတ်သောမှစ၍ လေသံတိုးတိုးဖြင့်. . .

"ဟော့ကောင်တွေ မင်းတို့ အိပ်ပျော်သွားကြပြီလား"

"မအိပ်သေးပါဘူး"

"ငါလည်း မအိပ်သေးဘူး၊ ဒါပေမယ့် ဗိုက်ဆာတယ်ကွ"

လင်းခိုင် သူ့ဗိုက်ကိုပွတ်ကာ ခုတင်ထက်မှ ထလိုက်သည်။

"မင်းကလည်း အရေးထဲ ထမင်းတစ်ညလေးငတ်လို့ သေမ သွားဘူး အောင့်ထားလိုက်"

တိတ်ဆိတ်သော အခန်းထဲမှာ လေသံခပ်သဲ့သဲ့ဖြင့် ပြောနေ ကြသည်။ တဂွီဂွီဆာလောင်နေသော လင်းခိုင် ဘာမျှမစားရ၍ ကိုယ်





တံတွေးကို မျိုချရသည့်အဖြစ်။

"ရှပ်. . ရှပ်. . ရှပ်"

အခန်းရှေ့သို့ လျှောက်လာသော ခြေသံအချို့ကြောင့် သုံး ယောက်သား ငုတ်တုတ်ထထိုင်နေရာမှ ဖျတ်ခနဲ ပြန်လှဲချလိုက်ကြ သည်။ မျက်လုံးကို စုံမှိတ်ထားလိုက်ကြ၏။

"ကလစ်. ."

တံခါးဖွင့်သံ ကြားလိုက်ရသဖြင့် သုံးယောက်သား တုတ်တုတ် တောင် မလှုပ်ရဲကြ။

"ခေါ်. . ခလော. . ခူး. . ဖရှူး. ."

"ခေါ်. . ခေါ်"

သဏ္ဌာန်လုပ် သရုပ်တူစေရန် သုံးယောက်သား ဆူညံသော ဟောက်သံတွေ သံပြိုင်ပေးကာ အိပ်မောကျနေကြောင်း သက်သေထူ လိုက်ကြသည်။

ခြေသံတွေက အနားသို့ တရွေ့ရွေ့ တိုးလာကြသည်။ လင်းခိုင် သိချင်ဇောဖြင့် မျက်လုံးအသာဖွင့်ကာ ခိုးကြည့်လိုက်သည်။ ဝင်လာ သည့် ခြေသံရှင်တွေက ဇလပ်ဖြူနှင့် စံပါယ်ဖြူမဟုတ်၊ ဦးဘမောင်လဲမ ဟုတ်။ အသက်ရှစ်ဆယ်ကျော် အဖွားအိုနှစ်ယောက်ဖြစ်သည်။ အရေ တွန့်နေသော မျက်နှာပေါ်တွင် လိမ်းထားသောမိတ်ကပ်တွေသည် ညမီး ရောင် ဖျော့ဖျော့အောက်မှာတောင် ဖွေးဖွေးလှုပ်နေသည်။

"အဟင်း ခစ်. . ခစ်. . ခစ် အိပ်နေလိုက်ကြတာ ချစ်စရာကြီး တွေနော် မမ"

"ဗုဒ္ဓေါ"

အားလုံး၏စိတ်ထဲမှာ သံပြိုင်ရွတ်လိုက်ကြခြင်း ဖြစ်သည်။ ကြားလိုက်ရသော အသံက စံပယ်ဖြူ့အသံဖြစ်သည်။ သို့သော် ဘာ ကြောင့် အဖွားအိုတွေဖြစ်နေရသနည်းဆိုတာ စဉ်းစား၍မရ။



www.burmeseclassic.com

www.burmeseclassic.com


"မမ. . ညီမလေးတို့ သူတို့နဲ့ တကယ်လက်ထပ်ရမှာပါနော်"

"အင်းပေါ့၊ ဖေဖေအားလုံး စီစဉ်ပေးပါလိမ့်မယ်၊ ဘာမှ ပူမနေပါနဲ့အေ. . စိတ်ချ၊ ညည်း ယောက်ျားယူရမှာပါ"

ကြားနေရသော အသံတွေသည် သုံးယောက်စလုံး၏ ခန္ဓာကိုယ်ထဲကဝိညာဉ်တွေ လန့်ဖျပ်၍ ထွက်သွားရလောက်အောင်ပင် လူကို သွေးပျက်သွားစေ၏။ အဖွားအို၏ အရေပြားတွန့်နေသော လက်ချောင်းတွေသည် မြတ်သော၏ မျက်နှာပြင်နှင့် လည်ပင်းအနှံ့ကို ပွတ်သပ်နေ၏။

လိပ်ပြာလွင့်မတတ် စိတ်လှုပ်ရှားနေသော မြတ်သောမှာ ယားတတ်သော အကျင့်ရှိသဖြင့် အဖွားအို၏ အထိတွေ အပွတ်အသပ်တွေကို အောင့်အည်းသည်းခံနိုင်ခြင်း မရှိတော့၊ လူတစ်ကိုယ်လုံး တွန့်နေသည်။ မျက်လုံးကိုတော့ လုံးဝ မဖွင့်ရဲ။

"ဟယ်. . လှုပ်လာပြီ၊ လှုပ်လာပြီတော့ စံပယ်ဖြူရေ"

"အို. . မမ နိုးသွားဦးမယ်နော်၊ ညီမလေးတို့ ရုပ်တွေကို သူတို့မြင်လို့ မဖြစ်ဘူး မမဇလပ်ဖြူ"

"အေးပါ သူတို့မနိုးနိုင်ပါဘူး၊ ဒီလောက် ငမ်းတိုက်စားထားမှတော့ ဆင်တစ်ကောင်လုံး တက်ခွလည်း မနိုးဘူးစိတ်ချ၊ အဟင်း. . ဟင်း. . ."

အောင်ကိုနှင့် လင်းခိုင်မှာ အခြေအနေကို ဘာမှန်းမသုံးသပ်နိုင်သေးခင်မှာပင် ကြက်သီးတွေ တဖြန်းဖြန်းထကာ လူက သေးပေါက်ချင်သလိုလို ချီးပါချင်သလိုလို ဖြစ်လာ၏။ စိတ်လှုပ်ရှားလွန်း၍ ရင်ဘတ်တွေ တဒိန်းဒိန်း တုန်လှုပ်နေ၏။

"မမ. . သူတို့က သုံးယောက်၊ ညီမလေးတို့က နှစ်ယောက်ဆိုတော့ တစ်ယောက်က ပိုနေတယ်"

"အို. . ဟိုရုပ်ဆိုးကောင်ကိုတော့ စိတ်မဝင်စားပါဘူး၊ နာမည်



ကိုက လင်းခိုင်တဲ့၊ ဘာရုပ်မှကို မပေါက်ဘူး၊ သူ့ကို တောထဲသွားပစ်ပြီး မျောက်မတွေနဲ့ လွှတ်ပေးလိုက်၊ သူက မျောက်မနဲ့ပဲ တန်တာ၊ အဟင်း ဟင်း. . ."

"ဘုရား. . ဘုရား အကြံပက်စက်လိုက်ကြတာ၊ ကောင်မစုတ်လေးတွေ. . အဲ. . ကောင်မစုတ်ကြီးတွေ၊ ငါ့ကိုများ မျောက်မနဲ့ လွှတ်ပေးဦးမတဲ့၊ အောင်မလေး ဆိုးလိုက်တဲ့ကံ၊ မျောက်နဲ့ကို ရေစက်ကဆုံဆုံနိုင်လွန်းတယ်"

လင်းခိုင် စိတ်ထဲမှာပင် အသံတိတ် မထွေးနိုင်မအန်နိုင် ဖြစ်နေရရှာ၏။ မြတ်သောနှင့် အောင်ကိုလည်း ကြားပေမယ့် ဘာမှမတတ်နိုင်ကြ။

"ဝေါ. . ဝေါ. . ဖရော. . ဖရော"

ရုတ်တရက် ခပ်ဝေးဝေးမှ တော်လည်းသံကြီးလိုလို ဘာလိုလို အသံကြီးကြောင့် နှစ်ယောက်စလုံး လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

"ဟင်. . မမရေ. . လာကြပြီ လာနေကြပြီ၊ အဖေ့ကိုခေါ်ပြီး အမြန်ပြေးရအောင်"

အဖွားအိုနှစ်ယောက် အရွယ်နှင့်မလိုက်အောင် လျင်မြန်ဖျတ်လတ်သော ခြေလှမ်းတွေဖြင့် အခန်းထဲမှ ဝရုန်းသုန်းကား ပြေးထွက်ကုန်ကြသည်။ ဒါဟာ. . သူတို့အဖို့ ညစဉ်ညတိုင်း ကြုံတွေ့နေရသော ငရဲခန်းဖြစ်သည်။

"အဖေရေ. . အဖေ"

"ဇလပ်ဖြူ၊ စံပယ်ဖြူ၊ သမီးတို့ရေ သူတို့လာနေကြပြီ၊ တွင်းကြီးထဲ ခုန်ဆင်းကြရအောင်ဟေ့"

"ဟုတ်ကဲ့. . လာပါပြီ အဖေ၊ ဟဲ့. . ဇလပ်ဖြူ မြန်မြန်လာပါ၊ မော်ဒယ်လိုလျှောက်မနေနဲ့၊ တိုမှာ. . လာကုန်ကြပြီ"

ဝရုန်းသုန်းကားဖြင့် လှေကားပေါ်မှ ပြေးဆင်းအော်ဟစ်နေကြ


www.burmeseclassic.com

www.burmeseclassic.com


သော ဇလပ်ဖြူနှင့် စံပယ်ဖြူတို့၏ သွေးရူးသွေးတန်းနိုင်သော အသံ တွေ အိမ်ကြီးထဲမှာ ညံညံစီ၍ သွားသည်။

မြတ်သောတို့လည်း အလန့်တကြားဖြင့် အိပ်ချင်ဟန်ဆောင် နေကြရာမှ ဝေါက်ခနဲ ထထိုင်လိုက်ကြသည်။

ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့လည်း ကျယ်လောင်သော အသံကြီးနှင့်အတူ အခန်းထဲမှ အရာဝတ္ထုမှန်သမျှ အငြိမ်ရှိမနေပဲ ယိမ်း ထိုးလှုပ်ခါနေကြသည်။

"ဟာ. . ငလျင်လှုပ်တာလား၊ ဘာဖြစ်တာလဲ အောင်ကို"

"မသိဘူး၊ လာ. . ငါတို့ပါ ပြေးကြမယ်လေ"

"ဝုန်း. . ချလွမ်. . ခလွမ်"

ပြတင်းတံခါးချပ်တွေ တဝုန်းဝုန်းနှင့် ယိမ်းထိုးပွင့်ထွက်ကာ မှန်တွေ ကျကွဲကုန်၏။ လျှပ်စီးအလင်းတန်းလို အလင်းရောင်တွေက ဝန်းကျင်တစ်ခွင်လုံးကို ထင်ထင်ရှားရှား မြင်နေရ၍ သုံးယောက်သား မျက်လုံးတွေ အဆမတန် ပြူးကျယ်ဝိုင်းစက်သွားသည်။ လင်းခိုင်ခမျာ ကြောက်လွန်း၍ နတ်ဝင်သည်တစ်ယောက်လို တုန်ခိုက်လာကာ သေး တွေပင် တပြန်းပြန်း ထွက်ကြကုန်၏။

"မြတ်. . မြတ်သော. . ဟိုမှာ လူ. . လူတွေ အများကြီး ပြေး နေကြတယ်၊ ငါ ကြောက်တယ်. . ကမ္ဘာကြီး ပျက်ပြီလား မသိဘူး၊ အီး. . ဟီး. . ဟီး. . ငါ. . ငါ မသေချင်သေးဘူး၊ ငါ့ကို ကယ်ပါ"

အငိုသန်သော လင်းခိုင်. . . ကြောက်လွန်း၍ ကလေးတစ် ယောက်လို ဟီးချင်းချလေသည်။ မြတ်သော လင်းခိုင်ကို အားပေးနှစ် သိမ့်သည့် အနေဖြင့်. . .

"ဘာမှ မကြောက်နဲ့ လင်းခိုင်၊ ဒီနေရာဟာ ဘယ်လိုနေရာ လဲဆိုတာ ငါ သဘောပေါက်သွားပြီ၊ ငါတို့သုံးယောက်စလုံး စိတ်နယ် လွန်အရပ်ကို ရောက်နေကြတာလည်း ဖြစ်နိုင်တယ်"



"ဘယ်လို စိတ်နယ်လွန်အရပ် ဟုတ်လား၊ အဲဒါ ဘယ်နေရာ ဆဲ ငါတော့ နားမလည်ဘူး"

"ဒီအချိန်မှာ မင်းနားလည်ဖို့ ငါ မရှင်းပြနိုင်သေးဘူး၊ အောင်ကို အခုချိန်မှာ ငါတို့ လုပ်ရမှာက ဒီအခန်းထဲက အမြန်ဆုံးထွက်မယ်၊ ပြီးရင် ဦးဘမောင်တို့ရဲ့ ရတနာပစ္စည်းတွေထားတဲ့အခန်းကို သွားကြမယ် မြန်မြန်လာ"

မြတ်သော သူ့ကျောပိုးအိတ်ကိုကောက်လွယ်ပြီး အရှေ့မှ ထွက်သွားသဖြင့် အောင်ကိုနှင့် လင်းခိုင်လည်း သူတို့ ကျောပိုးအိတ်တွေ ကိုယ်စီကောက်လွယ်ပြီး မြတ်သောနောက်မှ လိုက်ခဲ့လိုက်သည်။

အိမ်ကြီးက ယိမ်းထိုးလှုပ်ခါနေသဖြင့် လဲမကျစေရန် သတိနှင့် လျှောက်နေကြရ၏။ နံရံမှာ ချိတ်ဆွဲထားသော မီးဆိုင်းတွေသည် အပို့ အော်ယိမ်းကသလို ဟိုဟိုဒီဒီ ယိမ်းထိုးနေကြ၏။ ပစ္စည်းတွေ လေထဲမှာ ဝဲပျံနေကြ၏။ အိမ်ကြီး၏ သွေးပျက်ချောက်ချားခြင်းတွေသည်. . . သုသာန်တစပြင်လို အကျည်းတန်ရုပ်ဆိုး၍နေ၏။

"အောင်ကိုသတိထား၊ လေထဲမှာ ဝဲနေတဲ့ပစ္စည်းတွေ မင်းတို့ ကို လာမထိစေနဲ့"

သုံးယောက်သား ဦးဘမောင်၏ ရတနာခန်းရှိရာသို့ ယိမ်းထိုး နေသော ကြိုးတံတားပေါ် လျှောက်ရသလို ခက်ခက်ခဲခဲနှင့် လျှောက် လာခဲ့ကြ၏။

"အောင်ကို ငါတို့ ကျောပိုးအိတ်ထဲကို ဒီရတနာတွေ ဆန့်သ လောက် ထည့်ကြရအောင်"

"အေးပါ ဖြစ်နိုင်ရင် ငါက ကျောပိုးအိတ် အပြည့်တင်မဟုတ် ဘူး၊ ရှိသမျှ အကုန်မသွားချင်တာကွ"

"မလိုဘူး၊ အဲလောက် လောဘမတက်နဲ့၊ ခုဟာက ဦးဘမောင် ကိုယ်တိုင်က သူ့သမီးတွေနဲ့ လက်ထပ်ပြီးရင် ဒီဟာတွေ ငါတို့ပိုင်ပြီ


www.burmeseclassic.com

www.burmeseclassic.com


လို့ ပြောခဲ့တာ၊ ခု ငါတို့က သူ့သမီးတွေကိုယူဖို့ သဘောတူ ခေါင်းညိတ်လိုက်ပြီဆိုတော့ ဒီရတနာတွေကို ငါတို့ နည်းနည်းယူသင့်တယ်"

ရတနာတွေထားသည့် အခန်းရှေ့အရောက် မြတ်သော တံခါးကို စိတ်လောကြီးစွာ တွန်းဖွင့်လိုက်သည်။ တံခါးပွင့်သည်နှင့် မျက်စိထဲ မြင်မြင်သမျှအရာတွေကို ကျော်ပိုးအိတ်ထဲ ကောက်ထည့်ကြ၏။

"ကဲ. . ဒီလောက်ဆို ရပြီကွ၊ ဒါ ငါတို့နစ်နာကြေးလို့ သဘောထားပြီး ယူတာမို့ စိတ်သန့်ဖို့တော့ လိုတယ်ကွ"

"သန့်တယ်၊ သန့်လွန်းလို့ တစ်ဖက်ကမ်းတောင် လွန်နေသေးတယ်၊ မင်းတို့ထက် ငါက ပိုနစ်နာတာကွ၊ ယူချင်းယူ ငါကတောင် ပိုယူရဦးမှာ"

ကျော်ပိုးအိတ်ထဲတင်မက ဘောင်းဘီအိတ်ထဲတွေ အင်္ကျီရင်ဘတ်ကြားထဲတွေပါ ရတနာပစ္စည်းတွေကို သေပြေးရှင်ပြေးကောက်ထည့်နေသော လင်းခိုင်၏ လောဘတွေက အတောမသတ်ချင်။

"လင်းခိုင်. . တော်တော့. . လာ. . အချိန်မရှိဘူး လစ်မယ်"

အောင်ကို သတိလှမ်းပေးနေတာတောင် တွေ့သမျှ လက်စွပ်တွေ သူ့လက်ဆယ်ချောင်းမှာ အပြည့်စွပ်နေသေးသည်။ ဘယက်တွေနှင့် ရွှေဆွဲကြိုးတွေကလည်း လည်ပင်းမှာ ဆယ်ကုံးထက် နည်းပုံမပေါ်။

လင်းခိုင့်ပုံစံက ရယ်စရာပင် ကောင်းနေ၏။ အလကားရလျှင် ရေတောင် အသေသောက်မည်ဆိုသော စကားလိုပင် အလကားရလျှင် လည်ပင်းပြတ်ကျအောင်ကိုယူမည့် လင်းခိုင်၏ လောဘက အတောမသတ်ချင်။ အိမ်ကြီး၏ ပြင်ပမှာ လူတွေ(မိန်းမတွေ) ဝရုန်းသုန်းကားပြေးလွှားအော်ဟစ်နေကြသည့်အသံကြီးမှာ ငရဲခန်းထဲရောက်နေသလိုပင်။ ထိုနေရာတွင် ကြာကြာဆက်နေ၍ မသင့်တော့သဖြင့် မြတ်သော လင်းခိုင်လက်ကို ဖျတ်ခနဲ လှမ်းဆွဲရင်း. . .

"လင်းခိုင် တော်တော့၊ မင်းလောဘကြောင့် အားလုံး မသာပေါ်ကုန်မယ် မြန်မြန်လာ၊ မင်းယူထားတဲ့ ရတနာတွေနဲ့တင် မင်းနောက်ထပ် မိန်းမအယောက်တစ်ရာ ယူလို့ရသေးတယ်"

"အမ်. . ထွီ. . မယူဘူး၊ လျှာမှာကွ လျှာမှာ၊ ဒီသောက်မိန်းမတွေ လှည့်ကိုမကြည့်ဘူး"

မြတ်သော ဆွဲခေါ်ရာသို့ ယက်ကန်ယက်ကန် လိုက်လာရင်း မိန်းမတွေကို ရွံမုန်းကြောင်း တတွတ်တွတ် ပြောလာ၏။ အိမ်ကြီး၏ အပြင်ဘက်ကို ရောက်သည်နှင့် သေပြေးရှင်ပြေး ပြေးနေရသော သုံးယောက်စလုံး၏ ခြေလှမ်းတွေသည် အုံဩမှင်တက်ခြင်းတွေဖြင့် တုံ့ခနဲ ရပ်သွား၏။

မြင်ရသော မြင်ကွင်းမှာ လုံးဝ ယုံနိုင်ဖွယ်မရှိ. . ဦးဘမောင်၊ ဇလပ်ဖြူ၊ စံပယ်ဖြူတို့၏ ရုပ်သွင်သဏ္ဌာန်ပင်လျှင် အိုမင်းရင့်ရော်ခြင်းမဟုတ်၊ တခြားသော ရွာသူတွေပါ အရင်လို နုပျိုခြင်း အလျှင်းမရှိပဲ အဖွားအိုများ သဏ္ဌာန်ဖြင့် အင်မတန်နက်သော တွင်းနက်ကြီးဆီသို့ ခုန်ဆင်းရန် အလှည့်ကျ စီတန်းနေကြ၏။ တစ်ယောက်ပြီးတစ်ယောက် ခုန်ဆင်းနေသော တွင်းနက်ကြီးထဲမှာ အော်ဟစ်ညည်းတွားသံတွေသည် မြတ်သောတို့ သူငယ်ချင်းသုံးယောက်ကို မှင်တက်သွားစေ၏။

တွင်းနက်ကြီးထဲကို ခုန်ဆင်းကြသလို ပြန်တက်လာသူတွေကလည်း ဘာမှမဖြစ်ကြသလို ယခင်အတိုင်း ပြန်၍နုပျိုသွားကြသည်။

သမရိုးကျမဟုတ်သော ထူးဆန်းသည့်မြင်ကွင်းကြောင့် အောင်ကိုနှင့် လင်းခိုင် ငယ်သံငယ်ရင်းပါအောင် အော်လိုက်ကြသည်။ သူတို့၏ အော်သံကြောင့် တွင်းထဲမှပြန်တက်လာသော ဇလပ်ဖြူနှင့် စံပယ်ဖြူတို့မှာ သူတို့ကို မြင်သွားသည်။

"မသွားကြပါနဲ့ ပြန်လာကြပါ၊ ကျွန်မတို့ကို မထားခဲ့ပါနဲ့"

အဖွားအိုပုံသဏ္ဌာန် မဟုတ်တော့ပဲ အရင်လို ပျိုမြစ်သောအရွယ် ပြန်ဖြစ်သွားကာ မြတ်သောတို့နောက်ကို ပြေးလိုက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တခြားမိန်းမပျိုတွေပါ ကွင်းထဲမှ တက်လိုက်လာကြသဖြင့် မြတ်သောတို့ ခြေဦးတည့်ရာသို့ ခြေကုန်သုတ်ပြီး ပြေးကြတော့သည်။

"အောင်ကို၊ လင်းခိုင် နောက်ကို လုံးဝလှည့်မကြည့်နဲ့၊ ပြေး . . ပြေး . . အဲဒါ လူတွေမဟုတ်ဘူး၊ ပြိတ္တာတွေကွ . ."

သူတို့သုံးယောက်နောက်ကို လိုက်လာသော မိန်းမအုပ်ကြီးမှာ နည်းနည်းနောနောမဟုတ်။

ပြေးရင်းပြေးရင်းနှင့် ခြေကုန်လက်ပန်းတွေ ကျလာကြသည်။ ရုတ်တရက် အသိအာရုံထဲ တိုးဝင်လာကြသည်က ဗုဒ္ဓ၏ ဂုဏ်တော်ပင် ဖြစ်သည်။ ထို့ကြောင့် ကူကယ်ရာမဲ့နေသော စိတ်အစဉ်တွေကို ဗုဒ္ဓထံသို့ ဦးညွှတ်လိုက်ကြသည်။ လောကမှာ အတုမရှိ ကိုးကွယ်ရာသည် ဗုဒ္ဓဟူသော အသိစိတ် ဝင်လာပြီးသည်နှင့် ပြင်းထန်သော လေပွေကြီး တစ်ခုသည် သူတို့သုံးယောက်ဆီသို့ တဝေါဝေါဖြင့် ညာသံပေးလျက် တိုးဝင်လာသည်။ ခန္ဓာကိုယ်တို့သည် တိမ်မျှင်တွေလိုဖွာလျက် သစ်ရွက်တွေလို လွင့်မျောကုန်ကြသည်။

"အား . . မြတ်သော . . အောင်ကို ငါ့ကိုကယ်ပါဦး"

"လင်းခိုင် ငါ့လက်ကို ဆွဲထား"

မြတ်သော အောင်ကို့လက်ကို လှမ်းဆွဲရင်း လင်းခိုင်ကို သတိပေးလိုက်သည်။

သူငယ်ချင်းသုံးယောက် တစ်ယောက်လက်ကိုတစ်ယောက် မြဲမြဲဆုပ်ကိုင်လျက် လေပွေလုံးကြီးထဲ လွင့်ခနဲ မျောဝင်သွားလေသည်။ ထို့နောက် အသိစိတ်တို့သည် ဝေဝါးမှောင်မိုက်လျက် မြင်မြင်သမျှ အရာတို့အား မှောင်အတိကျသွားစေ၏။





# အခန်း(၁၅)

"ဟော . . သူ သတိရလာပြီ အဘိုး"

"မြတ်သော မြေးလေး"

"ကို . . ကို သတိရပြီလား"

"သူငယ်ချင်း မြတ်သော သတိရပါတော့ကွာ"

နားစည်ထဲသို့ တိုးဝင်လာသည့် အသံတွေက တစ်ယောက်တစ်ပေါက်၊ အဘိုးနှင့် အောင်ကို့အသံ၊ ပြီးတော့ ဇလပ်ဖြူ၏ အသံနှင့် လင်းခိုင်၏ ဝမ်းသာအားရအသံ။



www.burmeseclassic.com

www.burmeseclassic.com



နာကျင်မှုတွေကြားထဲမှ မျက်လုံးကို အားယူ၍ ဖွင့်ကြည့်လိုက်သည်။ ဝေဝါးသော အမြင်အာရုံထဲ ဇလပ်ဖြူ၏ စိုးရိမ်လွန်ကဲသော မျက်နှာ ခပ်ဝါးဝါးပေါ်လာသည်။

ရုတ်ခြည်းဆိုသလို မျက်နှာပျက်သွားပြီး ကိုယ့်ကို ငုံ့မိုးကြည့်နေသော ဖြူ့ကို အလန့်တကြားကြည့်လိုက်ပြီး. . .

"ဟင်. . သွား. . မင်း ဖြူမဟုတ်ဘူး၊ ငါ့ချစ်သူ မဟုတ်ဘူး မကောင်းဆိုးဝါးတွေ၊ သွား. . လာမပတ်သက်ကြနဲ့၊ ငါ့အနားက ထွက်သွား"

အသံကျယ်ကြီးဖြင့် အော်ဟစ်နှင်ထုတ်လိုက်သော မြတ်သော၏ စိမ်းတောက်သော ရန်လိုစွပ်စွဲမှုတွေကြောင့် ဇလပ်ဖြူမျက်နှာလေး အိုဆင်းသွားပြီး. . .

"ကိုအောင်ကို သူ ဘာဖြစ်တာလဲဟင်၊ ဖြူ့ကို ဘာလို့ အဲ့လို ပြောရတာလဲ"

အောင်ကိုနှင့် လင်းခိုင် သက်မကိုယ်စီ ချလိုက်သည်။ ကိုယ်တွေ့ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်တွေက ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ်ကြီး ရှိသေးတာပဲ၊ သုံးယောက်သား ထိုအဖြစ်အပျက်ကြီးထဲမှ လွတ်မြောက်လာတော့ မြတ်သောတစ်ယောက်သာလျှင် သတိမေ့မြောနေခဲ့ခြင်း ဖြစ်သည်။

အောင်ကိုနှင့် လင်းခိုင်က နှစ်နာရီခန့်စောပြီး ပြန်သတိရကြသည်။

အဖြစ်အပျက်ကြီးတွေက သွေးပျက်လွန်း၍ နှစ်ယောက်သား ဘယ်သူ့ကိုမှ မပြောမိပဲ ကြောင်စီစီ ဖြစ်နေကြတုန်း. . .

"ကိုလင်းခိုင် ဖြေကြပါဦး သူဘာဖြစ်နေတာလဲ"

"ကျွန်တော်တို့ ကြုံခဲ့ရတဲ့ ဖြစ်စဉ်ကြီးထဲမှာ ဖြူနဲ့ သိပ်တူတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ခဲ့တယ်၊ ဒါပေမယ့် အဲ့ဒါဟာ ဖြူ





မဟုတ်ဘူးဆိုတာ ကျွန်တော်တို့နှစ်ယောက်သိပေမယ့် သူက မသိသေးဘူး၊ အဲ့ဒီမှာ လူတွေလိုအယောင်ဆောင်ထားတဲ့ အကောင်းဆိုးဝါးတွေနဲ့ ပြည့်နှက်နေတယ်၊ ဒါကို ကျွန်တော်တို့ လုံးဝမရိပ်မိပဲ သူတို့အရိုက်ကိုခို သူတို့ကျွေးတဲ့ အစားအသောက်တွေကို စားခဲ့ကြရတယ်၊ ပြန်တွေးကြည့်ရင် အော်ဂလီ ဆန်စရာပါဗျာ"

"ဟုတ်တယ် ဖြူ၊ သူဆိုရင် မျောက်မနဲ့လည်း ကျူးလွန်ခဲ့တယ်၊ အဲ့ဒီရွာက ကြိုးကြာဆိုတဲ့ ကောင်မလေးနဲ့လည်း ဟိုဒင်းဟိုဟာ မပြောချင်တော့ပါဘူးဗျာ"

"ဟေ့ကောင်. . မင်း မပြောချင်တာကလည်း အကုန်ပြောပြီးသလောက်ပဲကွာ၊ တော်. . တော်. . ဆက်မပြောနဲ့တော့၊ မြတ်သောကိစ္စကိုပဲရှင်း၊ အဲ့ဒီ လင်တရွာရွာအကြောင်း မပြောနဲ့တော့"

"လင်းခိုင် မင်း ဒီစကားသွားပြောမနေနဲ့လေ၊ သူတို့ လူမဟုတ်ဘူး"

သွေးရူးသွေးတန်းဖြစ်နေသော မြတ်သော၏ မျက်လုံးတွေသည် နောက်ကျောမလုံသူလို ဟိုကြည့်ဒီဝေ့ဖြင့် ဂနာမငြိမ်။

"မြေးတို့ ဘာတွေပြောနေကြတာလဲ၊ ဘယ်က လင်တရွာရွာလဲ"

တစ်ယောက်တစ်မျိုး ပြောနေကြသော စကားတွေသည် တစ်ယောက်တစ်ပေါက်နှင့် ဘယ်လိုမှနားမလည်နိုင်။

"ဟို မိုင်တိုင်ခုနစ်မှာရှိတဲ့ ခနောက်စိမ်းရွာလေ၊ အဲ့ဒီရွာ တော်တော်ဆိုးတယ်၊ မိန်းမလှတွေလို ဟန်ဆောင်ထားပြီး အားလုံးက အဖွားကြီးတွေ"

"ကျွန်တော်တို့ သိရသလောက်ကတော့ စေတီပျက်ကြီးမှရှိတဲ့ ကြာကန်ရေကို သောက်မိလို့လို့ အဲ့ဒီရွာက ယဉ်နန်းပြောတာ"

"ယဉ်နန်း ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့အဖိုး"

"အင်း အဖြစ်အပျက်တွေက တော်တော်လေးကို ထူးဆန်းနေပါလား၊ တကယ်တော့ မင်းတို့ပြောတဲ့ မိုင်တိုင်ခုနစ်က ရွာမှမရှိတာ"

"ဗျာ. . အဖိုး၊ အဲဒီမှာ ရွာမရှိဘူး ဟုတ်လား"

ကိုယ်ထင်ထားသော အတွေးမှန်နေ၍ မြတ်သော သံသယတွေ ပို၍ကြီးထွားလာသည်။

"ဒါဆို အဲဒီနေရာမှာဘာရှိလဲ"

"သင်္ချိုင်းအဟောင်းကြီးရှိတယ်၊ အဲဒီနေရာက အရမ်းနယ်မြေကြမ်းတယ်၊ လူသွားလူလာနည်းတယ်၊ ငါ့မြေးတွေကျမှပဲ အဲဒီနေရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားရတယ်လို့၊ ဘာပဲဖြစ်ဖြစ် ခုလို အသက်ရှင်လျက်နဲ့ ပြန်လာကြတာကိုပဲ ကံကြမ္မာကို ကျေးဇူးတင်ရမှာကွ"

"ဒါဆို ဖြူက ခနောက်စိမ်းရွာက ဖြူမဟုတ်ဘူးပေ့ါ၊ ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်တွေ အဲဒီရွာက လွတ်မြောက်လာကြပြီပေ့ါ၊ ဟုတ်လား အဖိုး"

"ဖြူက ကိုယ့်ချစ်သူအစစ် ဖြူပါ အစ်ကိုရယ်"

"ဟမ်း. . အစ်ကို အစ်ကိုလို့ မခေါ်နဲ့၊ ဟိုရွာသူ မကောင်းဆိုးဝါးတွေကလဲ အစ်ကိုလို့ခေါ်တယ်"

ချစ်သူ၏ မယုံကြည်နိုင်သေးသော သံသယတွေကြောင့် ဖြူ ခပ်ဖျော့ဖျော့ ပြုံးလိုက်သည်။

"ကျွန်တော်တို့ရောက်နေတာ တကယ့်လူတွေနေတဲ့ ပတ်ဝန်းကျင်ပါနော်"

မြတ်သောအမေးကြောင့် အဖိုးရယ်သည်။

"တကယ်ပတ်ဝန်းကျင်ပေ့ါ မြေးရယ်၊ တော်ကြာနေဆိုရင် မင်းမိဘတွေနဲ့ မင်းရဲ့ဒွေးလေး လာကြလိမ့်မယ်"





"ဒါနဲ့ဖြူက ဒီကို ဘယ်လိုရောက်နေတာလဲ"

"အဖိုးက ကို့မိဘတွေဆီ အကြောင်းကြားတော့ ဖြူပါစိတ်ပူပြီး လိုက်လာတာပေ့ါလို့"

နှုတ်ခမ်းလေးစူထွေးကာ သံသယမကင်းသေးသော မြတ်သောကို ရှင်းပြရှာသည်။

"ကိုယ့်ဖုန်းရော"

"ရှိတယ်လေ ဒီမှာ"

လက်ကိုင်အိတ်ထဲမှဖုန်းကို ဖြူထုတ်ပေး၏။ ချစ်သူကို ဘာလုပ်ဦးမလဲဟူသော အရိပ်အကဲဖမ်းသောအကြည့်ဖြင့် အကဲခတ်၏။

ဖုန်းထဲမှာ ရိုက်ကူးခဲ့သော ဗီဒီယိုဖိုင်ကို မြတ်သော အရင်ဆုံး ဖွင့်လိုက်သည်။ မြတ်သော စိတ်တွေ လှုပ်ရှားနေသည်။

အရင်ဆုံး စကားပြောသံနှင့် လှုပ်ရှားသံတွေ ပေါ်လာသည်။ မြတ်သော မိဘတွေနှင့် ဒွေးလေးပါ ရောက်လာသည်။

ခုတင်ထက်မှာထိုင်ကာ ဖုန်းခလုတ်တွေနှိပ်နေသော မြတ်သောကို မြင်တော့ ဝမ်းသာသွားကြသည်။

"သား သတိရလာပြီလား"

"အမလေး တူလေးရယ်၊ မသေကောင်းမပျောက်ကောင်း၊ ဒွေးလေးမှာလေ၊ ငါ့တူလေး ခုထိသတိမရနိုင်သေးတာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လားလို့ တွေးပြီး. . ရွာတောင်ပိုင်းက ပယောဂဆရာနဲ့တောင် ခေါ်ကုတော့မလို့"

အမေနှင့်ဒွေးလေး မြတ်သောနား ဝင်ထိုင်ကြသည်။ အဖေကတော့ ဘာစကားမှမပြောပဲ ပြုံးပြုံးကြီးလုပ်လျက် မြတ်သော ဘာလုပ်နေလဲဟု အကဲခတ်နေသည်။

"တွေ့လား အဘိုးနဲ့ အဖေတို့ အမေတို့၊ ခု ဖုန်းထဲမှာ မြင်နေရတဲ့နေရာက သားတို့ရောက်ခဲ့တဲ့ နေရာပဲ၊ ခနောက်စိမ်းရွာဟာ ဆေး



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ဦးဘမောင်ရဲ့ အိမ်ပေါ့"

"ဟင်. . ဆေးဆရာကြီး ဦးဘမောင် ဟုတ်လား"

"ဟုတ်တယ် အဲဒီအိမ်မှာ ကိုယ်တို့ တည်းကြတယ်၊ ဆေးဆရာကြီးရဲ့ သမီးနှစ်ယောက်ထဲမှာ ဇလပ်ဖြူဆိုတဲ့ တစ်ယောက်ရှိတယ်"

ဖြူ ပို့ရှ်ပင် အံ့ဩသွားဟန်ဖြင့် မြတ်သောဖုန်းထဲမှာ ပေါ်နေသောနေရာကို ဖျတ်ခနဲ ကြည့်လိုက်သည်။ ဖြူ့မျက်နှာပေါ်မှာ မယုံကြည်နိုင်ခြင်းတွေ၊ အခြေအနေကို မသုံးသပ်တတ်နိုင်ခြင်း၊ နားမလည်နိုင်သော ထင်မြင်ချက်တွေဖြင့် ရှုပ်ထွေးညိုမှောင်သွားသည်။

"ဟော့ဒီမှာကြည့်၊ ဒီမိသားစုပုံထဲမှာ ဖြူ့မျက်နှာနဲ့ ခွဲမရအောင်တူတဲ့ပုံပါတယ်"

ဦးဘမောင်အိမ်မှ ဖုန်းဖြင့်ရိုက်ယူခဲ့သော ပန်းချီကားကို ဖြူ့ရှေ့သို့ ထိုးပြလိုက်သည်။

"ဟင်. . ဒီ. . ဒီပုံက အဲဒီနေရာမှာလည်းရှိတယ်၊ အို ဘုရားရေ. . . ဖြူတော့ ဘယ်လိုနားလည်ရမှန်းတောင် မသိတော့ဘူး"

လှုပ်လှုပ်ရှားရှားဖြစ်နေသော ဖြူ့ကို မြတ်သော အဖြေရှာသည့် အကြည့်ဖြင့် ကြည့်လိုက်ပြီး. . .

"ဒီပုံကို ဖြူ မြင်ဖူးလို့လား"

"အင်း မြင်ဖူးရုံတင် ဘယ်ကမလဲ၊ ဒီပုံထဲက လူတွေက ဖြူ့မိသားစုတွေ၊ ဒါပေမယ့် ဖြူ မမြင်ဖူးလိုက်ပါဘူး၊ ဖြူ လူ့လောကထဲ မရောက်ခင် ပဝေသဏီထဲက ကားမှောက်ပြီး ဆုံးသွားကြတာတဲ့၊ အဲ့ဒါ ဖြူ့အဖိုးအဖွားနဲ့ အဒေါ်တွေလေ၊ ဖြူ့မေမေက ဖေဖေနဲ့ လက်ထပ်ပြီး တစ်မြို့တစ်ရွာရောက်နေလို့ ဒီပုံထဲမှာမပါဖြစ်တာ၊ အဲဒီလိုပုံမျိုး ဖြူ့အဖွားအိမ်ကဧည့်ခန်းမှာ ခုထိရှိနေတုန်း"

"အို့. . ကံကြမ္မာက ဆန်းကြယ်လိုက်တာ မြေးရယ်၊ အဖိုးအသက် ရှစ်ဆယ်ရှိပါပြီ၊ ဒီလို ထူးဆန်းနက်နဲတဲ့ အဖြစ်ဆန်းမျိုးတွေ





မကြုံဖူးခဲ့ပါဘူး၊ လူတွေဟာ သေပြီးရင် တမလွန်ရောက်ကြတယ်၊ လမ်းခွဲအသီးသီး ရှိတဲ့အနက် ကိုယ်နဲ့ဆိုင်ရာဆိုင်ရာ လမ်းကြောင်းတို ဆက်လျှောက်ကြရတယ်၊ ခုလိုဘုံသားတွေ ရှိတယ်ဆိုတာ ကြားဖူးပေမယ့် လက်တွေ့မှာ ဒီလိုဘုံသားတွေနဲ့ ဆက်နွယ်မှု မရှိခဲ့ဖူးဘူး၊ အင်း အဝိဇ္ဇာ၊ တဏှာ၊ သင်္ခါရ သဘောတွေကို မလွန်ဆန်နိုင်သ၍ ဝဋ်ကြွေးတွေကို ရှင်သန်ခိုင်းနေတုန်းပါပဲလား"

ညည်းတွားခြင်း တရားသဘောနှင့် သံဝေဂရနေသော အဖိုးထံမှ သက်မချသံ ခပ်ပြင်းပြင်း ထွက်လာသည်။ အားလုံး အံ့ဩလွန်း၍ ဘာစကားမှ မဆိုနိုင်ကြ။

"ဒီ့ထက်ပိုပြီး အံ့ဩစရာကောင်းတာက ဖြူ့အမေရဲ့အောက်မှာ အမွှာညီအစ်မ ရှိသေးတယ်တဲ့"

"ဒါဆို ဖြူနဲ့တူတဲ့နှစ်ယောက်က ဖြူ့ရဲ့ အဒေါ်တွေပေါ့ ဟုတ်လား"

"ဟုတ်မယ် အဲဒီအဒေါ်နှစ်ယောက်စလုံး အက်စီးဒင့်ဖြစ်တဲ့ထဲမှာ ပါသွားတယ်၊ မေမေပြောဖူးတာတော့ ဖြူက ဆုံးသွားတဲ့ အမွှာညီအစ်မထဲက တစ်ယောက်ဝင်စားတာတဲ့"

အားလုံး၏ မျက်နှာပေါ်မှာ မယုံကြည်နိုင်လောက်အောင် ထူးဆန်းသည့် အဖြစ်အပျက်ကြီးအပေါ် သံသယမရှိ လက်ခံကြပုံဖြင့်. . .

"ဒါဆို သားရောက်ခဲ့တဲ့ စိတ်နယ်လွန်အရပ်မှာ သမီးဖြူ့ရဲ့ ဆွေမျိုးတွေနဲ့ တွေ့ခဲ့တာပေါ့"

အဖေ့အမေးကို မြတ်သောရောဖြူရော ခေါင်းညိတ်ဖြေလိုက်သည်။ ဖြူ့မျက်လုံးအိမ်မှာ မျက်ရည်တွေ ဝေ့တက်လာ၏။

"လူနာသတိရပြီလား၊ သွေးပေါင်ချိန်ရအောင်"

အခန်းထဲဝင်လာသော နာ့စ်လေးကြောင့် မြတ်သောတို့ သူငယ်ချင်းသုံးယောက် ပါးစပ်အဟောင်းသားဖြစ်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com

"ဟင်. . ယဉ်. . ယဉ်နန်း၊ မင်း ယဉ်နန်းမဟုတ်လား"

လင်းခိုင်၏ တအံ့တသြ မေးသံကြီးနှင့် ပြူးကျယ်သွားသော မျက်လုံးအစုံကြောင့် နဒ္ဓစ်ကလေးမှာ ကြောင်စိစိဖြစ်သွားကာ. . .

"ကျွန်မက ယဉ်နန်းမဟုတ်ပါဘူး ခင်နန်းပါ၊ ရှင်တို့က ယဉ်နန်းကို သိလို့လား"

"သိတယ် သိတာပေါ့၊ အီး. . အောင်ကို ငါတို့တော့ ရှုံးရင်ရှုံး မရှုံးရင် ထူးပြီပဲကွာ၊ ဘယ့်နှယ်ကြောင့် တမလွန်ဘုံသားတွေနဲ့ အမျိုး လာစပ်ပြနေမှန်းကို မသိတော့ဘူး၊ သူလည်း ယဉ်နန်းနဲ့ အမျိုးတော် ပြန်ပြီ ထင်တယ်ကွာ၊ လောကကြီး တော်တော်မလည်မရှုပ်နိုင်တာပဲ"

လင်းခိုင်မျက်နှာမှာ ရှုံ့မဲ့စွာဖြင့် ခင်နန်းဆိုသော နဒ္ဓစ်ကို ရည်ရွယ်ပြီးပြော၏။

"ဟုတ်တယ်မြေး. . ဒီနဒ္ဓစ်ကလေးက မြေးတို့ ဟိုမှာတွေ့ခဲ့တဲ့ ယဉ်နန်းရဲ့အစ်မ ခင်နန်းတဲ့၊ သူတို့လည်း ဘောဂရှာသူတွေပဲ၊ ယဉ်နန်းက ပိုးထိပြီးဆုံးတာ ကြာပြီလေ"

နဒ္ဓစ်ခင်နန်း သွေးပေါင်ချိန်ဘူးကို မြတ်သောနားချလိုက်ပြီး သူပါ မြတ်သောတို့ အထုံးဖြည်စကားဝိုင်းထဲသို့ မဖိတ်ခေါ်ပဲ ဝင်လာပြန်သည်။ ယဉ်နန်းဆိုသော ညီမလေးနာမည်ကို ကြားလိုက်၍ ဖြစ်သည်။

ထို့နောက် မြတ်သောလည်း ရှုပ်ထွေးမှုတွေကြားထဲမှ ယဉ်နန်းအမှာတော်ပါးလိုက်သည့် စကားကို ခင်နန်းကို ပြန်၍ ပြောပြလိုက်သည်။

ခင်နန်း ရှိုက်ကြီးတငင်ဖြင့် ကြူကြူပါအောင် ငိုလေတော့သည်။

သူချစ်သော ညီမလေးက ဒီလို မကျွတ်မလွတ်နိုင်သေးသည့် ဘုံဘဝမှာ ဝဋ်ကြွေးတွေ ခံနေရသည်တဲ့လား။





သနားစရာ ကောင်းလိုက်တာဟု ခပ်တိုးတိုး ငိုရှိုက်ညည်းတွား နေသော ခင်နန်းကိုကြည့်ပြီး အားလုံး စိတ်မကောင်း ဖြစ်ပေးကြရုံ ကလွဲပြီး ဘာမှမတတ်နိုင်ကြ။




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

"ငါ တော့ ရန်ကုန်ရောက်ရင် တမလွန်ကို အလည်သွားတုန်းက အတွေ့အကြုံတွေကို တမလွန်ရောက် အလွမ်းဆိုပြီး စာတမ်းပြုစုရမယ်"

အရိပ်ကောင်းသော သခွပ်ပင်ကြီးအောက်ရှိ ကွပ်ပစ်ပေါ် ခြေပစ်လက်ပစ် လှဲအိပ်နေကြသည်။ ဆိုင်းမဆင့်ဘုံမဆင့် ပြောလိုက်သော လင်းခိုင်စကားကြောင့် ထမင်းစားပြီးစ စကားလုံးစီနေသော မြတ်သော မျက်လုံးပွင့်လာသည်။

"ဘာလဲ မင်းက ဘယ်သူ့ကို လွမ်းတာလဲ၊ မျောက်မကို လွမ်းတာလား၊ ဒါမှမဟုတ် ကြိုးကြာတို့ ညီအစ်မကို လွမ်းတာလား"

ရွဲ့ပြီးမေးလိုက်သော မြတ်သောအမေးကို အရင်ကလို မခံမရပ်နိုင်ပုံစံဖြင့် မတုံ့ပြန်တော့ပဲ တဟားဟားအော်ရယ်ကာ. . .

"အေးကွာ. . ငါ့မှာတော့ တကယ့်လူပျိုရည် ပျက်ပါပြီဆိုပြီး သွေးပျက်လိုက်ရတာ၊ ခုမှပဲ မေမျောက်ကိစ္စ ရုတက်မအေးတာ ပျောက်တော့တယ်"

"ဒါဆို ကုန်ခမ်းသွားပြီဆိုတဲ့ မင်းကိုယ်ထဲက ကိလေသာပိုးတွေ ပြန်ရှထလာပြီပေါ့ ဟုတ်လား၊ ဘုန်းကြီးလည်း ဝတ်မယ့်ရုပ် မဟုတ်တော့ပါဘူး"

"မင်းကလည်း စိတ်နယ်လွန်အရပ်မှာ ဖြစ်ခဲ့တာတွေက တကယ်မှ မဟုတ်တာ"

"ငါကတော့ တကယ်လို့ထင်တယ်၊ တကယ်မို့လို့လဲ ငါ့ဖုန်းထဲမှာ ပန်းချီကားတွေနဲ့ မစ္စတာဂျိမ်းစဘွန်းကြီး ဦးလှတင်ရဲ့ပုံ ပါလာတာပေါ့ကွ၊ တော်သေးတာပေါ့ မင်းက ယောကျ်ားဖြစ်နေလို့ မိန်းကလေးသာဆို ခုလောက်အခြေအနေမှာ ပျို့အန်နေလောက်ပြီ"

"ဟင်. . ဘာကြောင့် ပျို့အန်ရမှာလဲ"

"ကိုယ်ဝန်ရှိသွားလို့လေ"

"ဟာ. . ခွီးတဲ့မှပဲ ယောကျ်ားလေးက ကိုယ်ဝန်ရှိစရာလားကွ"

"ပြောလို့ရမလား၊ အာနိုးတောင်မှ သူကိုယ်တိုင် ကိုယ်ဝန်ရှိတဲ့ကား ရိုက်ထားသေးတာပဲ၊ ကြိုးကြာဆိုတဲ့ကောင်မလေး ဟန်ဆောင်ထားတဲ့ အဖွားကြီးကရော သူ့စိတ်တန်ခိုးနဲ့ သူ့ သားအိမ်ကို မင်းကိုယ်ထဲ လက်ဆောင်အဖြစ် ထည့်ပေးလိုက်ရင် ဘယ်နှယ်လုပ်မလဲ"

မထိခလုတ်စနေသော မြတ်သောစကားကြောင့် လင်းခိုင်ရှုံ့ရှုံ့ရှားရှား ဖြစ်သွားကာ. . .

"ဟေ့ကောင် မင်းကွာ နမိတ်မရှိ နမာမရှိနဲ့၊ ဖွဟဲ့. . လွဲပါစေ







www.burmeseclassic.com

www.burmeseclassic.com



ဖယ်ပါစေ၊ ဒီကိစ္စကို ဒီနေရာမှာတင် ပြီးပါစေနော်၊ ရန်ကုန်ရောက်လို့ ကျောင်းပြန်တက်ရင် ငါ့ရည်းစားတွေကို လိုက်မဖွနဲ့၊ ဖွလို့ကတော့ မင်းအသေပဲ"

မြတ်သောကို ပြင်းပြင်းထန်ထန် သတိပေးလိုက်သဖြင့် မြတ်သော ပခုံးကို ဆတ်ခနဲတွန့်ကာ ခပ်လျှောင်လျှောင်ရယ်လိုက်သည်။

"တူလေး မြတ်သောရေ. . ဒီမှာ အမျိုးသားကြီးတစ်ဦး သားတိုပေးလိုက်ပါဆိုပြီး ဒွေးလေးကို လာပေးသွားတယ်"

အနားရောက်လာသော ဒွေးလေးလက်ထဲမှ ကတ္တီပါရှုံ့အိတ်တိုကြည့်ပြီး မြတ်သော လှမ်းယူလိုက်သည်။ ဒီရွာမှာ အဖိုးတို့ မိသားစုတလွဲ၍ မြတ်သောတို့ ဘယ်သူ့ကိုမှ သိတာမဟုတ်သဖြင့် တွေးဆဆဖြစ်သွားကာ အထုပ်ကို အမြန်ဖွင့်ကြည့်လိုက်သည်။

"ဟာ. . . ."

"ဟင်. . ဒါ. . ဒါ"

နှစ်ယောက်သား၏ မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားကာ ပါးစပ်မှ အာမေဋိတ်သံကိုယ်စီ ထွက်လာသည်။

ရှုံ့အိတ်ထဲမှာ ရှိနေတာက သုံးယောက်စလုံး ပျောက်သွားသည့် လည်သာပိုက်ဆံအိတ်သုံးလုံး. . .

"ဒွေးလေး အဲဒီလူကြီးရှိသေးလား၊ အခုဘယ်မှာလဲ"

အငမ်းမရ မေးလိုက်သော မြတ်သောအမေးကြောင့် ဒွေးလေးခေါင်းခါပြသည်။

"အဲ့ဒီလူကြီး မြန်ချက်ကတော့ ကမ်းကုန်. . နာမည်ဘယ်သူလဲလို့ မေးမလို့ အနောက်ကနေလိုက်တာ ခြံအပြင်လည်းရောက်ရောအစရှာမရတော့ဘူး"

"ဟာဗျာ ဘယ်သူလာပေးမှန်းတောင် မသိလိုက်ရဘူး"

"မြတ်သော ငါ. . ငါ့စိတ်အထင်တော့ ဦး. . ဦးဘမောင်ကြီး





များလား"

လင်းခိုင် ထင်မြင်ချက်သည် ဖြစ်နိုင်သလိုလိုတော့ ရှိ၏။

"ဒွေးလေး အဲဒီလူကြီးက ဘယ်လိုပုံစံမျိုးလဲ"

"ခေါင်းပေါင်းကြီးနဲ့ ဆေးတံနဲ့၊ မျက်ခုံးထူထူ နှုတ်ခမ်းမွေးစစတိုက်ပုံကြီးနဲ့ လူကြီးလူကောင်း ခန့်ခန့်ထည်ထည်ရုပ်ပဲ"

"ဟာကွာ. . မတွေ့လိုက်ရဘူး၊ နာတာပဲ"

လင်းခိုင် စုတ်တသတ်သတ်နှင့်. . . ထိုစဉ်. . .

"မြတ်သော. . မြတ်သောရေ ပွပြီကွ ပွပြီ၊ ဟား. . ဟား. . ဟား. . ဟား"

အော်ဟစ်ခုန်ပေါက်ပြေးထွက်လာသော အောင်ကို၏ အော်ကြီးဟစ်ကျယ် အသံကြောင့် အပေါ်ထပ်မှ အဖိုးနှင့် မြတ်သော မိဘရော ဖြူပါ ဝရန်တာမှ ထွက်ကြည့်ကြ၏။

"ဟော့. . မြေးတို့ ဘာဖြစ်နေကြတာလဲ"

"ပွပြီ. . ကျွန်တော်တို့ ပွပြီဗျ၊ အဖိုးရ"

"ဟေ. . ဘယ်နေရာက ပွတာလဲကွ၊ လေပွတာလား. . ဗိုက်ပွတာလား"

"အဲဒါတွေ တစ်ခုမှ မပွဘူး၊ သူဌေးဖြစ်မှာကို ပြောတာဗျ၊ ဟား. . ဟား. . ဟား. . တူနွယ်တူနွယ်ပြောင်၊ ကျွန်းကျွန်းမာမာ. . ချမ်းချမ်းသာသာ. . ဘေးရန်ကာဆီးမည်. . အခုချိန်မှ သူဌေးမဖြစ်ဘယ်တော့မှ မဖြစ်တော့ပါ၊ တို့ပိုင်ပြီ"

ကွေးနေအောင် ကနေသော အောင်ကိုပုံစံမှာ ရူးတာလဲမဟုတ်၊ နှမ်းတာလည်းမဟုတ်၊ သရဲဝင်ပူးတာလည်း မဖြစ်နိုင်။

"အောင်ကို ဘာအူမြူးနေတာလဲ ငါတို့ကို ပြောဦး"

မြတ်သော စကားကို အောင်ကိုအာရုံမရ၊ ကွေးနေအောင်ကနေရင်းမှ အပေါ်ထပ်ဝရန်တာမှာ ရပ်ကြည့်နေသော အဖိုးကို မော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး. . .

"အဘိုး ကျွန်တော်တို့ကို ရှာတွေ့တုန်းက ကျွန်တော်တို့ ကျောပိုးအိတ်ထဲမှာ ကျောက်ခဲတွေ အမှိုက်တွေ ပြည့်နေတာပဲဆို"

"အေးလေ. . ဟုတ်တယ်လေ၊ မင်းတို့ကျော ပိုးအိတ်ထဲမှာ ကျောက်ခဲတွေ အမှိုက်တွေ ပြည့်နေတယ် ဒါအမှန်ပဲဟာ"

"သေချာတယ်နော်"

"ဩော်. . သေချာပါတယ်ကွာ၊ မယုံရင် မင်းတို့ ဒွေးလေးကို မေးကြည့်၊ ငါက လွှင့်ပစ်မလို့ပဲ ဒါပေမယ့် မင်းတို့က ဘူမိဗေဒ ကျောင်းသားတွေဆိုတော့ ဒီကျောက်တုံးတွေ အမှိုက်တွေကို သုတေသနလုပ်မလို့များ ကျောပိုးအိတ်ထဲ သယ်လာသလားဆိုပြီး မလွှင့်ပစ်ဘဲ စတိုခန်းထဲ ထည့်ထားတာ"

"မင်းတို့အဖိုးပြောတာ ဟုတ်တယ် သားတို့ရဲ့"

"ကျေးဇူးပဲ ကျေးဇူးပဲ. . အဘိုးရာ၊ အခု အဲဒါတွေက ရတနာတွေ ဖြစ်နေပြီဗျ၊ ဝိုး. . ဝူး. . ဟူး. . ဟူး. . ဟူး"

"ဟမ်. . တ. . တကယ်လား၊ တကယ်လား. . ဟော့ကောင်"

"မယုံရင် လိုက်ကြည့်လိုက်လေ"

ဒီတော့မှ မြတ်သောနဲ့လင်းခိုင် ထိုင်ရာမှ ဝုန်းခနဲထကာ ကွပ်ပျစ်ပေါ်မှ ခုန်ဆင်းပြီး စတိုခန်းရှိရာသို့ ဝရုန်းသုန်းကား ပြေးလေသည်။ အားလုံးလည်း စတိုခန်းရှိရာသို့ လိုက်လာကြသည်။

ရတနာတွေက ကျောပိုးအိတ် သုံးလုံးနှင့်တောင် မဆန့်၊ လျှံထွက်နေသည့်မြင်ကွင်းကို မြတ်သောတို့ သူငယ်ချင်းသုံးယောက် မြင်မိကြပြီး. . .

"ဟာ. . ဟုတ်တယ် ဟုတ်တယ်ဗျ၊ ရွှေတွေ ကျောက်စိမ်းတွေ၊ လင်းခိုင် မျောက်မလင်လေး. . မင်းတို့ ငါတို့တွေ သူဌေးဖြစ်ပြီကွ"

"အဟေး. . ဟေး. . သေချာတာပေါ့ကွာ၊ ငါတို့ ကမ္ဘာပတ်ပြီး ကဲလို့ရပြီကွ. . ဟား. . ဟား. . ဟား. ."

သူငယ်ချင်းသုံးယောက် လက်ဝါးချင်းရိုက်လိုက်ကြပြီး တစ်ယောက်ကိုတစ်ယောက် ဖက်ကာ သွေးရူးသွေးတန်း စိတ်လွတ်ကိုယ်လွတ် အပျော်တွေ လွန်နေကြသည်။

အဖိုး၊ အဖေ၊ အမေ၊ ဖြူနှင့် ဒွေးလေးမှာ သူတို့မြင်နေရသော ကျောပိုးအိတ်ထဲမှ နဂိုရှိရင်းစွဲ ကျောက်ခဲတွေကို ကြည့်လိုက် တိရစ္ဆာန်ရုံကမျောက်တွေလို အော်ဟစ်ခုန်ပေါက်၍ ပျော်နေကြသော မြတ်သောတို့သုံးယောက်ကို မျက်လုံးလေး ပေကလတ်ပေကလတ်လုပ်ကာ ကြည့်လိုက်နှင့် အခြေအနေကို ဘယ်လိုနားလည်ရမှန်းပင် မဝေခွဲတတ်တော့။

"အဖေကြီးရေ၊ ရှင့်သား ဘာရောဂါတွေ ထဖောက်ပြန်ပြီလဲ"

"ဝင်္ကနာကံနာလို့ပဲ သဘောထားလိုက်ပါ အမေကြီးရယ်၊ သတ္တဝါတစ်ခု ကံတစ်ခုပေါ့"

"ဟင့်အင်း. . ကို ရူးသွားလို့ မဖြစ်ဘူးလေ အန်တီ. ."

အားလုံး စိတ်ပူနေကြသည်။

သူငယ်ချင်း သုံးယောက်ကတော့ အိပ်မက်ကိုယ်စီနှင့် စိတ်လွတ်ကိုယ်လွတ် ခုန်ပေါက်အော်ဟစ်ကာ ရက်ပါတွေလို ကခုန်နေကြ၏။

အမှန်တကယ် သူတို့မြင်နေရတာလည်း ရတနာတွေပါပဲ၊ သူတို့ သုံးယောက်ကလွဲပြီး ကျန်တဲ့သူတွေ အမြင်မှာလည်း ကျောက်ခဲတွေနဲ့ အမှိုက်စတွေပါပဲ. . .။

ဘယ်ဟာအမှန်လဲ ဆိုတာတော့. . .။

WAIHZAR







www.burmeseclassic.com